
www.burmeseclassic.com

ရွှေပုပ္ပါးစာပေ

# သိဒ္ဓိရှင်နေအေား

(ဒုတိယအကြိမ်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူအမှာ

BURMESE CLASSIC

စာရေးဆရာကျော်မြသန်းသည် ဘိုးတော်လမ်းစဉ်အမှန်အကန်ကို ရှာဖွေလေ့လာခဲ့သူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ ဘော်တိုးမည့်ဘိုးတော်အတုများကိုဖော်ထုတ်၍ ပြည်သူအများ သိရှိရှောင်ရှားနိုင်ရန် အမှန်းခံ၍ ဘိုးတော်ဝတ္ထုများရေးသားခဲ့ပါသည်။ သိဒ္ဓိရှင်နေအေးသည် မည်သို့သိဒ္ဓိရှင်ဖြစ်သည်၊ အမှန်အကန်လား အကြံအဖန်လား ဖတ်ရှု၍ ဝေဖန်သုံးသပ်ကြရန် တင်ပြအပ်ပါသည်။

စာဖတ်သူများ အကျိုးရှိစေမည့် ထူးခြားကောင်းမွန်သော စာအုပ်များကို ဆက်လက်ထုတ်ဝေသွားပါမည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

ရွှေပုပ္ပါးစာအုပ် - ( ၁ )

# သိဒ္ဓိရှင်နေမအား

ကျော်မြသန်း

ရွှေပုပ္ပါးစာပေ
တိုက်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊
ကျော[illegible]တားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၉၉၉၂၆၆၇၈, ၀၁၆-၂၂၄၇၁

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ | ၅၀၁၁၄၈၀၉၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ | ၅၀၁၂၆၂၀၀၇ |
| ထုတ်ဝေသူ | ■ | ဦးမောင်မောင်မြင့်အေး<br>(မြဲ) ၀၄၁၀၀<br>အမှတ်(၂၀၅/က)၊<br>ပိတောက်(၅)လမ်း၊<br>မြို့သစ်(၈)ရပ်ကွက်၊<br>ဘုရင့်နောင်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | မဥ္ဇူပုံနှိပ်တိုက်<br>(မြဲ) ၀၆၇၉၈<br>အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊<br>ကျောက်တံတား၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | ■ | ဦးမျိုးဝင်း၊ လမ်း(၄၀) |
| ကွန်ပျူတာစာစီ | ■ | GLORY |
| မျက်နှာဖုံးပန်းချီ | ■ | မောင်မောင်သိုက် |
| စာအုပ်ချုပ် | ■ | ပြည်ဦးဘော |
| အကြိမ် | ■ | ဒုတိယအကြိမ်<br>၂၀၀၇၊ နိုဝင်ဘာလ |
| တန်ဖိုး | ■ | [redacted] ၈၀၀/- |
| အုပ်ရေ | ■ | (၅၀၀) |


www.burmeseclassic.com

www.burmeseclassic.com



- ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ သစ္စာစကားဖြင့် မှန်မှန်ပြော။ ကံတည်းဟူသော အလုပ်ကို ရိုးသားစွာလုပ် ဝမ်းမဝ၊ ခါးမလှသည့်တိုင်၊ သိက္ခာအရိပ်၊ လွှမ်းသင်နေလိမ့်မည်ပါ။

- လိမ်လည်လှည့်ဖြား၍၊ သူတစ်ပါးအိတ်ထဲက ငွေကိုနှိုက်ယူလျှင်၊ ဝမ်းဝ၊ ခါးလှစေကာမူ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် တရားဥပဒေကြောင့်ကွင်းနှင့် မလွဲမသွေ မိတ်ဆက်ရလိမ့်မည်ပါတည်း။

www.burmeseclassic.com


ပဥ္စ ဂုဏ်၊ အဟံ ဝန္ဒာမိ

**"သိဒ္ဓိရှင်နေအေး"** အမည်ပေးထားသည့် ဇာတ်အိမ်ကို ဖွဲ့စည်းရာတွင် စိတ်ကူးယဉ်ဇာတ်လမ်းကို ကျောရိုးပြု၍ ဇာတ်အိမ်ဖွဲ့စည်းထားခြင်း မဟုတ်ကြောင်းကို ဦးစွာဝန်ခံပါရစေ။

ယနေ့ခေတ်ကာလတွင် တကယ်ဖြစ်တည်ရှိနေသော လူလိမ်လူညာမျှား၏ လိမ်လည်လှည့်ဖြားသော အကြံအဖန်လုပ်ရပ်များကို အခြေခံကျောရိုးပြု၍ ဇာတ်လမ်းသွယ်လျှားထားခြင်း ဖြစ်ပါသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိပါးစေရန်၊ ပုဂ္ဂိုလ်တစ်စုကို ထိပါးစေရန် ဆန္ဒလုံးဝမရှိသလို ရည်လည်းမရည်ရွယ်ပါ။

ဂိုဏ်းဂဏလုပ်ငန်းများအပေါ် စော်ကားမော်ကားပြုလိုသည့် ဆန္ဒ အလျှင်းမရှိကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

သို့တစေ ခက်ခဲနက်နဲ၍ ပညာပိုင်းဆိုင်ရာ ကျယ်ဝန်းသော ဂန္ဓာရီ ဝိဇ္ဇာပညာကို ရိုးရိုးသားသား လေ့လာလိုက်စား၍ တစ်နိုင် ကျင့်ကြံအားထုတ်နေသူများရှိသလို ဂန္ဓာရီဝိဇ္ဇာပညာကို နဖူးစီးတင်ကာ စားပေါက်ထွင်နေသူများလည်း ရှိကြပါသည်။

ရွှေပုပ္ပါး စာပေ

www.burmeseclassic.com

www.burmeseclassic.com


အမှန်အကန်သမားကနည်းနည်း။
အကြံအဖန်သမားကများများ။
အစစ်ရှိလျှင် အတုပေါ်စမြဲ။
အမှန်အကန်ရှိလျှင် အကြံအဖန်ပေါ်စမြဲ။
ဤကား နိယာမဖြစ်စဉ်သဘော။

ဂန္ဓာရီဝိဇ္ဇာပညာမှာ အထက်လမ်း ဝိဇ္ဇာပညာရပ်ဖြစ်၏။

"သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌ အတ္ထိခေါ်သော ဂန္ဓာရီနာမ ဝိဇ္ဇာဟု လာရှိသည်။"

ဗုဒ္ဓလက်ထက်တော်ကတည်းက ရှိခဲ့ကြောင်း အငြင်းပွားဖွယ်ရာ မရှိသော်လည်း ရှင်တော်ဗုဒ္ဓလမ်းညွှန်ခဲ့သော သစ္စာလေးပါးတရားနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့် ဝိပဿနာဘာဝနာ အားထုတ်ရမည့် ကျင့်မြတ်တရားနှင့်မူ ဆက်နွယ်ပတ်သက်ခြင်းမရှိဟု ဆိုရမည်ဖြစ်၏။

ဂန္ဓာရီမည်သော အတွတ်ပညာသည်ရှိ၏။ စိန္တာမဏိမည်သော မန္တာန်သည်လည်းရှိ၏။ အထူးအပြားပြားသော တန်ခိုးအရာကိုလည်း ဖန်ဆင်းနိုင်၏။ သူတစ်ပါးတို့၏ စိတ်သဘောကိုလည်း သိနိုင်၏။

သို့တစေ ဂန္ဓာရီဝိဇ္ဇာပညာသည် ဘာသာရေးနှင့် မသက်ဆိုင်သော လောကီအတတ်ပညာသာ ဖြစ်ပေသည်။ ဗြဟ္မာဏဝါဒ၏ အချက်အလက်များနှင့် ရောထွေးယှက်တင် ဆက်စပ်မှုရှိနေသည်ကိုလည်း မငြင်းနိုင်ရာပေ။

အလွန်ခက်ခဲနက်နဲ၍ ကျယ်ဝန်းသော စည်းစနစ်များကို အခြေခံ၍ ကျင့်ကြံအားထုတ်ရသော လောကီရေးရာအမြင့်ဆုံး ပညာရပ်ဖြစ်ပေသည်။

ဓမ္မမှုမှုပါး ဒဝေ

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံသင့်ရုံ ကျင့်ကြံမှုဖြင့် (ဝါ) ပွဲလေးထိုး၊ ဆေးလေးပေါက်၊ ပုတီးစိပ်ရုံဖြင့် ထက်မြက်သော သမထအာရုံကို မရရှိနိုင်ပေ။

အနိမ့်ဆုံးအားဖြင့်။

ကျင့်ကြံအားထုတ်နေဆဲကာလတွင် လူပတ်ဝန်းကျင်နှင့် ကင်းဝေးသောနေရာတွင် နေထိုင်၍ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စအထွေထွေနှင့် မရောနှော မယှက်နွယ်စေရ။

သတ်မှတ်ထားသော လူပတ်ဝန်းကျင်နှင့် ကင်းဝေးသော နေရာတွင် တစ်ဦးတည်းနေထိုင်ရသည်။

မည်သို့သော အကြောင်းကြောင်းကြောင့်ဖြစ်စေ၊ အဓိဋ္ဌာန်ကို လုံးဝမပျက်ယွင်းစေရ။

သီလကို မပြောက်မကြားအောင် ထိန်းသိမ်းရမည်။

အချိန်နှင့်အမျှ ကျင့်ကြံအားထုတ်နေရမည်။

အကြားအမြင်ပေါက်၍ သိဒ္ဓိမြောက်သည်ဟု အမည်ခံထားသော ပုဂ္ဂိုလ်များအား အနိမ့်ဆုံး လိုက်နာရမည့် အခြေခံအကျင့်စခန်းပေတံနှင့် ကြည့်လိုက်ပါ။

အစစ်အမှန်လား၊ အတုအယောင်လား၊ အမှန်အကန်လား၊ အကြံအဖန်လားဆိုသည့် သရုပ်သကန်သည် ထင်ထင်လင်းလင်း ပေါ်လာမည်ဖြစ်၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



[ နှစ် ]

ဤမျှခက်ခဲနက်နဲ၍ ကျယ်ပြန့်သော သဘောဆောင်သည့် တန်းမြင့် ပညာရပ်ကို ပေါ့ပေါ့လေးပြော၍ လွယ်လွယ်လေး လုပ်နေကြသည်။

တစ်နေ့လုံး ပုတီးကိုးပတ်လောက် စိပ်ရုံဖြင့် ဓာတ်ပွင့်ပြီး အကြားအမြင်ပေါက်ပြီ၊ သိဒ္ဓိမြောက်ပြီဟု လူသိရှင်ကြား ကြော်ငြာနေကြ၏။ ထိုပညာကို အမှီပြု၍ စီးပွားရှာနေကြ၏။ ဓာတ်ဆင်၊ ဓာတ်ရိုက်၊ ဓာတ်စခန်း၊ ဓာတ်နန်းကြီးတွေဖွင့်၍ ဟိတ်ဟန်ပြချက်မိမိဖြင့် လိမ်လည်လှည့်ဖြား ညာဝါး၊ ဖြန်းသန်းနေကြ၏။

မမှန်ကန်သော လောကီရေးရာ ကိစ္စအထွေထွေကို နေကုန်နေခန်း ပါဝင်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်နေရ၏။

အစစ်အမှန်သမားက လူသိမခံ။

အတုအယောင်သမားက လူသိခံပြီး အသိုင်းအဝိုင်းဖွဲ့၍ ဆရာတစ်ဆူ မင်းမူနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သမထ၊ ကသိုဏ်း၊ ဒရဇော၊ သမာဓိအာရုံဟူသည့် အစဉ်ထာဝရ တည်မြဲသော သဘောမရှိ။

အိုးလုပ်သမား အိုးခတ်သည့်နှယ် လက်ရိုက်က ရွံ့လုံးကို တစရပ်ရိုက်နေမှ ပုံစံကျအိုးထွက်သလို သမထ၊ ကသိုဏ်း စသည်ကိုလည်း အခါမလပ် မပြတ်မစဲ ထိုင်နေ၊ ရှုနေမှ သမာဓိအာရုံတည့်သည်။

မျက်စိမှိတ်၍ အာရုံပြုလိုက်သည်နှင့် ဥဂ္ဂဟနိမိတ်ထက်ပို၍ ပြတ်သားပြီး ထင်ရှားသည့် တည်ငြိမ်သော အလင်းရောင် ပေါ်လာသည်မှာ ပဋိဘာဂနိမိတ်ပင်ဖြစ်၏။

ယင်းပဋိဘာဂနိမိတ်သည်ပင် အထက်လမ်း ဝိဇ္ဇာပညာတွင် သူငယ်တန်းအဆင့်မျှသာ ရှိသေး၏။

ထိုနိမိတ်ကို အပြောမဟုတ်၊ လက်တွေ့ရသူသော်မှ ရှိအံ့မထင်။

သို့တစေ ဘိုးတော်အမည်ခံ၍ ဆရာလေး၊ ဆရာကြီးအမည်ခံ၍ အကြားအမြင်ပေါက်ပြီး သိဒ္ဓိမြောက်နေသူများမှာမူ ဒုနဲ့ဒေး ရှိနေ၏။

နာရီတွေကများ အချိန်မှန်နိုင်ပါ့မလားဆိုရဘိသို့ အတုအယောင်တွေကများ၊ သူတို့ကရော အမှန်အကန်လားဟု ဆိုရမည်ကို သတိပြုမိလျှင် အလိမ်ခံရသူတွေထဲမှာ ကိုယ်မပါဟု သတ်မှတ်ရလိမ့်မည်ပါ။

✣ ✣ ✣

ရွှေပုံမွှါး ၁၁ မေ

www.burmeseclassic.com

www.burmeseclassic.com



[ သုံး ]

ဘုရား၊ တရား၊ သံဃာ အစစ်အမှန် ကိုးကွယ်ရာ ထင်ရှားရှိပြီး ဖြစ်ပါလျက် အတုအယောင်သမားများ၏ အပြ၊ အပြော၊ ဟိတ်ဟန်နှော ထွေးပြီး ရိုက်စားလုပ်နေသူများကို ကိုးကွယ်ရာဟု အမှတ်မှားအယူမှား လျှင် ကိုယ့်ဘက်က ခံကြောနာကြောမိပြီး လောဘဇောနောက် လိုက်ရင်း ဘဝလမ်းကြောင်း အတိမ်းအစောင်းနှင့် ကြုံတွေ့ရမည်သာဖြစ်၏။

အလှည့်အပတ်၊ အဖြားအယောင်း၊ ပြရုပ်အသွယ်သွယ်ဖြင့် ရိုက်စားလမ်းကြောင်း ဖွင့်နေသူ အလိမ်ဝိဇ္ဇာနေအေးများထဲမှ နေအေး တစ်ယောက်အကြောင်းကို ဇာတ်လမ်းသွယ်ဖွဲ့ရေးလိုက်ရသည့် တကယ့် အရှိ၊ ခေတ်သစ်သိဒ္ဓိ ရှင်နေအေးကို ဆက်လက်ဖတ်ရှုကြပါဟု။

မေတ္တာများစွာဖြင့်
(ကျော်မြသန်း)

✣ ✣ ✣

ရွှေပုရပိုက် ၁၁၉

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၏ အဓိကရလမ်းမကြီးပေါ်ရှိ ခြံဝန်းကြီးနှင့် ခြံဝန်းကြီး အတွင်းရှိ နှစ်ထပ်တိုက်ကြီးမှာ ခမ်းနားထည်ဝါသည့်အသွင် တိတိပပ ဆောင်နေသည်။

ခြံဝန်းကြီးထဲ၌ ရောင်စုံပန်းများ ဖူးပွင့်ဝေဆာနေသလို စားပင်သီးပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသောကြောင့် အေးမြသည့်အရိပ်အာဝါသ ထင်ပနေသည်။

ထိုခြံဝန်းကြီးထဲသို့ ဝင်လာသူ၏ရင်ကို အေးမြသွားစေမည့် အရိပ်အဆင် ပြည့်လျှမ်းလျက်။

တိုက်ကြီးက ခန့်ညားထည်ဝါသလို လုံခြုံစွာ ကာရံထားသည့် ဝန်းခြံကြီးမှာ လူတစ်ရပ်စာနီးပါး မြင့်သည်။

ခြံဝင်ပေါက်တံခါးကြီးမှာ အထဲသို့ အလွယ်တကူ မဝင်နိုင်အောင် နေ့ရောညပါ ပိတ်ထားသည်။

တံခါးကြီးတွင် လူတစ်ယောက်ဝင်သာရုံ တံခါးပေါက်အသေးလေး တစ်ခုလည်းရှိသည်။ ကား အထွက်အဝင်မရှိလျှင် တံခါးကြီးကို ဖွင့်လေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



လူချည်းအဝင့်အထွက်ကိုမူ ထိုမလွယ်တံခါးပေါက်ကလေးမှပင် အဝင်အထွက် လုပ်ကြသည်။

ကားဝင်သည့်၊ ထွက်သည့်ပါတ်လမ်းကို အင်္ဂတေခင်းထားသည်။

ခြံကြီးနှင့် တိုက်ကြီးမှာ သပ်ရပ်သည်။ ခန့်ညားသည်။ ကြီးမားသည်။ အရှိန်အဝါ ဝင့်ထည်သည်။

တိုက်ကြီး၏ အဝင်ပေါက်တွင် တပ်ဆင်ထားသည့် ဆိုင်းဘုတ်မှာမူ တိုက်ကြီးနှင့် မလိုက်ဖက်ဟု ဆိုရမည်သို့ ရှိပါချေ၏။

မဟူရာသွေးအောက်ခံပေါ်တွင် ဖြူလွင်သော စာလုံးများ ထင်းထင်းပပရှိနေသည့် အလျားလေးပေ၊ အနံနှစ်ပေခွဲခန့်ရှိ၍ ဆိုင်းဘုတ်မှာ တိုက်ကြီးနှင့်အပြိုင် ကြီးသယောင် ရှိနေသည်။

**"သိဒ္ဓိရှင် မင်းဇော်ထက်**

**ဂမ္ဘီရ၊ ဝေဒပညာရှင်"**

သူ၏ လုပ်ငန်းဆိုင်းဘုတ်တွင် ဤသို့ ရေးထားသော်လည်း မြင်ပတွင် အခေါ်အဝေါ်ပြုကြသည်မှာမူ ဆိုင်းဘုတ်ပါ နာမည်အတိုင်း မခေါ်ကြ။

ဆရာလေးထက်ဟူ၍ တစ်မျိုး၊

သိဒ္ဓိရှင်ဆရာထက်ကြီးဟူ၍ တစ်မျိုး၊

နှလုံးသားအမြင်ပေါက်သူဟူ၍ တစ်မျိုး၊

မဟိဒ္ဓိဆရာလေးဟူ၍ တစ်မျိုး။

နာမည်လေးမျိုးဖြင့် အခေါ်အဝေါ်ပြုကြသည်။

ဟိတ်ဟန်ထည်ဝင့်မှု၊ အရှိန်အဝါကြီးမားအောင် ဖန်တီးနိုင်စွမ်းသူဖြစ်၍ ကျော်စောသတင်း ထင်ရှားသူတစ်ယောက် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံသို့ တော်ရုံတန်ရုံ အဆက်အသွယ်မရှိဘဲ ဝင်ဖို့မလွယ်။

သူ့ထံသို့ လာသူများမှာ မလွယ်ပေါက်ဝင် အလွှာသမားထက် 'တီ' 'တီ' 'တီ' ကားဟွန်းသံပေး၍ ပွင့်သွားသော တံခါးပေါက်ကြီးမှ ကားအမျိုးမျိုးဖြင့် ဝင်လာသူအလွှာက ပို၍များသည်။

ဗုဒ္ဓဟူးနေ့နှင့် ဥပုသ်နေ့တိုင်းပိတ်သည်။ တစ်ပတ်မှာ ၅-ရက်သာ သူနှင့်တွေ့နိုင်သည်။ ညနေ လေးနာရီခွဲနောက်ပိုင်း သူနှင့်တွေ့နိုင်ခွင့်မရှိပါ။ သူနှင့်တွေ့ရန်အတွက် ကြိုတင်ဘွတ်ကင်ယူရသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်းကို လက်မခံ။ မနက်ပိုင်း၊ ခုနစ်နာရီခွဲမှ ဆယ်နာရီခွဲ။ ညနေပိုင်း တစ်နာရီမှ လေးနာရီခွဲ သတ်မှတ်ထားသည်။

လာရောက်တွေ့ဆုံသူများ လိုက်နာရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များလည်း ရှိသည်။ လာရောက်တွေ့ဆုံသူမှာ အမျိုးသမီးဖြစ်ပါက အဖော်တစ်ဦးခေါ်လာနိုင်သည်။ အမျိုးသားဖြစ်ပါက အဖော်ခေါ်ခွင့်မပြုပါ။ ဟောစာတမ်းရေးမပေးပါ။ ကက်ဆက်ယူလာ၍ အသံသွင်း အသံဖမ်းယူခြင်းကို ခွင့်မပြုပါ။

တွေ့ဆုံရန် လာရောက်သူနှင့် ပါလာသည့်အဖော်သည် သတ်မှတ်နေရာတွင်သာ နေရမည်။ လာရောက်တွေ့ဆုံသူ တစ်ဦးတည်းသာ သူနှင့် တွေ့ခွင့်ရှိသည်။ တခြားမိသားစုများအတွက် ရောထွေး၊ မေးခွန်းမျိုးကို မေးခွင့်မပြုပါ။ နိုင်ငံရေးအကြောင်းအရာကို ဆွေးနွေးမေးမြန်းခြင်းကို ခွင့်မပြုပါ။

သတ်မှတ်ချိန်စေ့ရောက်လျှင် နောက်ထပ် မေးမြန်းခွင့်မပြုပါ။ ထုံးစံပိတ်ရက်အပြင် ဆရာအဓိဋ္ဌာန်ဝင်သည့်နေ့များနှင့် ဥပုသ်ကြီးသည့် နေ့ရက်များတွင် လုံးဝတွေ့ခွင့်မပြုပါ။ လာရောက်တွေ့ဆုံသူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိမြောက်၍ အောင်မြင်စေရန် ဆရာကတာဝန်ယူသည်။

သိဒ္ဓိရှင်ဆရာထက်နှင့် တစ်ကြိမ်တွေ့ဆုံလျှင် ပေးရသည့်သိဒ္ဓိတင် အလှူငွေမှာ သုံးရာ။ ငွေဖလား သုံးလုံးထားသည်။ တစ်လုံးက သာသနာပြုရန်။ တစ်လုံးက အထက်ပုဂ္ဂိုလ်ကြီးများ အမိန့်ရှိသည့် အလှူဒါနပြုလုပ်ရန်။ တစ်လုံးက ဆရာ၏ကျင့်စဉ်စခန်းအတွက် အထွေထွေအသုံးပြုရန်။

ငွေဖလားကြီးသုံးလုံးထဲသို့ ငွေတစ်ရာစီ ထည့်ပေးရသည်။ ထို့ကြောင့်လည်း သိဒ္ဓိရှင်ဆရာလေးထံ ရောက်သူများမှာ ကုသိုလ်လည်းရသည်။ လိုရာကိစ္စလည်း ပြီးမြောက်သည်ဟု ကျော်စောသတင်း ထွက်နေခြင်းဖြစ်ပါလိမ့်မည်။

မြန်မာလူမျိုးက အလိမ်ခံရတာတောင် ကြံဖန်ပြီး ကုသိုလ်ယူတတ်သည့် လူမျိုးဆိုတော့လည်း ဘုန်းကြီးရှူးနှင့်လှေလူး တွေ့ကြသည်ကိုဆန်းသည်ဟု မဆိုသာပြန်။

ရှူးမှုထူးသည်။ ထူးအောင်တီထွင် ဖန်တီးနိုင်ရင် စားပေါက်စားလမ်းပွင့်သည်။ တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသော ပမာစကားလိုဟိတ်ဟန်ပြ ထည်ဝင့်လျှင် ရှူးဖို့ဝန်မလေးကြ။ ဝင်းနှင့်တိုက်ကြီး၏ ထည်ဝါဝင့်ကြွားသည်ကပင် သိဒ္ဓိရှင်ဆရာလေး၏ အရှိန်အဝါကို မြင့်ထည်စေသည်။

အပြင်အဆင် ပြုကွက်ရှုပ်ကလည်း သူနှင့်မတွေ့ခင် သူ့အပေါ်အထင်ကြီးစရာသို့နှယ် ရှိပါချေ၏။ ဆရာလေးနှင့်မတွေ့ခင် ပထမတွေ့ဆုံရသည့် ဆရာလေးတပည့်ဖြစ်သူ၏ ဟန်ပန်ကလည်း မာန်ထည်၊ ဟန်ကြွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြောင်နေသော စားပွဲ၊ ပုဂ္ဂိုလ်ထိုင်သည့်ဆုံလည်ကုလားထိုင်၊ စားပွဲပေါ်ရှိ တယ်လီဖုန်းနှင့် စာအုပ်များ၊ စားပွဲရှေ့တွင် ဧည့်သည်များထိုင်ရန်ထားသည့် သံမဏိကုလားထိုင်သုံးလုံးနှင့် ထိုသူ၏ ဝတ်စားဟန်ပန်က ဝင်လာသူကို တန့်ရှိန်သွားစေသည်။

သူက ဗလာစာအုပ်တစ်အုပ်၊ ဘောလ်ပင်တစ်ချောင်းနှင့် အမြတမ်း အလုပ်ရှုပ်နေတတ်သူ။ သူ၏စာအုပ်များထဲမှာ အလျားလိုက်၊ ဒေါင်လိုက်၊ စက် ဝိုင်း၊ လေးဒေါင့်ထောင့်ကွက်၊ ကြိုး၊ ဂဏန်းတွေ ရှုပ်ပွနေသည်။ အမြောက်လက္ခဏာနှင့်ပြထားသည့် ဂဏန်းတွေကလည်း ရှုပ်ရှုပ်ထွေးထွေးရှိနေသည်။

ဆရာလေး၏တပည့်မို့ ကိန်းဂဏန်းတွေနှင့် ဗေဒင်တွက်နေတာများလားဟု ထင်စရာ။ တကယ်တော့ စာမတတ်သည့် ခေါင်းရွက်ဗျပ်ထိုးသည် မိန်းကလေးများပင် ရေးခြစ်တွက်မှတ်နေတတ်သည့် 'ချဲ'တွက်နေခြင်း ဖြစ်ပါသည်။

တိုယိုတာ၊ ကိုရိုလာမတ်တူး ဆလွန်းကားပေါ်မှ ဆင်းလာသည့် အမျိုးသမီးတစ်ယောက်။ အသက်သုံးဆယ်ကျော်ခန့် ရှိမည်။ ကိုယ်ဟန်ကလှပကျော့ရှင်းသည်။ ဖြူဝင်းသော အသားနှင့် ခပ်မားမား အရုပ်အမောင်းက စိတ်ဝင်စားစရာ။ အခြယ်အသအထုံအလွှမ်းက ဆယ်ကျော်သက်အရွယ်သို့နှယ်။

လက်တွင် တွဲလွဲပါလာသည့် ဆလင်းဘက်အိတ်မှာ နိုင်ငံခြားဖြစ်၊ သုံးထောင်အထက် တန်ဖိုးရှိသည့်ဆလင်းဘက်နှင့်။ ချောမောလှပသည်ဟု ဆိုရမည်ထက် ခံ့ထည်မှုပို၍ ဝင့်ကြွားသည်ဟု ဆိုရမည့် အမျိုးသမီး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး၏ တပည့်ပုဂ္ဂိုလ်က ဝင်လာသူအမျိုးသမီးကို မြင်လိုက်သည်နှင့် နေရာမှထ၍ ခရီးဦးကြိုပြုလိုက်သည်။ သူက ဒီဘက်မှာ အထာကျွမ်း ပြီးသား။ စိန်ကဲကျောက်ကဲ မခတ်တတ်ပေမယ့် လူကဲခတ်တော်သည်။

"ကျွန်မ ဆရာလေးနဲ့ တွေ့ဖို့ပါ"

"ဟုတ်ကဲ့ ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့"

ထိုသို့ပြောပြီး စားပွဲပေါ်မှ စာအုပ်ကြီးကိုယူ၍ လှန်လိုက်သည်။

"အားတော့ နာပါတယ်။ ဒီနေ့နဲ့ နက်ဖြန်အတွက် တွေ့ဖို့ တုံကင်ယူထားတဲ့ သတ်မှတ်ဦးရေ ပြည့်နေပါပြီ။ သန်ဘက်ခါအတွက်ဆိုရင်တော့ နှစ်ယောက်အတွက် ကျန်ပါသေးတယ်"

"ဒုက္ခပါပဲ။ ကျွန်မက အရေးကြီးလို့"

"ဟုတ်ပါတယ်ဗျာ။ ဆရာလေးနဲ့ တွေ့ဖို့ လာသူတိုင်းဟာ အစ်မကြီးလိုပါပဲ။ သတ်မှတ်စည်းကမ်းအတိုင်း လုပ်ရတာမို့ပါ။ သန်ဘက်ခါအတွက် တုံကင်ယူမယ်ဆိုရင်တော့ အစ်မ နာမည်နဲ့ လိပ်စာအပြည့်အစုံပေးခဲ့ပါ။ ကျွန်တော် စာရင်းသွင်းပြီး ခန့်မှန်းအချိန်ပြောပါမယ်"

"သတ်မှတ်ဦးရေပြီးမှ ညဦးပိုင်းအချိန် အေးအေးဆေးဆေး တွေ့ဖို့ရောမဖြစ်နိုင်ဘူးလား။ ကျွန်မ သိပ်အရေးကြီးလို့ပါ။ အချိန်သိပ်မယူပါဘူး။ ဆယ်မိနစ်ဆို ရပါတယ်"

"အဲဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးခင်ဗျာ။ ဆရာက ညနေဘက်နားချိန် နှစ်နာရီလောက်ပဲ ရတာပါ။ ခုနစ်နာရီက ကိုးနာရီအထိ နေ့စဉ်အဓိဋ္ဌာန်ဝင်ချိန် သတ်မှတ်ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကျွန်မ သန်ဘက်ခါအတွက် တုံကင်ယူရတော့မှာပေါ့"

"ဟုတ်ကဲ့၊ နာမည်နဲ့ လိပ်စာအပြည့်အစုံ ပေးခဲ့ပါ"

စာအုပ်ထဲတွင် ရေးမှတ်ပြီး အပ်ပေပါပေါ်တွင် အပြာရောင်နှင့်ရိုက်ထားသည့် စည်းကမ်းချက်စာရွက်နှင့် ဘော်ငွေရောင်တုံကင်ပြားအဝိုင်းလေးကို အံဆွဲထဲမှ ထုတ်ပေးသည်။

ကျုပ်ပြားအရွယ် တုံကင်ပြားလေး။ တုံကင်၏မျက်နှာစာဘက်မှာ စ၊ ဓ၊ ဗ၊ ဝ ဘောင်ခတ်၍ အံရုပ်သိဒ္ဓိရေးထားသည်။ ကျောဘက်မှာနံပါတ်ရေးထိုးထားသည်။ (၁၉)တစ်ဆယ့်ကိုး။

"အဲ့ချိန်ဏတော့ သုံးနာရီအရောက်လာခဲ့ပါ"

သူတို့က အဲဒီလိုအထာကိုင်ပြီး ဖမ်းစားထားသည်။

လူ့သဘောသဘာဝက အလွယ်တကူကိုမကြိုက်။ ခက်မှကြိုက်သည်။ တွေ့ရခက်လေ တွေ့ချင်လေ။ မသွားပါနှင့်ဆိုသည့်နေရာကို ပိုသွားချင်သည်။နားမထောင်ပါနှင့်ဆိုသည်ကို ပို၍နားထောင်ချင်သည်။

အညာခံဖို့ တန်းစီစောင့်နေသူတွေ တစ်ပုံတစ်ပင်ကြီး ရှိသည်။

ခုခေတ်က ပင်ကိုမူလ အရည်အသွေး ရှိပြီးသား ရွှေကိုတောင်ကြော်ငြာပြီး ရောင်းသည့်ခေတ်။ ဒါက အောက်ထပ်က အခြေခံ။ တစ်နည်းအားဖြင့် ရိုက်စားကွက်၏ ပထမပြကွက်။

စာအုပ်ထဲတွင် နေရပ်လိပ်စာ အပြည့်အစုံနှင့် နာမည်တွေတစ်သီတစ်တန်းကြီး ရှိနေသည်မှာအမှန်။ ကိုယ်တိုင်မျက်စိဖြင့်လည်း မြင်နိုင်သည်။ သို့တစေ တကယ်အမှန်အကန်တော့မဟုတ်။ အကြံအဖန်နာမည်နှင့်လိပ်စာတွေ။



www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်းမှာ ထိုသို့သော အကြံအဖန်ဖြင့် ရိုက်ကွက်ဖန်တီးခဲ့သော်လည်း နောက်ပိုင်းတွင်မူ ထိုရိုက်ကွက်မှာ တကယ့်ကို အမှန်အကန်ဖြစ်လာသည်။ တုံကင်ရက် ကြိုယူရသည့်အဆင့်သို့ ရောက်ခဲ့သည်။

အပေါ်ထပ်သို့ ရောက်သည့်အခါ ရင်သိမ့်တုန်စရာ ပြကွက်ကြီးကလည်း ထူးထူးထင်ထင် ရှိပါဘိ၏ဟု ဆိုရမည်သို့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာ . . .

အပေါ်ထပ်သို့ တက်သည့်လှေကားကြီး၏ လက်ရမ်းကြီးမှာ မဟော် ဂနီရောင်တောက်ထင်နေသည်။ လှေကားအထစ်များပေါ်မှာ အကွက်အပြောက် မွန်းသည့် ဂုန်နီချော ကော်ဇောအစိမ်းရင့်ရောင် ခင်းထားသည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် ပြောင်လက်တောက်ပနေသော ပျဉ်းကတိုးကြမ်းခင်းနှင့် ထိတွေ့ရပါမည်။ ခေါင်းရင်းဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ မြင်ကွင်းထဲသို့ ဝင်လာမည်မှာ မှန်လုံခန်းကြီး။ မှန်လုံခန်းတံခါးကြီး၏ ဝင်ပေါက်တွင် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် လူငယ်လေးတစ်ယောက် ရှိနေသည်။ ထိုလူငယ်က မှန်တံခါးကိုဖွင့်၊ တံကင်ပြားလေးကို လှမ်းယူသိမ်းဆည်းလိုက်မည် ဖြစ်ပါသည်။

အခန်းမှာ မှန်လုံခန်း။ ပန်ကာနှစ်လုံး ဖွင့်ထားသောကြောင့် အလေတော် အအေးဓာတ်ရှိနေသည်။ အလျားပေနှစ်ဆယ်၊ အနံတစ်ဆယ့်လေးပေလောက်ရှိမည့်အခန်းကြီး။

နံရံနှင့်ကပ်လျက်တွင် ဉာဏ်တော်သုံးပေခန့် ဓမ္မစကြာမုဒြာဖွဲ့ ဟန် ပြုထားသည့် ဆင်းတုတော်နှင့် ရွှေပလ္လင်ကြီးမှာ သပ္ပါယ်ကြည်ညို ဖွယ်ရာ လွှမ်းထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေပန်းအိုးကြီးများက နှင်းဆီနံ့မှာ အခန်းထဲတွင် လှိုင်ဖြိုးနေသည်။ ဘုရားစင်၏ အနိမ့်ဘက် ကတ္တီပါအနက်ရောင် ခင်းထားသည့်နေရာတွင် တစ်တောင်ခန့်အမြင့်ရှိမည့် ရုပ်တုသုံးရုပ်ရှိသည်။ ဘိုးဘိုးအောင် ရုပ်တုမှာ ဝတ်ဖြူစင်ကြယ်နှင့်။ ဘိုးမင်းခေါင်ရုပ်တုမှာ နီညိုရောင်ဝတ်စုံနှင့်။ အမည်မသိပုံတော် တစ်ခုမှာ မင်းဝတ်မင်းစားနှင့်။ ရုပ်တုများနှင့် တစ်တန်းတည်း၊ သီးခြားနေရာတွင် ရှင်သီဝလိမထေရ် မြတ်ရုပ်တုရှိသည်။

ဝဲဘက်တစ်ဆင့်နိမ့်နေရာတွင် ရွှေဟသ်ာစီး ရွှေပိန်းချ သူရသတီမယ်တော်ရုပ်တု။ ညာဘက်နံရံတွင် ပန်းချီရေးဆွဲထားသည့် စကြာမင်းကလေးပုံ၊ ဓမ္မစေတီမင်းခေါင်ပုံ၊ ရက္ကန်းစင်တောင်ဆရာတော်ကြီးပုံ၊ အဘရာကျော်ပုံများ ချိတ်ဆွဲထားသည်။

ယွန်းပွဲတော်အုပ်နှင့် ပွဲကြီးသုံးပွဲပြင်ထားသည်။ ပွဲပြင်ထားပုံမှာ တစ်မူထူးခြားသည်။ အခြားသော မဟာဗိဒ္ဓိဂိုဏ်းများ၏ ပွဲပြင်ပုံနှင့်မတူ။ ရွှေချထားသည့် အုန်းသီးနှင့်ပွဲတစ်ပွဲ။ ငွေမင်ရောင်သုတ်ထားသည့် အုန်းသီးနှင့် ပွဲတစ်ပွဲ။ ပြဒါးနီရောင်သုတ်ထားသည့် အုန်းသီးနှင့်ပွဲတစ်ပွဲ။ ပွဲတိုင်းရှိ ရွှေငှက်ပျောသီးအဖီးကြီးများမှာ အယ်တုန်နေသည်။

သူ့ထံမှောက် ရောက်လာသူများကို ဆရာလေးမင်းဇော်ထက်က ပွဲပြင်ထားပုံကို အဓိပ္ပာယ်ဖော်ညွှန်းပြောပြလေ့ရှိသည်။ ရောက်လာသူတွေကလည်း တမူထူးခြားသည့် ပွဲပြင်ထားပုံကိုကြည့်၍ သူတို့မျက်နှာပေါ်တွင် အံ့ဩရိပ် ထင်ပျသွားစမြဲရှိကြသည်။

ရွှေရောင်ပွဲမှာ နေ၏ ဓာတ်ကိုယူထားခြင်း။ ငွေရောင်ဓာတ်မှာ လ၏ ဓာတ်ကို ယူထားခြင်း။ အနီရောင်ပွဲမှာ ဝိဇ္ဇာဓာတ်ကို ယူထားခြင်း။ ထိုပွဲသုံးပွဲအပြင် အစိမ်းရောင်ဇလုံ၊ အစိမ်းရောင်အုန်းသီးနှင့် မြစိမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါနှင့် ထွေးတင်ထားသည့်ပွဲတစ်ပွဲကိုလည်း အစိမ်းရောင်ခုံပုကလေးနှင့် တင်ပြထားသည်။

သိုက်ပွဲ။

သိုက်က မြစိမ်းရောင်ကို ကြိုက်နှစ်သက်သည့်အတွက် မြစိမ်းရောင် ပွဲပေးထားခြင်းဖြစ်၏။ အခြားသော နေရာဌာနအသီးသီး၏ အပြင်အဆင်များနှင့်လုံးဝမတူ။ တကယ့်ကို တစ်မူထူးခြားနေသည်။ တစ်မူထူးခြားသလို အရှိန်အဝါကလည်း ဝင့်ထည်လွန်းနေသည်။

နာမည်ကြီးမည်ဆိုလည်း ကြီးလောက်စရာပါ။

သိဒ္ဓိရှင်ဆရာလေး၏ အပြင်အဆင်ကလည်း အခန်းထဲဝင်လာသူကို ဈေးဦးပေါက် မိမိရရ ပိုင်ပိုင်နိုင်နိုင်ကြီး ဖမ်းစားထားနိုင်ရလောက်အောင်ကို တစ်မူထူးခြားသည်ဟု ဆိုရပါမည်။

ယနေ့ခေတ် ဒီလောကမှာ တစ်ဦးထက်တစ်ဦး ပို၍ထူးခြားအောင်၊ ပို၍အထင်ကြီးစရာဖြစ်အောင် ဖန်တီးတီထွင်နေကြသည်မဟုတ်ပါလား။ သည်လုပ်ငန်းတွေမှာ သူများထက် တစ်လေးသာမှ အရေးပါသည်။ တစ်လေးမသာရင် ပေးသမျှနှင့်ပြီးရသည်။

သားနားလွန်းသော၊ ခန့်ညားလွန်းသော၊ ကြီးကျယ်လွန်းသောလွန်း သုံးလွန်းမှာ သိဒ္ဓိရှင်နာမည်နှင့် လိုက်ဖက်အောင် သုံးလွန်းတင်ကြီးသို့နှယ်။

ဘုရားစင်နှင့် ကန်တော့ပွဲများရှေ့ ကော်ဇောနီပေါ်ရှိ မြက်ဖျာချောပေါ်တွင် ထိုင်နေသူ၏ အသွင်အပြင်မှာ အရွယ်နှင့်မလိုက်လှအောင် တည်ကြည်သည့် ဣန္ဒြေကို ဆောင်ထားသည်။

ဥပမိရုပ် တင့်တယ်သလို၊ သူ့အကြည့်က စူးရှ၍ ဆွဲဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com


အား ပြည့်တင်းသည်။ ဖြူသောအသားနှင့် နီညိုရောင် ယောဂီဝတ်စုံမှာ လိုက်ဖက်သည်။

သိဒ္ဓိရှင်ဆရာလေး မင်းဇော်ထက်။

အရပ်အမောင်းမှာ ငါးပေခြောက်လက်မခန့်။ အသားဖြူသည်။ ထူထဲသောမျက်ခုံး၊ ပေါ်လွင်သောနှာတံ။ ပါးလွှာပြီး တိရိသည့်နှုတ်ခမ်းနှင့် ယောကျ်ားပီသသော မျက်နှာပေါက်ပိုင်ရှင်။ ခပ်ရေးရေး စိမ်းဖန့်ဖန့် နှုတ်ခမ်းမွှေးသည် သူ၏ရုပ်သွင်ပေါ်မှာ ထင်ပျပျပေါ်လွင်နေသည်။ အသက်သုံးဆယ်ကျော် လေးဆယ်လောက်ဟု ခန့်မှန်းရမည့်အရွယ်။

ညာဘက်လက်ကောက်ဝတ်မှာ မဟူရာသွေး တောက်ပြောင်သော ကိုးလုံးပုတီးနှင့် ညာဘက်လက်သူကြွယ်ပေါ်မှာ ဓာတ်လုံးလက်စွပ် ဝတ်ဆင်ထားသည်ကလွဲ၍ အခြားအဆောင်အယောင်မပါ။

သူက သူ့ရှေ့မှောက် ရောက်လာသူကို ပြုံးသည်ဟု မဆိုသာ သလို တည်သည်ဟုလည်း မဆိုနိုင်သော ဣန္ဒြေရရ မျက်နှာပေးဖြင့် ဆီးကြိုလေ့ရှိသည်။ အာလာပ သလ္လာပ အမေးအမြန်း အပြောအဆိုမလုပ်။

သူ့ရှေ့မှောက်ရောက်လာသူ၏ ညာဘက်လက်ဝါးကို ဖြန့်ခိုင်း၍ ငါး မိနစ်လောက်ကြည့်ပြီးနောက် သူ၏ညာလက်ဝါးနှင့် နှစ်ချက်သုံးချက် ခပ်ဖွဖွလေး သပ်လိုက်သည်။

ပွဲစင်ပေါ်မှာရှိသည့် ရေစင်ဖန်ခွက်ကိုယူ၍ တစ်ငုံစာလောက် သောက်ခိုင်းပြီးနောက် လိုရင်းကို မေးစေပြီး တိုတိုရှင်းရှင်း ဟောချက်ထုတ်သည်။

သူတို့ရှေ့မှောက်သို့ ရောက်လာသူအများစုမှာ အများအားဖြင့် စီး ပွားရေးနှင့် ပတ်သက်သူများဖြစ်ကြသည်။ ဒုတိယအများစုမှာ အိမ်


www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးနှင့် စီးပွားရေး ရောစွက်ပြဿနာပေါ်နေသူများဖြစ်ကြ၏။ တတိယအများစုမှာ သားရေးသမီးရေးနှင့် ကျန်းမာရေးသမားများ ဖြစ်ကြ၏။ သားရေးသမီးရေး အိမ်ထောင်ရေးနှင့် ခေတ်ပေါ်ရှုပ်ထွေး အထစ်အငေါ့ ဖြစ်နေသူများလည်း ပါလေသည်။

အနည်းစုမှာ စီးပွားရေးလုပ်ငန်း တိုးချဲ့မည့်သူများ၊ ရာထူးတိုးတက်ရေး၊ အလုပ်အကိုင် အဆင်ပြေရေးအတွက် မေးမြန်းရန် ယတြာနှင့် အဆောင်ကိစ္စသမားများ ဖြစ်ကြ၏။ လူဟူသည် အဆင်မပြေသည့်ကိစ္စ၊ အခက်အခဲပြဿနာနှင့် ကြုံလာလျှင် ထိုကိစ္စ ထိုပြဿနာကို ကူညီနိုင်မည့် ပတ်သက်ရာ ပတ်သက်ကြောင်း၊ ခင်မင်ရင်းနှီးသူများထံ သွားရုံနှင့် စိတ်ကျေနပ်မှုမဖြစ်ကြ။

ဟိုခေတ်တုန်းကတော့ ဗေဒအကျော်နှင့် နတ်ကတော်များထံ အဝင်အထွက် အသွားအလာများကြသည်။ ပြောင်းလဲလာသော ခေတ်အခြေအနေအရ တစ်စခန်းထလာသည့် ဘိုးတော်နှင့် အကြားအမြင်ဆရာများထံသို့လည်းကောင်း၊ မဟိဒ္ဓိ၊ သိဒ္ဓိရှင်ဆိုသူများထံသို့လည်းကောင်း၊ ဓာတ်စီးဟောသည့် ပုဂ္ဂိုလ်ဆိုသူများထံသို့လည်းကောင်း အပြေးအလွှား သွားကြရောက်ကြသည်။

မြန်မာလူမျိုးတို့၏အထာမှာ တစ်ဆင့်စကားကို နားစွင့်စမြဲ စရိုက်ရှိသည့်အတိုင်း ဘယ်နေရာမှာ ဘာပေါ်နေပြန်ပြီဆိုလည်း ချက်ချင်း သိလိုက်ကြသည်။ ဘယ်သူ့ဆီသွားရင် ဘယ်လိုဆိုတာမျိုးကိုလည်း အိမ်တိုင်ရာရောက် လည်ပြောသူတွေလည်း ရှိသည်။ ဘိုးတော်တို့၊ အကြားအမြင်ဆရာတို့၏ ဒလံတွေကလည်း ဘေးတီး သတင်းလွှင့်ပေးကြသည်။

အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် အဝင်အထွက် အဆက်



www.burmeseclassic.com

www.burmeseclassic.com



အဆံရှိကြသည့် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း အနှိပ်သည် သတင်းကအစ သတင်းမျိုးစုံကိုလည်း ကြားရစမြဲရှိကြသည်။

နိုင်ငံခြားသား၊ နိုင်ငံခြားသူတို့ ဓလေ့စရိုက်အတိုင်း ကိုယ့်ခြံဝင်းထဲ ကိုယ့်အိမ်ထဲမှာ တစ်သီးတစ်ခြား ဟန်ပန်တစ်ခွဲသားနှင့် နေတတ်ကြသူများ မဟုတ်သည့်အတိုင်း ဈေးဝယ်ရင်း၊ အသုတ်စားရင်း၊ မုန့်ဟင်းခါးစားရင်း၊ သတင်းအတင်း ပြောကြဆိုကြစမြဲ ရှိကြ၏။

ကိုယ်သိရ ကြားရသည်များကို အာသွက်လျှာသွက် ပြောလေ့ရှိကြသည်။ ဗေဒင်ဆရာတို့၊ နတ်ကတော်ဆိုသူများဆီသို့ အကြောင်းကြီးငယ် မရှိပါဘဲလျက်နှင့် အပျင်းပြေသွားကြသူများပင် ရှိကြသည်။

ကိုယ်ရောက်ခဲ့သည့် ဗေဒင်ဆရာ၊ နတ်ကတော်၊ အကြားအမြင်ဝိဇ္ဇာတို့ ဟောချက်မထိ၍ သဘောမတွေ့လျှင် ရောက်ခဲ့ကြောင်းလောက်သာ ပြောကြသော်လည်း ဟောချက်ထိ၍ နှလုံးပီတိ ဂွမ်းဆီထိလာပြီဆိုရင် မပြောပါနှင့်လို့ ပိတ်လို့ တားလို့မရတော့။

မိုးရွာနေသော်မှ ထီးဆောင်းပြီး သတင်းပေးရောက်ကြသည်။ သိန္ဒီရှင်မင်းဇော်ထက်ဆီ ရောက်သူတွေကျတော့တစ်မျိုး။ ကိုယ်ပိုင်ကားစီးနိုင်သူ အဆင့်အတန်းများ ဖြစ်ကြသည့်အလျောက် ပတ်သက်ရာ ပတ်သက်ကြောင်း ရှိသူတွေဆီကို ကားနှင့် လည်ပြောကြသည်။

'ဆရာလေးက ဘွဲ့ရပြီးသား။ ရုပ်ရည်ကလည်း သားနားသလားမပြောနဲ့။ လူငယ်ပေမယ့် အကျင့်အကြံက ထိပ်တက်နေတာလေ။ ဓာတ်နန်းကြီးကလည်း မြင်ရုံနှင့် ရင်တုန်စရာကောင်းပါဘိ။ လိုရင်းတိုရှင်း ဟောချက်ကလည်း ဒက်ခနဲဒက်ခနဲ ထိမှထိ မိမှမိ။

ဓာတ်စခန်းဖွင့်ထားတဲ့ နေရာကိုလည်း ကြည့်ဦးလေ။ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး သိန်းငါးရာအထက် ဈေးခေါ်နိုင်သည့် ခြံကြီးထဲက တိုက်ကြီးပေါ်မှာ။ ဆရာလေးဆီကို ယုံယုံကြည်ကြည်သာသွား။ ခတ်ဆက်ရှိလို့ကတော့ ဟောချက်မိကို မိရမယ်။ ဆရာလေးဆီ ရောက်လို့ကတော့ရင် မရှင်းတာတွေ လင်းသွားမည်။ စိတ်တွေးစရာတွေ ရှင်းသွားမည်။

သည်သို့သည်ပုံ၊ သည်လိုဟိုလို ဘေးတီးသတင်းစကားတွေ ပြန့်ကားစမြဲရှိသမို့ တုံကင်ယူပြီး ရက်စောင့်ရသည်အထိ ဖြစ်လာသည်။

သူက မင်္ဂလာဇင်းတို့ တီဗွီတို့မှာ မကြော်ငြာ။ အပင့်၊ အပို့၊ အတွန်း၊ အချွန်ဆောင်းပါးများဖြင့် ကျော်အောင်မလုပ်။ သူ့နည်းသူ့ဟန်ဖြင့် အထင်ကြီး စရာပြကွက်၊ လုပ်ကွက်များ ဖန်တီး၍ အချိန်ယူပြီး ကျော်အောင်လုပ်ခဲ့သည်။

ကျော်လာပြီဆိုတော့ မော်နိုင်ပြီပေါ့။ တစ်နေ့ဝင်ငွေ ခြောက်ထောင်ကျပ်။ တစ်လဝင်ငွေ တစ်သိန်းရှစ်သောင်း။ ယတြာကိစ္စ၊ အဆောင်ကိစ္စ၊ ခတ်ပေးကိစ္စ ဝင်ငွေမပါသေး။

အဲဒီကိစ္စအတွက် ရာဂဏန်းနှင့်မပြော။ ထောင်ဂဏန်းနှင့်သာ ပြောသည်။ နေ့စဉ်ဝင်ငွေ၏ သုံးဆနှင့် တွက်ရင်တောင် ဝင်ငွေ ငါးသိန်းအထက်မှာရှိသည်။ သူ့ဆီလာသူတွေက ငွေစကားမပြော။ အလုပ်စကားသာပြောကြသည်။

လူ့သဘာဝက ခက်မှကြိုက်သည်။ ဈေးကြီးမှ အကောင်းထင်သည်။ ခက်သည့်ကိုမှ လုပ်ချင်သည်။ ရအောင်ယူဖို့ ကြိုးစားသည်။ ခက်ခက်ခဲခဲ ရယူနိုင်သည်ကိုပင် ဂုဏ်ယူလေ့ရှိကြသည် မဟုတ်ပါလော။

ရှူးမှထူးသည်။ ထူးမှ တစ်မူးသာသည်။ သိဒ္ဓိရှင်ဆရာလေး မင်းဇော် ထက်က တစ်မူးသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


သူ ဤနေရာသို့ ရောက်လာသည်မှာ မည်သို့မည်ပုံ ရောက်လာသည်။ မည်သည့်အခြေအနေမှ မည်သို့မည်ပုံ အခြေအနေအထိ ဖြစ်လာသနည်း။ သိဒ္ဓိရှင် ဂမ္ဘီရပညာနယ်ပယ်မှာ မည်သို့မည်ပုံ ကျော်ဝင့်လာသည်ကို စေ့ငှကြည့်ရန် လွန်ခဲ့သော အတိတ်ဆီသို့ နောက်ကြောင်းပြန်သွားရပါမည်။

အတိတ်မှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလ အခြေအနေကနေ ပြန်လည်စတင်ရပါမည်။ သူ၏အမည်ရင်းမှာ မောင်လွင်ဦး။ သူ၏ မိဘများကပေးခဲ့သော ဇာတာပါနာမည်။ လွန်ခဲ့သော နှစ်‚နှစ်ဆယ်ကျော်တုန်းက သူဘဝ။

✣ ✣ ✣

ရွှေပုရပိုက်
ယမ



www.burmeseclassic.com

www.burmeseclassic.com



မောင်လွင်ဦးကို ပဲခူးတိုင်း ခရိုင်ရုံးစိုက်ရာ မြို့ကြီးတစ်မြို့တွင် မွေးဖွားသန့်စင်ခဲ့သည်။ အမည်အဆုံးတွင် 'ဦး'ပါသော်လည်း သူက သားဦး မဟုတ်၊ အထွေးဆုံးသား။ မွေးချင်းသုံးယောက်မှာ သူကအငယ်ဆုံး။ မွေးချင်းသုံးယောက်တည်းမှာ သူက အထူးချွန်ဆုံး။

ပညာရည်ထူးချွန်သလို ရုပ်ရည်သွင်ပြင်လက္ခဏာလည်း ထူးထင်သည်။ အကြီးဆုံးအစ်ကိုရော၊ အလတ်အစ်မပါ မထူးချွန်ခဲ့။ သူတစ်ယောက်သာ တက္ကသိုလ်ရောက်ပြီး ဘွဲ့ရသည်အထိ ထူးချွန်ခဲ့သည်။ ပညာရေးထူးချွန်သလို အလုပ်အကိုင်နေရာကောင်းလည်း ရခဲ့သည်။ မိဘဖြစ်သူများ၏ ဂုဏ်တင်ပြောစရာသား။ သူက ဗုဒ္ဓဟူးသား။

လွင်ဦး၏ဖခင် ဦးသိန်းမောင်က ကျောင်းဆရာ။ မိခင် ဒေါ်စိန်ရင်က မီးဖိုချောင်ဈေးကို အိမ်ရှေ့တွင် တည်ထားသည်။ သင့်တင့်လျောက်ပတ်သော အိုးပိုင်အိမ်ပိုင်နှင့် စားရေးနေရေးအတွက် မကြောင့်ကြရဘဲ စားနိုင်ဝတ်နိုင် နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမောင်က အားလပ်သည့်အချိန်များတွင် အစ်မဝမ်းကွဲတစ်ယောက်၏ ပွဲရုံ၌အနေများပြီး စက်ဘီးတစ်စီးနှင့် ပွဲစားအလုပ်ကိုလည်းလုပ်သည်။ ကျောင်းဆရာပွဲစား။

ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည်။ ရိုးသားသည်။ အသောက်အစားမရှိ။ ရှုပ်ရှုပ်ပွေပွေမနေဘာတ်။ အလဟဿ ထိုင်ပြီးနေသည့်အချိန် မရှိလောက်အောင် စက်ဘီးတစ်စီးနှင့် ပွဲစားအလုပ်ကိုလည်းလုပ်သည်။

ပြောစရာ ကောင်းသတင်းတွေထဲကမှ အဆိုးဟု ပြောရမည်။ လောင်းကစားမှုတစ်ခုနှင့် မကင်းသည့်အကြောင်း။

မြင်းပွဲလောင်းကစားနှင့် ဆက်နွယ်ပတ်သက်ခြင်း။ ရေ့စ်ကုတ်ခေါ် မြင်းပွဲ။ အပတ်စဉ် စနေနေ့တိုင်း မြင်းပွဲရှိသည်။ နောင်သော်တနင်္ဂနွေနေ့သို့ ပြောင်းလဲကျင်းပသည်။

နယ်ချဲ့သမားတို့က စိတ်အပန်းဖြေစရာ အပျော်ဟု အမည်တပ်၍ မြန်မာလူမျိုးများအား လောင်းကစားအမွေဆိုးကြီးတစ်ခုပေးခဲ့သည်။ အင်္ဂလိပ်အသံကို မြန်မာလို တိုက်ရိုက်အခေါ် အဝေါ် ပြုခဲ့သည်မှာ ရေ့စ်ကုတ်ဟူ၍ ဖြစ်၏။

အရာရှိကြီးတွေ၊ ဂုဏ်သရေရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ ကုန်သည်ပွဲစားကြီးတွေ သွားစမြဲ ရောက်စမြဲရှိသည့်နေရာမို့ လောင်းကစားမှုနှင့် ဆက်နွယ်ပေမဲ့ ဂုဏ်သိက္ခာမထိခိုက်။

ဂုဏ်သရေရှိ အထက်တန်းလွှာ ပုဂ္ဂိုလ်ကြီးများနှင့် စတင်ခဲ့သည့် မြင်းပွဲမှာ နောင်သော် လူတန်းစားအလွှာပေါင်းစုံသို့ ရောက်ရှိကျက်စားရာလောင်းကစားပွဲကြီးအဖြစ်သို့ ပြောင်းလဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ပွဲစား၊ ဆိုင်ကြီး၊ ဆိုင်ငယ်ပိုင်ရှင်များ၊ အစိုးရဝန်ထမ်းကြီးငယ်များသာမက အထမ်းရောင်း မုန့်ဟင်းခါးသည်၊ အဖျော်သည်၊ မုန့်လက်ဆောင်းသည်များလည်း ရောက်ကြသည်။

မြင်းပွဲရောက်သူများတွင် ခေါင်းရွက်ဗျပ်ထိုးသည့် ကလေးများပင် ပါဝင်ကြသည်အထိ ကျယ်ဝန်းလာသည်။ ရန်ကုန်တွင်လုပ်သည့် မြင်းပွဲကို ရန်ကုန်တွင် နေထိုင်သူများသာမက ထက်အောက်မြန်မာနိုင်ငံမြို့နယ်စုံမှ ဝါသနာအိုးများလည်း ရထားတစ်တန်၊ သင်္ဘောတစ်တန်၊ ကားတစ်တန်ဖြင့် ရောက်ခဲ့ကြသည်။

မြင်းကွင်းကြီးမှာလည်း ကျယ်ပြော ကြီးမားလာသည်။ အဆောက်အအုံများလည်း တစ်လုံးပြီးတစ်လုံး တိုးလာသည်။ မြင်းပွဲပြီးသည့်အခါ ဘဏ်သို့ပို့သည့် ငွေသေတ္တာကြီးများလည်း တစ်လုံးနှစ်လုံးကနေ လေးငါးဆယ်လုံး ဖြစ်လာသည်။

မြင်းပွဲကို ဦးစီးလုပ်သည့် တပ်ကလပ်က ဖောင်းပြီးရင်းဖောင်း။

မြင်းလောင်းသမားတွေက ပိန်ပြီးရင်းပိန်။

မြင်းအကန်ခံရသည်ကြောင့် ထိပြီးရင်းထိ၊ နာပြီးရင်းနာ ဖြစ်နေကြစေကာမူ မြင်းပွဲသွားလာသူတွေကတော့ လျော့မသွား၊ တိုးပြီးရင်းတိုး ဖြစ်နေသည်။

တာမွေရပ်ကွက်မှာ မြင်းဇောင်းတွေ တိုးလာသလို၊ ပြိုင်မြင်းတွေလည်း တိုးလာသည်။

မြင်းတွေ တိုးလာသည့်အလျောက် ထရိန်နာခေါ် မြင်းလေ့ကျင့်ပေးသူ၊ ဆိုက်ကုလားခေါ် မြင်းထိန်းသူ၊ ဂျော်ကီခေါ် မြင်းစီးသူတွေကလည်း တာမွေ ရပ်ကွက်ထဲကို ရောက်လာမစဲ တသဲသဲ ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ကလပ်မှ မြင်းပွဲဝင်ကြေး အသာလွတ်ရသလို ထိုးငွေပေါ် ပြန်လျော်သည့် လျော်ကြေးငွေထဲက လေးဆယ်ရာခိုင်နှုန်း ဖြတ်တောက် ငွေရသည်။

ရှေးအခေါ် တာမွေမြင်းပြိုင်ကွင်း၊ ယခုအခေါ် ကျိုက္ကာဆံကွင်း။ အတို ခေါ်ကြသည်မှာ မြင်းကွင်း။ မြင်းသမားများ အိပ်မက်မက်လေ့ရှိကြ သည့်နေ့မှာ သောကြာနေ့။ မျှော်လင့်ချက်တွေ ရင်မှာ အပြည့်အသိပ်နှင့် လန်းလန်းဆန်းဆန်း ရှိကြသည်မှာ စနေနေ့မနက်။ စိတ်မောလူမောဖြစ်ပြီး ဒယိမ်းဒယိုင်နှင့် အိမ်ပြန်ရောက်လာသည်မှာ စနေနေ့ည။

အသွားတုန်းက အိတ်ဖောင်းဖောင်း၊ အပြန်ကျတော့ အိတ်ပောင်းပောင်း။ သို့တစေ သူတို့က စိတ်မကုန်။ စိတ်မပျက်ကြပါ။ တော်ပါပြီ မသွားတော့ပါဘူးလို့ ပြောသူလည်း တစ်ယောက်တစ်လေသော်မှ မရှိကြပါ။ တနင်္ဂနွေနေ့နား၊ တနင်္လာနေ့ ရုံးရောက်သည်နှင့် စမြုံ့ပြန်၍ နောက်ကြောင်းပြန်လှန်ကြသည်မှာ စနေနေ့ မြင်းပွဲအကြောင်း။

အင်္ဂါနေ့မှာ နောက်တစ်ပတ်အတွက် မြင်းတစ် စာအုပ်ထွက်သည်။ မြင်းတစ်စာအုပ်ဖိုး ထွက်သွားပြန်သည်။ မသေချာမရေရာသော အမြတ်အတွက် အရင်းစိုက်လိုက်ရခြင်းဖြစ်၏။

ထိုခေတ်က မြင်းတစ် စာအုပ်အမျိုးမျိုး ထွက်ကြသည့်အနက် အောင်ဇေယျမြင်းတစ်စာအုပ်မှာ လူကြိုက်များသည်။ အရောင်းသွက်သည်။

**မြင်းတစ်စာအုပ်။**

၁။ ယခုအပတ် ပြိုင်ပွဲဝင်၍ပြေးကြမည့် ပွဲစဉ်လိုက်မြင်းများအမည်၊ ပိုင်ရှင်မည်၊ စီးမည့်ဂျော်ကီအမည်၊ ခဲစာရင်း စသည်များပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**ခဲစာရင်း။**

ပြိုင်မြင်းဆိုတာက အနည်းဆုံး ခြောက်ပေကျော် ဒေါက်မြင့်သည်။ ဒေါက်ဆိုတာက မြင်း၏အရပ်အမောင်း။ သို့တစေ ထိုပြိုင်မြင်းကြီးများကို စီးမည့် ဂျော်ကီခေါ် မြင်းစီးသမား၏ ကိုယ်အလေးချိန်များ၌မူရ။

ကိုယ်အလေးချိန် ပေါင် (၁၃၀)၊ (၁၄၀)၊ (၁၅၀) ရှိသည့် ဖက်တီးပေါက်စများကို ဂျော်ကီအဖြစ် လက်သင့်မခံ။ (၉၅)ပေါင်မှ ပေါင်(၁၁၀) အတွင်းရှိသူကိုသာ လက်ခံသည်။ ဂျော်ကီများမှာ ကိုယ်အလေးချိန် မတက်အောင် ထိန်းရသလို ကိုယ်အလေးချိန် ကျအောင်လည်း အမြဲတမ်းလုပ်နေကြရသည်။

ဂျော်ကီတို့၏ ဤလည်းတစ်ဒုက္ခမှာ ကိုယ်အလေးချိန် မတက်လာအောင် ထိန်းသိမ်းရခြင်းပင်ဖြစ်၏။ သူတို့မှာ နောက်တစ်မျိုးတစ်ဒုက္ခရှိပြန်သေး၏။ ခဲဆွဲရခြင်း။ သတ်မှတ်ကိုယ်အလေးချိန်မပြည့်လျှင် ခဲဆွဲရ၏။

ဆိုပါစို့။ ဂျော်ကီ၏ ကိုယ်အလေးချိန်ရှိသည်မှာ ကိုးဆယ့်ခုနစ်ပေါင်။ သူ့အတွက် ရှိရမည်ဟု သတ်မှတ်သည့် ကိုယ်အလေးချိန်မှာ ပေါင်တစ်ရာ့တစ်ဆယ်။ လိုနေသည့် ဆယ့်သုံးပေါင်အတွက် ဆယ့်သုံးပေါင်အလေးချိန်ရှိသော ခဲတုံးကို ဂျော်ကီကိုယ်ပေါ်မှာ ဆွဲပေးရသည်။

သူတို့က ကိုယ်အလေးချိန် ပိုလို့မရသည့်အလျောက် ကိုယ်အလေးချိန်လျှော့အောင် အစားအသောက်ကို လျှော့စား၍လည်းကောင်း ညလုံးပေါက်မအိပ်ဘဲ ပိုကာဆွဲ၍လည်းကောင်း နည်းအမျိုးမျိုးဖြင့် လုပ်နေကြသူများဖြစ်ရာ ကိုယ်အလေးချိန်တိကျအောင် ပံ့ပိုး ခဲမဆွဲရသူဟူ၍လည်းမရှိပေ။ အနည်းနှင့်အများ ခဲဆွဲကြရသည်သာ။

**ရွှေမှုပွါး** ၁၁၀၆

www.burmeseclassic.com

www.burmeseclassic.com



တွက်ချက်သူ မြင်းဝါသနာအိုးများက မြင်း၏ ပြေးအားနှုန်း မြင်းသမားအခေါ် မြင်းရေချိန်ကို ယခင်ပြေးခဲ့သည့် ရေချိန်(ဝါ) စံချိန်ဟောင်းများကို ပြန်တွက်ရသလို လက်ရှိအခြေအနေကိုလည်း တွက်ရသည်။

တိရစ္ဆာန်မြင်းကို တွက်ရုံနှင့်မပြီးသေး။ လူကိုလည်း တွက်ရပြန်သည်။ မြင်းကိုလေ့ကျင့်ပေးသည့် ထရိန်နာနှင့် စီးမည့်ဂျော်ကီ။ နာမည်ကြီးထိပ်တန်းစာရင်းဝင် ထရိန်နာလား။ ပထမတန်းစာရင်းပေါက် ထရိန်နာလား၊ အလယ်အလတ်တန်းစား ထရိန်နာလား၊ သာမန်အဆင့် ထရိန်နာလား။

မြင်းကောင်းပေမယ့် ထရိန်နာမကောင်းရင် မြင်းပါညံ့သွားသည်။ ထရိန်နာဆိုတာက အားကစားလောကစကားနှင့် ပြောလျှင် နည်းပြဆရာ။ အပြေးသမားကောင်းတစ်ယောက် ဖြစ်ဖို့နှင့် ဘောလုံးအသင်းတစ်သင်းဖြစ်ဖို့ တော်ကောင်း နည်းပြဆရာလိုသည်။

ပြေးအားရှိသည့်မြင်း၊ ကြက်ရေငှက်ရေးမှာ ပြေးအားပိုကောင်းဖို့ ထရိန်နာလိုသည်။ ထို့အတူ ဇက်ကိုင်၊ ဇက်လွှတ်၊ ဇက်တွန်း ကောင်းသည့် ဂျော်ကီလည်း လိုပြန်သည်။ မြင်းကကောင်းပြီး ဂျော်ကီညံ့နေလျှင် မြင်းကောင်းခွာလိပ်ဖြစ်တတ်သည်။

မြင်းဝါသနာအိုးတွေက မြင်းရေချိန်၊ စီးမည့်ဂျော်ကီ၊ မြင်းကိုလေ့ကျင့်ပေးသည့် ထရိန်နာ သုံးဦးသုံးဖလှယ်ကို တွက်ရချက်ရသလို တာမွေမြင်းဇောင်းမှ ထွက်လာသည့် သတင်းမျိုးစုံကိုလည်း စပ်စုရပြန်သည်။ သက်တောင့်သက်သာ မဟုတ်ပေမယ့် သူတို့က ကိုယ့်ဖီလင်နှင့်ကိုယ် ငြိမ်နေကြသည်ပါ။ ငွေရဖို့ တွက်ရချက်ရသည်ဟုဆိုသော်လည်း တကယ်ကငွေပေးဖို့ တွက်နေချက်နေရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်လိုပဲတွက်တွက်၊ မြင်းတကယ်စီးမလား။ မစီးဘူးလား ဆိုသည်မှာမူ မြင်း၊ ဂျော်ကီနှင့် ထရိန်နာတို့အပေါ် တွင်မတည်၊ မြင်းပိုင်ရှင် ပေါ် မှာသာတည်သည်။

စီးရမည် သို့မဟုတ် ဆွဲထားရမည်ကို အမိန့်ပေးနိုင်သူမှာ မြင်းပိုင်ရှင်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သုံးရက်လုံးလုံးအတွက် နေ့မအား ညမအား သတင်းပလင်း မျိုးစုံရဖို့ စနည်းနာထွက်။

သောကြာနေ့ကျတော့ ငွေရှာ။ ချေးတန်သာချေး၊ ပေါင်တန်သာ ပေါင် ဆွဲတန်သာဆွဲ။ သောကြာနေ့ကျ အိပ်မက်တောင်းရပြန်သည်။ မြန်မာနတ်၊ တရုတ်နတ်၊ ကုလားနတ်၊ ယုံကြည်ရာ နတ်တွေဆီမှာ အိပ်မက် အတောင်းအရမ်းလုပ်ရပြန်သည်။ ညောင်ပင်စောင့် ရုက္ခစိုးလည်း မလွတ်။ စနေနေ့ နေ့တစ်ဝက်ရုံးတက်။ ရုံးဆင်းသည်နှင့် မြင်းပွဲကို အပြေး အလွှားသွား။

နောက်ပိုင်း မြင်းပွဲကို တနင်္ဂနွေနေ့ ပြောင်းတော့ ပျာယာခတ် လှုပ်ရှားရသည်နှင့် လွတ်ကင်းသွားသည်။

ရုံးကနေ တစ်နာရီလောက်စောပြီးလစ်မှ ပထမပွဲမီသည်။ ရုံး ကလစ်ဖို့ကိစ္စကတော့ အကြောင်းမဟုတ်။ အဲဒီနေ့မှာ အရာရှိကြီးလည်း လစ်သည်။ ရုံးအုပ်ကြီးလည်း လစ်သည်မို့ ပြဿနာမပေါ်။ မြင်းပွဲထဲဝင်က တည်းက သတ်မှတ်ထားသည့် အတန်းအသီးသီး၏ ဝင်ကြေးကို ပေးရ သည်။

အိတ်ပါငွေထဲက ပထမဆုံး အလျော့တွက်အရှုံး။

မြင်းဝါသနာအိုး အများစုမှာ ဖေးဖရိတ်မြင်းကို မလောင်းချကြ။ ဖေးဖရိတ်မြင်းထိုးရသည်မှာ တွက်ချေမကိုက်။ ဖေးဖရိတ်ဆိုတာက ဝင်း၊

www.burmeseclassic.com



ပလေးချိတ်ရန် ရာခိုင်နှုန်းများသည့်မြင်း။ အလျော်နည်းသည်။ ပြန်လျော်ငွေမှာ ငါးကျပ်ထက်မှတ်တစ်စောင်ကို ခြောက်ကျပ် ခုနစ်ကျပ် အများဆုံးမှာ ရှစ်ကျပ်။

ဖေးပရိတ်မြင်းကို ဝင်းပလေး တစ်ဆယ်ဖိုးလောက် ကာရံကာထားပြီး ကော်ကောင်ကို ပုံအောရသည်။ ကော်ကောင်(ဝါ) ဘူကောင်က အလျော်များသည်။ ရာဂဏန်းအထိ အလျော်ရှိသည်။

နှစ်ကောင်တွဲပွဲ နောင် သုံးကောင်တွဲပွဲ။ ဒဘယ်လ်ထွက် ဒရစ်ဘယ်လ်ထွက်က ဘူကောင်နှင့် တွဲဝင်မှ အလျော်များသည်။

ကွင်းထိပ်တွဲ ပွဲတိုက်တာမျိုးကတော့ အတော်ကို ရှားသည်။ တစ်ကွင်းလုံး တစ်ဦးစနှစ်ဦးစတိုက်သည့် တွဲပွဲကျတော့ ခြောက်ထောင်မျိုး ခုနစ်ထောင်မျိုး အလျော်ရှိသည်။ ဟိုခေတ်က ခြောက်ထောင်၊ ခုနစ်ထောင်ဆိုတာက သွပ်မိုးပျဉ်ကာ ပျဉ်ထောင်အိမ်တစ်အိမ် ဝယ်လို့ရသည်။

ခုခေတ်တွင်မူ မြင်းပွဲအစား ချိုင်းစာအုပ်တွေကို အခြေခံပြီး စာအုပ်ကုန် ဘောလ်ပင်ကုန်အောင် တွက်ချက်ရသည့် ဦးနှောက်စားသမားတွေပေါ်လာသည်။ မြင်းလောင်းပြီး အိတ်ဖောင်းသူထက် ဦးနှောက်စားပြီး အိတ်ပြားသူတွေက လက်ညှိုးထိုးမလွတ်။ သို့တစေ တွက်ကြဆဲ့ ထိုးကြဆဲသာပါ။

မြင်းပွဲကို ရန်ကုန်မြို့မှာ ကျင်းပပေမယ့် ရန်ကုန်မြို့တွင် နေထိုင်သူများသာ လောင်းကစားကြသည် မဟုတ်ပါ။ ထက်အောက် မြန်မာတစ်နိုင်ငံလုံး မြို့စုံနယ်စုံမှ လောင်းကစားကြသည်။ ငွေကြေးတတ်နိုင်သူများက ရထား၊ ကား၊ သင်္ဘောများဖြင့် မြင်းပွဲနေ့တွင် မြင်းကွင်းထဲသို့ အရောက်လာ၍ ကိုယ်တိုင်ကိုယ်ကျ လောင်းကစားကြသည်။

ရွှေပုံမွှါး ဘာခေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ စရိတ်စက အကုန်အကျခံပြီး မလာနိုင်သူများက မိမိတို့ မြို့နယ်ရှိ ဘွတ်ကီဒိုင်များမှာ ထိုးကြရသည်။ နယ်ဘွတ်ကီဒိုင်များမှာ တရားဝင်မဟုတ်စေကာမူ တရားဝင်သို့နှယ် ပြောင်ပြောင်တင်းတင်းပင် လုပ်ကိုင်ကြသည်။ အရေးယူတာတို့၊ ဖမ်းဆီးတာတို့ မရှိ။ ပြဿနာ ပေါ်မှသာ အရေးယူသည်။

ရန်ကုန်မြင်းပွဲကြီးကို နယ်ချဲ့အင်္ဂလိပ်အစိုးရက တရားဝင် ဖွင့်လှစ်ပေးထားသည်။ လူတွေ လောင်းကစားဘက် စိတ်ဝင်စားပြီး လောင်းကစားဘက်မှာ အာရုံရောက်နေလေ သူတို့က အကြိုက်တွေ့လေ။

လောင်းကစားဆိုတာက လှုပ်လေပေါ်လေမျိုးမဟုတ်။ လှုပ်လေ မြုပ်လေမို့ လူတွေကို မကောင်းသောလမ်းကြောင်းဘက်ပို့ပေးရန် ရည်ရွယ်ချက်ဖြင့် လောင်းကစားနယ်ပယ်ကို ချဲ့ထွင်ပေးခြင်းဖြစ်၏။

နောက်တော့ ရန်ကုန်မှာသာမက မန္တလေးမှာပါ မြင်းပွဲလုပ်ခဲ့သည်။ အုပ်စိုးသူ အင်္ဂလိပ်တို့က မြင်းပွဲသာမက ဟိုတယ်များတွင် တရားဝင် လောင်းကစားဝိုင်းကြီးများကိုပါ ခွင့်ပေးခဲ့သည်။ ချဲထီလို မက်လုံးပေးကောင်းသည့် သုံးဆယ့်ခြောက်ကောင် လောင်းကစားကိုလည်း မသိကျိုးကျွံ ပြု၍ မျက်နှာလွှဲနေခဲ့သည်။

ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေ၊ ဆေးလိပ်သမတွေ၊ ပန်းထမ်း သမားတွေကအစ လူလတ်တန်းစားအသိုင်းအဝိုင်းတွေပါ ထိကုန်ကြသည်။ သုံးဆယ့်ခြောက်ကောင်ထီက နေ့စဉ်ဖွင့်တာ။ တစ်ကျပ်ထိုးရင် လျော်ကြေး က သုံးဆယ့်ခြောက်ကျပ်။ သည်တော့လည်း ပါကုန်ကြတော့တာပေါ့။

နောက်ဆုံးတွင် သုံးဆယ့်ခြောက်ကောင်ကြောင့် အနေရဲသား တွေ မြုပ်သထက်မြုပ်၊ နစ်သထက်နစ်ပြီး ကြွေးကထူ၊ သူ့ကပူ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေသို့ ရောက်ခဲ့ကြသည်။ သုံးဆယ့်ခြောက်ကောင်ထီကြောင့် လူအများ ဆင်းရဲတွင်းနက်ပြီး အကျင့်စာရိတ္တ ပျက်ပြားလာသောကြောင့် သတင်းစာတွေက ဝိုင်းတွယ်ကြသည်။

ရန်ကုန်ပုလိပ်အဖွဲ့ကြီးကို ပြစ်တင်ဝေဖန်သည့် တစ်တစ်ခွခွ အရေးအသားများကြောင့် တာဝန်ရှိသူများမှာ မနေသာတော့ဘဲ ပြတ်ပြတ်သားသားအရေးယူဖို့ ရန်ကုန်ပုလိပ်မင်းကြီးကို မီးစိမ်းပြလိုက်ရသည်။

သုံးဆယ့်ခြောက်ကောင် အဓိကရဒိုင်ကြီးများကို ပြည်နှင်ဒဏ် ပေး၍ လက်ခွဲဒိုင်ကြီးများကို ဖမ်းဆီးအရေးယူခဲ့ရသည်။ မြင်းပွဲကတော့ မြင်းပွဲမှဝင်ငွေကို လူမှုရေးကိစ္စများတွင် အသုံးပြုမည်ဟူသော အကြောင်းပြချက်ဖြင့် တရားဝင်လုပ်ပိုင်ခွင့် ပေးထားသောကြောင့် သတင်းစာများကလည်း လက်ပိုက်ကြည့်နေရသည်။

မြို့တိုင်းမှာ ဘွတ်ကီဒိုင်များရှိသည်။ ရန်ကုန်တက်၍ မြင်းပွဲ မကစားနိုင်သူများက ကိုယ့်နယ်မြေခံ ဘွတ်ကီဒိုင်များဆီမှာ ကိုယ်ကြိုက်သည့် မြင်း နံပါတ်ကိုပြော၍ ဝင်းပလေးထိုးရသည်။

နှစ်ကောင်တွဲပွဲ၊ သုံးကောင်းတွဲပဲ ထိုးရသည်။ ဘွတ်ဒီဒိုင်များက ထိုးငွေနှင့် မြင်းနံပါတ်ပွဲစဉ် စသည်များ ရေးထားသည့် ဖြတ်ပိုင်းကလေးများ ပြန်ပေးသည်။ ငါးကျပ်ဖိုးထိုးလျှင် ခြောက်ကျပ်ပေးရသည့်။ တစ်ဆယ်ဖိုးထိုးလျှင် တစ်ဆယ့်နှစ်ကျပ်ပေးရသည်။

* ငွေတစ်ဆယ်ကို နှစ်ကျပ်အပိုဆောင်းပေးရသည်မှာ ရန်ကုန်မြင်းပွဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားထိုးပေးရသည့် ဘွတ်ကီအကျိုးဆောင်ကြေး။ ဘွတ်ကီဒိုင်က သောကြာနေ့ ညရထားနှင့် ရန်ကုန်ကူးလိုက်၊ စနေနေ့ညရထားနှင့် မြို့ကိုပြန်၊ တနင်္ဂနွေနေ့မနက် မြင်းပွဲတိုက်သူကို မြင်းပွဲ



www.burmeseclassic.com

www.burmeseclassic.com



လျော်ကြေးအတိုင်း ငွေရှင်းပေးသည်။

အလျော်ရသူတွေက အလျော်ရသည့် ငွေအနည်းအများ အလိုက် မေတ္တာကြေး(ဝါ) လက်ဖက်ရည်ဖိုးပေးကြသည်။ တစ်ချို့ဒိုင်တွေက ပေါက်သည့်အပေါ်မှာ ဒိုင်ကြေးယူကြသည်။ ဤသည်အလုပ်က လူတိုင်းလုပ်လို့ရသည့် အလုပ်မဟုတ်။

မြင်းပွဲနှင့် ဝင်ဆံ့သူ၊ လည်လည်ဝယ်ဝယ်ရှိသူ၊ ပေါက်ပေါက်ရောက်ရောက်ရှိသူ၊ ရိုးသားတည်ကြည်ပြီး အများ၏ ယုံကြည်ကိုးစားမှုကို ခံရသူ၊ ကလိမ်ကကျစ် မလုပ်တတ်သူ စသည့် အများအသိအမှတ်ပြု ခံရသူများသာ လုပ်လို့ရသည်။

လွင်ဦး၏အဖေ ဦးသိန်းမောင်မှာ သူကိုယ်တိုင်လည်း မြင်းဝါသနာအိုး၊ ရန်ကုန်မြင်းပွဲသို့လည်း အရောက်အပေါက်များသူဖြစ်၏။ ပထမတော့ ခင်မင်ရင်းနှီးသူ မိတ်ဆွေများ၏ လက်ဆင့်ကမ်းငွေကိုယူပြီး အခကြေးငွေမယူဘဲ ခရီးကြုံထိုးပေးသည်။

ဦးသိန်းမောင်၏ ရိုးသားတည်ကြည်မှုကို သိသူတွေက ဘွတ်ကီဒိုင်လုပ်ဖို့ ဝိုင်းဝန်းတိုက်တွန်း အားပေးရာမှ မရည်ရွယ်ဘဲ ဘွတ်ကီဒိုင်ဖြစ်လာသည်။ သူတို့မြို့မှာ ဘွတ်ကီဒိုင်နှစ်ဦးရှိသော်လည်း မြင်းဝါသနာအိုးများ၏ ယုံကြည်မှုကို ပိုခံရသည့် သူ့ဆီမှာသာ ထိုးသူများလာသည်။ သူက ကိုယ်တိုင်အတွက်အချက်လည်း ကောင်းသောကြောင့် ဝါသနာအိုးများမှာ သူ့ဆီသို့သာ အဝင်အထွက်များကြသည်။ သူကလည်း အကြံအဖန်မလုပ် အမှန်အကန်ပဲလုပ်သည်။

သည်လိုနှင့် "မရွယ်ဘဲ စော်ကဲမင်း"ဖြစ်ဆိုသလို ဘွတ်ကီဒိုင်ကြေးရသည့်ငွေမှာ သူ့အတွက် ငါးကြင်းဆီနှင့် ငါးကြင်းကြော်ဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



ကစားနိုင်သည့်အခြေအနေသို့ ရောက်လာသည်။ ဘွတ်ကီဒိုင်ဖြစ်လာပြီး နောက် ရန်ကုန်ကိုဆင်းရသည့် စံရိတ်စကသာမက သူကစားသည့် လောင်းကြေး ငွေပါ ကာမိသလိုရှိခဲ့သည်။ ကျောင်းဆရာလခ၊ ပွဲစားဝင်ငွေ၊ ဘွတ်ကီဒိုင်ဝင်ငွေ၊ အိမ်ဆိုင်ဝင်ငွေဖြင့် သူတို့မိသားစုမှာ စီးပွားရေးပြေလည်သည်။ ချောင်ချောင်ချိချိ နေနိုင်သည်။

လွင်ဦး ခုနစ်တန်းအောင်သည့်နှစ်တွင် သူ ကျောင်းတက်ရန် အတွက် စက်ဘီးတစ်စီးပင် ဝယ်ပေးနိုင်ခဲ့သည်။ လွင်ဦးမှာ ပညာရေး ဘက်တွင် ထူးချွန်သည့်အလျောက် မိဘဖြစ်သူများက အတော်ကြီး မျှော် လင့်ချက်ထားခဲ့ကြသည်။ ဦးသိန်းမောင်မှာ သူ့သားအပေါ် ထားသည့်မျှော် လင့်ချက် အကောင်အထည်ဖော်ရန် ဘွတ်ကီဒိုင်ဝင်ငွေကို သပိတ်ဝင်၊ အိတ်ဝင်ဖြစ်အောင် မြင်းလောင်း ကစားခြင်းကို လျှော့လိုက်သည်။

သူတို့မြို့မှာ ဘွတ်ကီဒိုင် နှစ်ဦးရှိသော်လည်း သူ့ဆီမှာသာ အထိုး များသောကြောင့် ကျန်တစ်ဦးမှာ ဘွတ်ကီဒိုင်အလုပ်ကို စွန့်လွှတ်သွား သည်။ သူတစ်ဦးတည်းမို့ ဝင်ငွေပိုကောင်းလာသည်။ သူကလည်း အကြံ အဖန်မလုပ်။ အမှန်အကန်ကိုသာ လုပ်ခဲ့သည်။ ဒါပေသည့် တစ်ပတ်မှာ သူတို့မြို့နယ် တရားသူကြီးရုံးမှ ဘီလစ်စာရေးကြီးဖြစ်သူက သုံးကောင်တွဲပွဲ ထိုးခိုင်းလိုက်သည်။

ဘီလစ်စာရေးကြီး ထိုးခိုင်းသည့် မြင်းများမှာ သုံးကောင်စလုံး ကော်ကောင်မြင်းများ မြင်းသမားအခေါ် ဘူကောင်မြင်းများဖြစ်နေသည်။ ထရစ်ဘယ်လ်တုတ်ခေါ် သုံးကောင်တွဲပွဲတွင် ပထမပွဲ၊ ဒုတိယပွဲ၊ တတိယပွဲ သုံးပွဲစလုံး ဘူကောင်တွေချည်း ဝင်ရိုးထုံးစံမရှိ။ သုံးကောင်တွဲတွင် ဘူကောင်တစ်ကောင်လောက် ပါလျှင်ပင် လျော်ငွေများသည်။ ဘီလစ်စာ



www.burmeseclassic.com

www.burmeseclassic.com



ရေးကြီး ထိုးခိုင်းလိုက်သည့် ဘူကောင် သုံးကောင်စလုံး ဝင်းဝင်ပြီး တွဲပွဲ တိုက်ဖို့ဆိုသည်မှာ မိုးပေါ်က အပ်တစ်ချောင်းနှင့် မြေကြီးပေါ်က အပ်တစ် ချောင်း ထိပ်တိုက်တိုးမိဖို့ ဆိုသည်ထက်ပင် ခက်ခဲသည်။

ဘိလစ်စာရေးကြီး ထိုးခိုင်းလိုက်သည့် မြင်းသုံးကောင်မှာ ပထမပွဲတွင် နံပါတ်သုံးတပ်ထားသည့်မြင်း။ တစ်ခါမှ မေဒင်မပြုတ်ဖူး သေး။ ဝင်းသော်လည်းကောင်း၊ ပလေးသော်လည်းကောင်း တစ်ခါဖူးမျှ မချိတ်ဖူးသေးသည့်မြင်း။

ဝင်း၊ ပလေးခေါ် ပထမ၊ ဒုတိယ ချိတ်ဖို့ မဆိုထားဘိ။ မြင်းဆယ် ကောင်ပြေးသည့်ပွဲတွင် မြင်းခုနစ်ကောင်၏ နောက်ကလိုက်လေ့ရှိသည့် မြင်း။ ပဥ္စမ၊ ဆဋ္ဌမနေရာလောက်မှ တစ်ခါဖူးမျှ နံပါတ်မချိတ်ဖူးသေးသော မြင်းပေါ့။ မြင်းသမားများအခေါ် မြက်စားလိုက်သည့်မြင်း။

ဘိလစ်စာရေးကြီးနှင့် ခင်မင်နေသည့်အလျောက် သည်အတွဲကို မထိုးဖို့ပြောကြည့်သေးသော်လည်းမရ။ ဘိလစ်ကြီးက ဒါဆိုဒါ။ ဒါလောက် တောင် ရှိလှတာဆိုပြီး လက်ခံဖြတ်ပိုင်း ပြန်ပေးသည်။ ကွင်းထဲရောက် သည့်အခါ အခြားထိုးခိုင်းသောတွဲပွဲ လက်မှတ်များနှင့် ဘိလစ်ကြီးအတွဲ ဂဏန်းကို ခေါက်ထားလိုက်သည်။

လိမ်မည်ဆိုသည့်သဘောဖြင့် ခေါက်ထားလိုက်သည်မျိုးတော့ မဟုတ်။ ဘယ်လိုမှ မဖြစ်နိုင်ဟု တွက်ဆပြီး ထိုးရမှာ နှမြော၍ ခေါက်ထား လိုက်ခြင်းဖြစ်၏။ မြို့ပြန်ရောက်ရင် အကျိုးအကြောင်းပြောပြပြီး ငွေပြန် ပေးမည်ဟု ရည်ရွယ်၍ စေတနာဖြင့် ခေါက်ထားလိုက်ခြင်းသာဖြစ်၏။ ဒါပေသည့် နဲ့ကြီးနင်းမိသည့်အဖြစ်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တိုးသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတွဲပွဲအပြီးမှာ ရင်တုန်ရင်ခုန်စရာဖြစ်သွားသည်။ ဒုတိယတွဲပွဲအပြီးမှာတော့ ရင်တုန်ရင်ခုန်ရုံသာမဟုတ် အတွင်းကလီစာတွေပါ ကပြောင်းကပြန်ဖြစ်ကုန်သည်။ တစ်ခေါင်းလုံး မူးဝေနောက်ကျိသွားသည်။ တတိယတွဲပွဲမှ မြင်းနံပါတ်(၉) ကျော်စိုးမိုးသာ ဝင်လိုက်ရင် သူဆက်မတွေးရဲတော့။ ကွင်းထိပ်တွဲပွဲဖြစ်သွားမည်မှာ သေချာသလို လျော်ငွေကလည်း သောင်းဂဏန်းနား ကပ်သွားမှာသေချာသည်။

နောက်ဆုံးတွဲပွဲပြေးတော့မည်။ သူ မကြည့်ရဲတော့။ ကွင်းအပြင်သို့ မထွက်ခဲ့ပေမယ့် မြင်းကွင်းကို ကျောခိုင်းပြီး လွတ်ရာကျွတ်ရာ အဆောက်အအုံနောက်ဘက် အုတ်ခုံလေးရှိရာသို့ သွားထိုင်နေလိုက်သည်။ တတိယတွဲပွဲ ပန်းဝင်သွားပြီ။ တစ်ကွင်းလုံး တိတ်သွားသည်။

သုံး၊ ခြောက်၊ ကိုး သွားပြီ။ ဘဝပျက်ပြီ။ ကိုယ့်ဘဝသာမဟုတ်၊ မိသားစုတစ်စုလုံးပါ ပျက်တော့မည်။ ထိုင်နေရာကအထတွင် မိုက်ခနဲဖြစ်ပြီး လဲတော့မလိုဖြစ်သွားသောကြောင့် နီးရာတိုင်တစ်တိုင်ကို လှမ်းကိုင်ထားလိုက်ရသည်။ သူ၏အပြန်ခရီးမှာ အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့သည်ကိုပင် ပြန်မပြောနိုင်။

အကျိုးအကြောင်းပြော၍ ဖြေရှင်းစရာအကြောင်းလည်းမရှိ။ တစ်သက်လုံး ကိုယ့်သိက္ခာကိုသာမက မိသားစုသိက္ခာကိုပါ ထိခိုက်တော့မည်။ ယုံကြည်မှုနှင့် လုပ်ရသည့် ပွဲစားအလုပ်ကိုပါ ထိခိုက်တော့မည်မို့ လျော်ရမည်မှတစ်ပါး အခြားမရှိ။

အတွင်းပစ္စည်းရွှေထည်များကို ရောင်းလိုက်ရရုံမက အိမ်ကိုပါ ရောင်း၊ အပေါင်စာချုပ်ဖြင့် လှည့်ငွေယူလိုက်ရသည်။ ဒါနှင့်မလောက်သေးသောကြောင့် ပွဲရုံပိုင်ရှင် အစ်ကိုဝမ်းကွဲထံမှ ချေးငွေကိုပါ ယူ၍ လျော်



www.burmeseclassic.com

www.burmeseclassic.com


လိုက်ရသည်။ ဦးသိန်းမောင်မှာ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားသည်။

အခြေအနေကောင်းနေသည့် မိသားစုအနေအထားမှာ နေ့ချင်းညချင်းဆိုသလို အဆိုးဘက်သို့ ပြောင်းလဲသွားသည်။ ကံကြမ္မာ အလှည့်အပြောင်းမှာ ယိမ်းယိုင်သွားသည့်အဆင့်ကိုလွန်၍ ပြိုလဲသည့် ဘက်သို့ ရောက်သွားသည်။

ဦးသိန်းမောင်မှာ စိတ်ကျဝေဒနာအလူးအလဲဖြစ်ပြီး အိပ်ရာထဲ လဲခဲ့သော်လည်း သားဖြစ်သူ ရှေ့ရေးအတွက် သူ ဆက်ပြီး ဦးမဆောင်ရင် မိသားစုမှာ နလန်မထူနိုင်တော့ဘဲ နစ်သထက်နစ်တော့မည့် အခြေအနေ ကြောင့် အိပ်ရာထဲမှ ကျုံးရုန်းထခဲ့ရသည်။ လုပ်ငန်းခွင်လည်း ပြန်ဝင်ခဲ့ရ သည်။

တင်ရှိနေသည့် ကြွေးမြီများ မပေးဆပ်နိုင်လျှင် လူပုံအလယ်မှာ မျက်နှာအပြရခက်အောင် အရှက်တကွဲ အကျိုးနည်းအဖြစ်နှင့် ကြုံရမည် မို့ ဖွဲ့စားလောကထဲသို့ ခြေပြန်ဆန့်ခဲ့ရသည်။ တစ်ခုတော့ရှိသည်။ အရှုံးထဲ က အမြတ်ထွက်သွားခြင်း။ မြင်းပွဲနှင့် ရှင်ခန်းသေခန်း ပြတ်ဖြစ်သွားသည်။ ဘွတ်ကီဒိုင်လည်းမလုပ်တော့။ ကိုယ်တိုင်လည်း လောင်းကစားခြင်းမပြု တော့။

မျှော်လင့် အားထားခဲ့သည့်အတိုင်း လွင်ဦးကလည်း လွတ်လွတ် ကျွတ်ကျွတ်အောင်သွားသည်။ သားဖြစ်သူကို တက္ကသိုလ်သို့ ပို့ရတော့ မည်။ ဒါပေသည့် သူတို့၏ စီးပွားရေးအခြေအနေက စိတ်သွားတိုင်း ကိုယ်မပါ နိုင်သည့်အခြေအနေ။

အိမ်အခြေအနေကို သိနေသည့် လွင်ဦးက တက္ကသိုလ်သွားရေး ကို ဦးတည်ချက်မထားတော့ဘဲ တောလက်ကျေးရွာ မူလတန်းကျောင်းများ


www.burmeseclassic.com

www.burmeseclassic.com



တွင် အလွယ်တကူ ရနိုင်သည့် ဆွဲခန့်ဆရာ ဝင်လုပ်မည်ဟု ဖခင်ကြီးအား ပြောခဲ့သည်။ ဦးသိန်းမောင်က ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်သည်။

နယ်ကနေ တက္ကသိုလ်ပို့ရသည့် စရိတ်စကမှာ တစ်မိသားစုလုံး၏ တစ်လစာကုန်ကျစရိတ်ထက်ပိုသည်။ လွင်ဦးက ခြိုးခြိုးခြံခြံ သုံးစွဲနေထိုင်သည့်တိုင် တစ်လသုံးရာတော့ပို့ရမည်။ တစ်လသုံးရာမှာ ထိုစဉ်အချိန်ကာလက ဌာနခွဲစာရေးကြီးလစာ။ ဦးသိန်းမောင်ရသည့်လစာထက် သုံးပုံတစ်ပုံကျော် ပိုသည်။

သို့စေကာမူ ဦးသိန်းမောင်က သားဖြစ်သူကို မဖြစ်ဖြစ်တဲ့နည်းဖြင့် တက္ကသိုလ်ပို့မည်ဟု အနိုင်အမာပင် ဆုံးဖြတ်ထားသည်။ မြို့လည်ခေါင်ကအိမ်ကိုရောင်းပြီး မြို့စွန်မြို့ဖျားမှာ သွားနေရစေကာမူ ရောင်းမည်နေမည်ဟုလည်း ဆုံးဖြတ်ထားသည်။

မိဘမေတ္တာဟူသည် တုနှိုင်းစရာမရှိဟု အဆိုရှိသည့်အတိုင်း ဦးသိန်းမောင်က သားဖြစ်သူအတွက် အရာရာကို စွန့်လွှတ်ဖို့ရန်ဝန်မလေး။ မိခင်ကြီးကလည်း တက္ကသိုလ် သွားရေးမှတစ်ပါး တခြားဘာမှ မစဉ်းစားရန်သားဖြစ်သူကို နားချခဲ့သည်။ အိမ်ထောင်ကွဲနေထိုင်သည့် အစ်ကိုကြီးကလည်း သူတတ်နိုင်သမျှ ကူညီမည်ဟု အားပေးစကားပြောလာသည်။

သည်လိုနှင့် သူ တက္ကသိုလ်တက်ဖို့ ဖခင်ဦးသိန်းမောင်၏ ဆုံးဖြတ်ချက် အတည်ဖြစ်သွားသည်။ ဦးသိန်းမောင်၏ အစ်ကိုတစ်ဝမ်းကွဲ ပွဲရုံပိုင်ရှင်က နာရီတစ်လုံးနှင့် ဘဝတ်အစားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူပံ့ပိုးပေးခဲ့သည်။

ကျောင်းကိစ္စအထွေထွေအတွက် ဦးသိန်းမောင်ပါ ရန်ကုန်သို့ လိုက်ပါခဲ့သည်။ ပုဇွန်တောင်ဘက်ရှိ အမိကရ ကျောင်းတိုက်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွင် တိုက်အုပ်စာချဆရာတော်အဖြစ် သီတင်းသုံးနေသူ ဘုန်းတော်ကြီးမှာ မိခင်ဒေါ်စိန်ရင်၏ အစ်ကိုဝမ်းကွဲ။

အဲဒီကျောင်းမှာ တည်းခိုပြီး လွင်ဦး ကျောင်းကိစ္စကို စီစဉ်လုပ်ကိုင်ရမည်။ ကျောင်းသို့ရောက်သည့်အခါ လွင်ဦး၏ ပညာရေးထူးချွန်မှုနှင့် ရှေ့ဆက်ရမည့်ကိစ္စကို ဆရာတော်အား လျှောက်ထားခဲ့သည်။

ဆရာတော်က သူတို့၏ စီးပွားရေးအခြေအနေကို သိထားသည့်အလျောက် လွင်ဦး တက္ကသိုလ်တက်ရေးကိစ္စအတွက် လမ်းကြောင်းနှစ်ခုပေးသည်။ တစ်ကြောင်းက အလုပ်လုပ်ပြီး သက်ကြီးတက္ကသိုလ်တက်ဖို့နှင့် တစ်ကြောင်းက တက္ကသိုလ်တွင် ကုန်ကျမည့် ဘော်ဒါစရိတ်ကို ခြိုးခြံသောအားဖြင့် သူ့ကျောင်းတွင်နေ၍ တက္ကသိုလ်သို့ နေ့ကျောင်းသားအဖြစ် တက်ရန်ဖြစ်၏။

ဦးသိန်းမောင်က ဆရာတော်ပေးသည့် လမ်းကြောင်းနှစ်ခုစလုံးကို သဘောမတွေ့။ ဒုတိယလမ်းကြောင်းထက် ပထမလမ်းကြောင်းကို ပို၍ သဘောမတွေ့ ဖြစ်ရသည်။ အလုပ်တစ်ဖက် ကျောင်းစာတစ်ဖက်။ အလုပ်ချိန်နှင့် ကျောင်းချိန်ကလည်း တစ်ဆက်တစ်စပ်တည်း။ အလုပ်ကဆင်းသည်နှင့် ကျောင်းကိုအပြေးအလွှား သွားရမည်။ နားချိန်မရှိ။

အပြေးအလွှားကနေ ထွက်လာမည့်ချွေးကိုပင် အချိန်လု၍ သုတ်ရမည့်အနေအထား။ ဟိုမရောက်သည်မရောက် ကြားပေါက်ယိုမှာကို စိုးရိမ်သည်။

လွင်ဦးက ပထမလမ်းကြောင်းကို သဘောကျသည်။ မိဘတွေကို ပြန်လည်မထောက်ပံ့နိုင်သည့်တိုင် သူ့စရိတ်နှင့်သူ အဆင်ပြေသည့် လမ်းကြောင်းမို့ သဘောကျသည်။ သူက သူ၏ ဝီရိယနှင့် ကြိုးစားမှုကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်သည်။ ပညာရေးအတွက် အနှောင့်အယှက် ဖြစ်စရာမရှိဟု ထင်မြင်သည်။

ဦးသိန်းမောင်က မထမလမ်းကြောင်းကို လုံးဝသဘောမတူ။

ဒုတိယလမ်းကြောင်းကို သဘောတွေ့သလို ရှိသော်လည်း မကြိုက်ပြန်။ ဘုန်းကြီးကျောင်းမှာနေပြီး တက္ကသိုလ်တက်ရမည့်အတွက် ပတ်ဝန်းကျင်မှာ သားဖြစ်သူ မျက်နှာငယ်လေမလားဆိုသည့် မိဘမေတ္တာ စေတနာ အစိုးရိမ်လွန်ကဲနေပြန်သည်။

ပုဇွန်တောင်ကနေ တက္ကသိုလ်နယ်မြေရှိရာ ကမာရွတ်အထိ သွားရမည့်ခရီးတာကြောင့် အချိန်ကုန်လူပန်းဖြစ်ပြီး စာကျက်ချိန် နည်းသွားမည်ကိုလည်း စိုးရိမ်ပြန်သည်။ ဘုန်းကြီးကျောင်းမှာ နေရထိုင်ရတာက ဘော်ဒါနေသလို လွတ်လွတ်လပ်လပ်နေလို့မဖြစ်။

တစ်ဖက်တစ်လမ်းမှ ကျောင်းဝေယျာဝစ္စများကို ကူညီရမည်။ သည်အတိုင်းနေလို့ မသင့်လျော်သလို ဆရာတော်ဘက်ကို ပြန်ငဲ့ရမည့် အကြောင်းကြောင်းတွေ ရှိနေပြန်သည်။ သူတို့သားအဖနှစ်ယောက် သည်သို့မည်ပုံ သဘောထား အတိုင်အပင် ပြုကြစေကာမူ ဆရာတော်ကို ပြန်လည်လျှောက်တင်ဖို့ကျတော့ ဦးသိန်းမောင်မှာ အလျှောက်ရခက်နေပြန်သည်။

ဆရာတော်ကို ရှိသေလေးစားရသလို မိရိုးဖလာ အစဉ်အလာ အရ စိုးရွံ့စိတ်ရှိရပြန်သည်။ နောက်ဆုံးတွင် ပရိယာယ်သွယ်၍ ပထမတစ်နှစ်တာလောက် စမ်းကြည့်ပါရစေဟု လျှောက်တင်လိုက်ရသည်။ သို့တစေ ဆရာတော်က လက်မခံ။

လူဆိုတာ ကိုယ့်အခြေအနေ၊ ကိုယ့်အကြောင်း၊ ကိုယ့်အသွင်းရေး



www.burmeseclassic.com

www.burmeseclassic.com



ကို အမှန်မြင် အမှန်သိဖို့လိုကြောင်း၊ ဝမရှိဘဲ ဝိလုပ်ရင် ဟိုမရောက်သည် မရောက်ဖြစ်တတ်ကြောင်း၊ ဥပမာစကား အကြောင်းအကျိုးတွေပြောပြပြီး လွင်ဦးကို ဦးတည်၍ မေးခွန်းထုတ်လိုက်သည်။ ဆရာတော်မေးလိုက်သည့် မေးခွန်းက တိုတိုတုတ်တုတ်။

"လွင်ဦး"

"မှန်ပါ့ဘုရား"

"မင်း ဘုန်းကြီးကျောင်းကနေ တက္ကသိုလ်တက်ရမှာ ရှက်သလား"

"မရှက်ပါဘူးဘုရား"

"ကဲ . . . ဒါဆိုပြီးရော၊ ဒကာကြီးပြန်တော့"

ကိစ္စပြတ်သွားပြီ။ နောက်ထပ် အထွန့်တက်လျှောက်တင်စကား တင်လျှောက်ရန်မရှိတော့။ သည်လိုနှင့် လွင်ဦးမှာ ဘုန်းကြီးကျောင်းနေ တက္ကသိုလ်ကျောင်းသားဖြစ်လာရသည်။

လမ်းစရိတ်၊ မုန့်ဖိုး၊ စာအုပ်ဖိုးနှင့် ကျောင်းလခအပြင် လွင်ဦး အတွက် အိမ်မှ အခြားစရိတ်ထောက်ပံ့စရာမလို။ ဒါကိုပင် ဆရာတော်က တာဝန်ယူမည် ပြောသေးသည်။

ဆရာတော်က ကျောင်းထမင်း၊ ကျောင်းဟင်း စားပြီး ကျောင်းကို မှီခိုနေထိုင်ရင်း ဝေယျာဝစ္စလုပ်ရမည်။ ဒါမှ သံသရာ ဝန်ထုပ်ဝန်ပိုးလျော့ ပြီး ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမည်။ နို့မဟုတ်လျှင် သံသရာကြွေး ကိုယ့် အပေါ်မှာ တင်တတ်ပါကြောင်းပြော၍ တတ်စွမ်းသမျှ ကျောင်းဝေယျာ ဝစ္စများလုပ်ဖို့ ပြောသည်။

ဒါကိုတော့ သူကလည်း သဘောပေါက်ပြီးသားမို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံး မကြီး။ ဒါ့အပြင် ဆရာတော်က အိပ်ရာထ၊ အိပ်ရာဝင် ဝတ်မပျက် ဘုရားဝတ်ပြုရမည်။ ညအိပ်ရာဝင်ခါနီး ငါးပါးသီလယူပြီး အနည်းဆုံးနာရီဝက် ပုတီးစိပ်ရမည်။ ပုတီးစိပ်သည့်အခါ ဝတ်ကျေတန်းကျေမဟုတ်ဘဲ သမာဓိရအောင် စိတ်ပါလက်ပါ၊ တည်တည်ငြိမ်ငြိမ် ပုတီးစိပ်ရမည်ဟု ဆုံးမဩဝါဒပေးသည်။

"အေး သမာဓိတည်အောင် ပုတီးစိပ်နိုင်ရင် မင်းရဲ့လောကီပညာရေးမှာလည်း အထောက်အပံ့ ဖြစ်လိမ့်မယ်။ မင်းရဲ့ ဘဝတစ်သက်တာမှာ စွဲစွဲမြဲမြဲ မှတ်ထားဖို့က ဘာကိုလုပ်လုပ် သူများပြောလို့ လုပ်တာမျိုး မဖြစ်စေနဲ့။ ကိုယ့်ရင်ထဲကဖြစ်တဲ့ အသိစိတ်ဓာတ်နဲ့ ယုံယုံကြည်ကြည် လုပ်"

"တင်ပ့ါ အရှင်ဘုရား၊ အရှင်ဘုရား၏ အဆုံးအမ တပည့်တော် တည်အောင်ထိန်းပါ့မယ် ဘုရား"

လွင်ဦးမှာ တက္ကသိုလ်ကျောင်းသားဘဝ၊ အသက်(၁၈)နှစ်မပြည့် တတ်မီကပင် သဘောမျှသာ မဟုတ်သော မနောပါသည့် ပုတီးစိပ်အလေ့ အကျင့်ကောင်းနှင့် ရှုပ်ထွေးခဲ့ရသည်ပါ။

ကျောင်းပိတ်၍ အိမ်ပြန်နေထိုင်သည့်အခါတွင်လည်း ဘုရားရှိခိုးနှင့် ပုတီးစိပ်ဝတ်မပျက်ခဲ့။ ကျောင်းတွင်နေရထိုင်ရ၊ စားရသောက်ရသည်မှာ အားလုံးအဆင်ပြေသည်။ ကျောင်းမှာ ဆွမ်းနှင့်ဆွမ်းဟင်း ပေါလျှံသည်။ ပေါရုံမဟုတ်၊ လျှံနေသောကြောင့် မလုံမလောက် ခြိုးခြံစားရသောက်ရသည်ဟူ၍မရှိ။

ဘကြီးဘုန်းကြီးကို ကိုးကွယ်သူ အသိုင်းအဝိုင်းအား ကောင်းသလို၊ ငွေကြေးပြည့်စုံသူတွေ များသည့်အလျောက် လိုလေသေးမရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသည်။ သူက ညဏ်သွက်ညဏ်ထက်သည့်အလျောက် ကျောင်းစာကို အပတ်တကုတ် မကြိုးစားရ။

ရရှိသည့်အချိန်ပိုများကို ကျောင်းဝေယျာဝစ္စကိစ္စဟူသမျှ ပါဝင်လုပ်ကိုင်သောကြောင့် မျက်နှာမငယ်ရသည့်ပြင်၊ ဆရာတော်ကြီးက အစ ကွယ်ရာတွင်ရော၊ ရှေ့တင်ပါ ချီးကျူးစကားဖြင့် အမွှမ်းတင်ခံရသည်။

သူ့အတွက် တစ်ခုတော့ ပြောစရာရှိသည်။ ကျောင်းမှာ အပေါင်းအသင်း မည်မည်ရရ မထားသလို၊ တက္ကသိုလ်၏ အပျော်အပါး အဝန်းအဝိုင်းနှင့် ကင်းကင်းလွတ်လွတ် နေထိုင်ခဲ့ခြင်းပင်ဖြစ်၏။

ထိုသို့နေထိုင်ခဲ့သည်မှာလည်း သူ့အကြောင်းနှင့်သူ ဘယ်မှာနေသလဲဆိုသည့်အမေးကို ဖြေရန်ဝန်လေးသည့် အကြောင်းမှာ အဓိက။ ဘုန်းကြီးကျောင်းမှာ နေရသည်ကို ပြောရမှာရှက်လို့တော့မဟုတ်။ မလိုလားအပ်သည့် အထင်သေးမှု ရိုက်ခတ်လာရင် ကိုယ်သာလျှင် စိတ်အားငယ်ရမှာ ဖြစ်မှာမို့ အခြေအနေအရ အပေါင်းအသင်းအသိုင်းအဝိုင်းနှင့် မရောထွေးအောင် ခပ်ကင်းကင်းပင် နေထိုင်ခဲ့သည်။

တစ်ခုလည်း ကောင်းသည်ဟု ဆိုရမည်။ အပေါင်းအသင်းများနှင့် သွားဟယ်၊ လာဟယ်နေသည့်အချိန် မဖွဲ့ရသောကြောင့် စာကြည့်ချိန်ပိုရသည်။ ပထမနှစ် စာမေးပွဲကို လွယ်လွယ်ကူကူ စိတ်ကြိုက်ဖြေဆိုနိုင်ခဲ့သည်။ ကျောင်းပိတ်အိမ်အပြန်တွင် စိတ်ထွေး၊ စိတ်လေးစရာ မကပ်စွဲဘဲ စိတ်လက် ပေါ့ပေါ့ဖြင့် အိမ်ပြန်နိုင်ခဲ့သည်။

အိမ်ပြန်ရောက်တော့လည်း စိတ်ချမ်းမြေ့စရာနှင့် ကြုံခဲ့ပိုက်ရသောကြောင့် ဘုန်းကြီးကျောင်းနှင့် တက္ကသိုလ်ကျောင်းမှာ အနေကုတ်



www.burmeseclassic.com

www.burmeseclassic.com



ကုတ် နေခဲ့ရသည်ကို အတိုးချပြီး၊ စိတ်လွတ်ကိုယ်လွတ် နေထိုင်လည်ပတ် နေလိုက်သည်။

ဖခင်ဖြစ်သူ၏ ပွဲစားလုပ်ငန်းမှာ အတော်လေး အခြေအနေ ကောင်းနေသောကြောင့် အိမ်ပေါင်ကိစ္စပြေလည်သည်အထိ ဖြစ်လာသည်ကို သိရသည်။ ကြွေးမြီအားလုံးတော့ မကင်းရှင်းသေး။ ကြွေးပူရှင်းသွားပြီမို့ ကျန်နေသေးသည့် ကြွေးအေးကိစ္စက အကြောင်းမဟုတ်တော့။

အိမ်ပေါင်ထားရသည့်ကြွေးပူက အတိုးရှိသည်။ ဆွေမျိုးများဆီက ဆွဲလွဲထားရသည့် ကြွေးအေးက ဖွဲဆပ်သွားလို့ရသည်။ ဖခင်ဖြစ်သူကသည်အခြေအနေကို ပြောပြသည်မှာ အကြောင်းမဲ့တော့မဟုတ်။ အကြောင်းကို အခြေခံ၍ ပြောလာခြင်းဖြစ်သည်။

သားဖြစ်သူ ဒုတိယနှစ် ကျောင်းပြန်တက်သည့်အခါ ဘုန်းကြီးကျောင်းကနေ ကျောင်းမတက်တော့ဘဲ တက္ကသိုလ်အဆောင်တွင်နေ၍ ကျောင်းတက်ရန် အကြောင်းကို ပြောချင်သောကြောင့်ဖြစ်၏။

စီးပွားရေးအခြေအနေ ယိုင်သွားစဉ်ကတောင် အဆောင်နေကျောင်းသားအဖြစ် ကျောင်းတက်စေချင်သည့်ဆန္ဒ ပြင်းပြလွန်းသည့် ဖခင်ကြီးက အခြေအနေ ကောင်းလာပြီဖြစ်သည့်အလျောက် တက္ကသိုလ်ကျောင်းတော်သားကြီးပီပီသသ ကျောင်းတက်စေချင်သည့်ဆန္ဒကို ပြန်လှည့်ထုတ်ဖော်ပြောဆိုလာသည်။

လွင်ဦးက လက်ရှိအခြေအနေတွင် အသားကျနေပြီဖြစ်သည့် အလျောက် အဆောင်နေ ကျောင်းသားအဖြစ်မနေလိုတော့သည့်အပြင် ယခုအခေါက် ကျောင်းပြန်ဖွင့်ရင် စက်ဘီးယူသွားပြီး စက်ဘီးနှင့် ကျောင်းတက်ရန် စိတ်ကူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုစဉ်တုန်းက အခုလို ကားတွေမရှုပ်။ စက်ဘီးကို ဟိုင်းေးသည် ငေး ငေးပြီးစီးလို့ဝင် ရသည်။ စက်ဘီးနှင့် ကျောင်းတက်သည့်အတွက် အသွားအပြန် ကားစောင့်ရသည့်အချိန်ကုန် သက်သာသွားမည်။ မိသားစု က ထောက်ပံ့ရမည့်စရိတ်လည်း သက်သာမည်။ လွင်ဦးကူ့ လူငယ်ပေမယ့် ချင့်ချင့်ချိန်ချိန် တိုင်းတိုင်းဆဆ အတွေးအခေါ် ရှိသူပါ။

တကယ်တော့ သူ့စိတ်ကူး မှန်သည်ဟု ဆိုရပါမည်။ လောကနိ ယာမသဘောက တာမဆို တည်တံ့နေသည်။ မြဲနေသည်ဟူ၍မရှိ။ ရွေ့ လျားပြောင်းလဲနေသည့် သဘောသာရှိသည်။ ကံကြမ္မာအလှည့်အပြောင်း ဆိုသည်ကို တရားသေတွက်လို့မရသလို မထင်မှတ်သော အပြောင်းအလဲ များဖြစ်တတ်သည်မှာလည်း မုတ်သုန်ရာသီ ပင်လယ်ပြင်ပမာသို့ နှယ် ရှိပါချေ၏။

မုတ်သုန်၏ ပင်လယ်ပြင်မှာ ငြိမ်သက်ခြင်းနှင့် ဆုံဆည်းနေရာမှ ရုတ်တရက် မငြိမ်မသက် လေလှိုင်းလှုပ်ရှား အနေအထားသို့ ကူးပြောင်း သွားတတ်၏။ အခြေကျနေသော အသားကျနေသော လွင်ဦး၏ တည်ငြိမ် နေသောဘဝကို လှုပ်ခတ်သွားစေသည့် ကံကြမ္မာအလှည့်အပြောင်းတစ်ခု ရိုက်ခတ်မှုနှင့် ကြုံဆုံလိုက်ရ၏။

ပြင်းထန်သော ရိုက်ခတ်မှုက သူ၏ဘဝကို အတော်ကြီး လှုပ်ရှား သွားစေခဲ့သည်။ ဒုတိယနှစ် စာမေးပွဲ ဖြေဆိုရန် လပိုင်းအလို၊ သံကြိုးစာ ရှက်ကိုကိုင်ပြီး ငိုင်ကျသွားသည်။ ရင်ထဲမှာ တလှုပ်လှုပ် လှုပ်ခတ်သွား သည်။

ကြေကွဲဝမ်းနည်းရခြင်း မျက်ရည်များမှာ မျက်အိမ်တွင်းမှ ထွက်အံစီးကျလာသည်။ အစားပြန်မရနိုင်သော ဆုံးရှုံးခြင်းမိမာမကျန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြောင်း သတင်းမကြား စာမလာဘဲ ဆုံးပြီဆိုတော့မှ သံကြိုးစာဖြင့် အသိပေးလာသည်။

အမေဆုံးပြီ။ ဆရာတော်ကို လျှောက်ထားပြီး ရရကားကြုံစီးပြီး ပြန်ခဲ့ရသည်။ သက်တောင့်သက်သာမဟုတ်သော ကုန်တင်လော်လီကြီးပေါ် လူရောစိတ်ပါ ယိမ်းထိုးလိုက်ခဲ့ရသည်။ မိခင်ကြီးကို အပြစ်မတင်သာပေမယ့် အစ်ကိုကြီးကိုတော့ မကျေမနပ် အပြစ်တင်လိုက်မိသည်။

သေကောင်ပေါင်းလဲ ဖြစ်အောင် မကျန်းမမာဖြစ်နေစဉ် ဘာလို့များ အကြောင်းမကြားရသလဲဟု။ သူမရောက်ခင်ကတည်းက ခန်းခြောက်နေသည့် အမေ၏မျက်ရည်များမှာ သူရောက်သွားသည်နှင့် ပြန်လည်ယိုစီးထွက်အံလာသည်။

အဲဒီတော့မှ သူ့ဆီ ဘာလို့အကြောင်းမကြားသလဲဆိုသည့် ပြစ်တင်စောမိသည်ကို နောင်တရသွားသည်။ ရုတ်တရက်ပြင်းပြင်းထန်ထန် နှလုံးရော ဂါထိုးနှက်မှုဒဏ်ကို ခံလိုက်ရသည်မှ သတိနှင့်အသိ လွင့်ပျောက်သွားသည်။ ဆေးရုံချက်ချင်းတင်သည်။ တစ်ရက်ပဲခံသည်။ သူ့ထံကို အကြောင်းကြားဖို့ အချိန် မရလိုက်။

ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်။ ရှေ့ရေးကိုသာ စဉ်းစားရတော့မည်။ သူ တဏ္ဍသိုလ်ရောက်ပြီးမှ အလုပ်လောဘကြီးလွန်းသည်ကို အမေပြောပြ၍ သိရသည်။ ဖခင်ကြီးက အသက်အရွယ်နှင့်မမျှအောင် အလုပ်လောဘဇော တိုက်နေသည်မှာ ဘယ်သူ့ကြောင့်ဆိုသည်ကို သိနေသည့်သူက ပို၍ စိတ်ထိခိုက်မှု ခံစားနေရသည်။

သူ့အတွက် ဖခင်ကြီး ဝန်ထုပ်ဝန်ပိုး ပုံပိုးခဲ့သလို ကျန်ရစ်သူ မိခင်ကြီး၏ သို့ ထိုဝန်ထုပ်ဝန်ပိုးကို ပြောင်းမပေးတော့ဟု ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒုတိယနှစ် စာမေးပွဲကိုတော့ဖြေမည်။ စာမေးပွဲဖြေပြီးရင်တော့ တက္ကသိုလ်ပရဝုဏ်ကို သူ ကျောခိုင်းတော့မည်။ ဒါပေသည့် ထိုအကြောင်းကို ဘာမှမပြောသေး။ ပြောရန်အချိန်အခါလည်း မဟုတ်သေး။ ကျောင်းပိတ်ပြန်မှ ထိုကိစ္စကို ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

ခုနေပြောရင် မိခင်ကြီးခမျာ တစ်ပူပေါ် နှစ်ပူဆင့်ရုံပဲရှိမည်။ အသုဘကိစ္စပြီးသည်နှင့် ရက်လည်အောင်ပင် မနေရဘဲ ရန်ကုန်သို့ ပြန်ခဲ့ရသည်။ သူ၏ဆန္ဒကြောင့်တော့မဟုတ်။ အမေအပါအဝင် အားလုံး၏ဆန္ဒကြောင့်။ ရက်လည် ဆွမ်းသွပ်ပြီးသည်အထိ မနေဘဲ စာမေးပွဲကိစ္စအတွက် အမြန်ဆုံးပြန်ရန် အားလုံးဝိုင်းဝန်းတိုက်တွန်းကြသည်။

ဖခင်ကြီး မရှိတော့ပြီဆိုသည့်အသိက သူ၏ရင်ကို ပူလောင်စေခဲ့သည်။ သူမှာ ပို၍ သတိရစရာအကြောင်း ရှိနေသည်။ မနှစ်က ကျောင်းသို့အပြန်တွင် ဖခင်ကြီးကိုယ်တိုင် ဘူတာသို့ လိုက်ပို့ခဲ့သည်။ ခုတစ်ခေါက်တွင် အစ်ကိုကြီးဖြစ်သူက လိုက်ပို့သည်။ ခံစားမှုမတူညီသလို ပို၍သတိရစေသည်။

ဆရာတော်၏ ရှေ့မှောက်သို့ ရောက်သည့်အခါ ဖခင်ကြီး၏ အဖြစ်အပျက်ကို မျက်ရည်ဝိုင်းလျက် လျှောက်တင်ခဲ့ရသည်။ ဆရာတော်က လောကီရေးရာနှင့် ဆက်နွယ်သည့်စကားကိုမဆို။ တရားစကားများဖြင့် ကြေကွဲမှု ပူဆွေးနေမှုကို နှစ်သိမ့်ပေးသည်။

သူ၏ ပညာရေးခရီးဆက်ရန်အတွက် အားမငယ်ဖို့ အားပေးစကားပြောပြီး ဖြေဆိုရန် နီးနေပြီဖြစ်သည့် စာမေးပွဲကို အာရုံစိုက်ရန် လမ်းညွှန်ဆုံးမသည်။ ဒုတိယနှစ် စာမေးပွဲကိုလည်း ကျိန်းသေပေါက်အောင်မည်ဟု ပြောရမည်သို့အောင် အားပါးတရ ကျေးဇူးနပ်နပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုနိုင်ခဲ့သည်။

စာမေးပွဲကို စိတ်ကြိုက်ဖြေဆို နိုင်ခဲ့စေကာမူ သူ့မှာ ရာနှုန်းပြည့် ဝမ်းမသာနိုင်။ တက္ကသိုလ်မှာ နောက်ဆုံးဖြေဆိုရမည့် စာမေးပွဲဟု ဆိုရမည့် ခံစားမှုရှိနေပြီမို့ ကြိုးစားပမ်းစား ဖြေဆိုလိုက်ရပေမဲ့ ရာနှုန်းပြည့် ဝမ်းသာပီတိ ကြည်နူးမှုကို မခံစားရ။ ဖခင်ကြီး မရှိတော့ပြီ ဖြစ်သည့်အလျောက် အိမ်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းရမည့် တာဝန်ရှိလာပြီ။

ဘွဲ့ရသည်အထိ တက္ကသိုလ်ပညာရေးဆက်ရန် အခြေအနေ မပေးတော့။ ဒုတိယနှစ်အောင်ပြီးရင် နေရင်းဒေသမှာ အလယ်တန်းပြ ဆရာ အလုပ်လောက်တော့ ရည်မှန်းနိုင်သည်။ မြို့ပေါ်မှာ မရနိုင်သည့်တိုင် မြို့နှင့်မနီးမဝေးနေရာလောက်မှာတော့ ရနိုင်ဖို့သေချာသည်။ ကိုယ့်ဒေသနှင့် ဝေးဝေးလံလံ မခွာရမည့် ကျောင်းဆရာအလုပ်ကိုပင် ဝင်လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

အိမ်ပြန်တော့မည့်အကြောင်း ဆရာတော်အား လျှောက်ထားရသည်။ ဆရာတော်က သူ၏ ပညာရေးခရီးဆက်ရန် ဘယ်လိုအစီအစဉ်ရှိသည်ကို အမေးအမြန်း ရှိလာသည်။

သူက နောက်နှစ်ကျောင်းဆက်မတက်တော့ဘဲ သူတို့ဒေသမှာ အလွယ်တကူရနိုင်မည့် မူလတန်းပြဆရာပဲ ဖြစ်ဖြစ်၊ အလယ်တန်းပြဆရာပဲဖြစ်ဖြစ် ရသည့်အလုပ်ဝင်လုပ်ပြီး အိမ်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီရတော့မည့်အကြောင်း လျှောက်တင်လိုက်သည်။

"နေပါဦး လွင်ဦးရ။ မင်းတို့အိမ်အခြေအနေက ဒီလောက် တောင်ဖြစ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ဘုရား။ အခြေအနေ အဆိုးကြီး မဟုတ်ပေမယ့် အမေ့အိမ်ဆိုင်ဝင်ငွေက တပည့်တော်ရဲ့ ကျောင်းစရိတ်ကို ထောက်ပံ့နိုင်လောက်တဲ့ အခြေအနေမရှိပါဘူး ဘုရား"

"နို့နေပါဦး။ မယ်စိန်ရင်တို့ သားအမိက စားရေးသောက်ရေးအတွက် ပြဿနာရှိနေသလား။ လွန်းမောင်လည်း ရှိနေသားပဲဟာ။ သူလည်း တစ်ဖက် တစ်လမ်းက တာဝန်ယူလိမ့်မပေါ့။ သူ့အခြေအနေလဲ အသင့်အတင့် ကောင်းနေသားပဲဟာ"

"မှန်ပါ့ဘုရား။ တပည့်တော်အတွက် သိပ်တာဝန်လေးမှာစိုးလို့ တပည့်တော်ခုလို လုပ်ရမှာပါ ဘုရား"

"အေး . . . ဒါဆိုကောင်းပြီ။ မင်းကျောင်း စရိတ်အတွက် လိုအပ်တာအားလုံး ငါတာဝန်ယူမယ်။ ဒီတော့ မင်းကျောင်းဆက်တက်ရမယ်။ မင်းအမေဆီကိုပါ စာရေးလိုက်မယ်"

"တပည့်တော်အတွက် အရှင်ဘုရားမှာ"

"တော်ပြီ။ ဘာမှ ထပ်ပြောစရာမလိုဘူး။ ငါပြောတဲ့အတိုင်း လုပ်ရမယ်။ မင်းအခု အိမ်ပြန်။ ကျောင်းဖွင့်ဖို့ တစ်ပတ်အလိုမှာ ပြန်လာခဲ့။ ငါပြောတဲ့အတိုင်း မလုပ်ရင် မင်းတို့ ငါ့ဆီကို သေတစ်ပန် သက်တစ်ဆုံး မလာကြနဲ့တော့"

ဆရာတော်က အပြတ်ပြောပြီး ထသွားသည်။ သည်သို့မှ ဘွဲ့ရသည်အထိ ကျောင်းဆက်နေဖြစ်သွားသည်။ သူ၏ ငယ်စဉ်ဘဝပေးအခြေအနေမှာ အဆိုးနှင့်အကောင်း ဒွန်တွဲလျက်။ သို့တစေ ရိုးသားကြိုးစားသူ လူငယ်တစ်ယောက်အဖြစ် ရင်ဘည်ခဲ့သူဟု သတ်မှတ်ရမည်ပါ။

လေးနှစ်တာကာလ ဘကြီးဘုန်းတော်ကြီးနှင့် အနီးကပ်နေခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တစ်နေ့နှစ်ကြိမ် မှန်မှန်ဘုရား ဝတ်ပြုခြင်းနှင့် ပုတီးစိပ်ခြင်း အလေ့အကျင့်ကောင်းကို ရရှိခဲ့သည်။

ဤသည်မှာ သူ၏ ငယ်စဉ်ဘဝနှင့် ဘွဲ့ရသည့်အထိ လှုပ်ရှားခဲ့ရသော အခြေအနေပင်ဖြစ်၏။

✣ ✣ ✣

ရွှေပုံမွှါး

www.burmeseclassic.com

www.burmeseclassic.com



[ နှစ် ]

သူ ဘွဲ့ရသည့်ကာလမှာ အလုပ်ခွင်အခြေအနေ ကောင်းသည့်ကာလ။ ဆယ်တန်းအောင်လျှင်ပင် စာရေးတစ်နေရာကို အလွယ်တကူရနိုင်သည့်ကာလ။ ကျောထောက်နောက်ခံလည်းရှိမည်။ ဘွဲ့တစ်ခုခုလည်းရမည်ဆိုလျှင် အငယ်တန်းအရာရှိပေါက်စ၊ ရာထူးနေရာမျိုးကိုရဖို့အခက်အခဲ သိပ်မရှိလှ။

အလွယ်တကူ မဟုတ်သည့်တိုင် ကြိုးစားမှုအား သိပ်မစိုက်ဘဲရနိုင်သည်။ နောက်ဆုံးနှစ်စာမေးပွဲ ပြီးသည့်နောက် ဆရာတော်ကအိမ်ပြန်ခွင့်ပေးသည်။ သို့တစေ စာမေးပွဲအောင်စာရင်း မထွက်မချင်းဘာအလုပ်မှ ဝင်မလုပ်သေးဘဲ နေထိုင်ရန်နှင့် စာမေးပွဲအောင်စာရင်းထွက်ချိန်တွင် ပြန်လာရမည်ဟု မှာလိုက်သည်။

ဆရာတော်နှင့် အနေကြာလာသည့်အလျောက် ဆရာတော်၏သဘောကို အပေါ်ယံမဟုတ်ဘဲ ထဲထဲဝင်ဝင် သိနေပြီ။ ဆရာတော်သည်စကားပြောရာတွင် တို့တောင်းပြတ်ထင်သလို အကြောင်းမဲ့စကားမျိုး ပြောလေ့ပြောထမရှိ။ သူ့အားကိုးကွယ်သူ ဒကာများနှင့် ဆက်ဆံရာတွင်လည်းထိုအတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ပရိယတ္တိကျွမ်းဝင် နှံ့စပ်သလို ဝိနည်းသိက္ခာပုဒ် ထိန်းသိမ်းသည့် နေရာတွင်လည်း စံပြုနေသူဖြစ်၏။ စာချတော်သလို တရားအဟောအပြောလည်း ကောင်းသည်။ ဒကာရင်းများနှင့် ဆက်ဆံရာတွင်ပင် အပိုစကားပြောလေ့ပြောထမရှိ။

ကိုယ့်ကိုကြည်ညိုလာအောင် အပြောအဆိုမျိုးလည်း ဘယ်တော့မှမပြော။ စာမဖတ်လျှင် ပုတီးစိပ်သည်။ စင်္ကြံလျှောက်ရင်း မေတ္တာဘာဝနာပွားများသည်။ တရားဓမ္မအကြောင်း အမေးအမြန်း ရှိလာရင်တော့ မနေမှာ သဘောအကြည်ပေါက်သွားသည်အထိ ပြောဟောလေ့ရှိသည်။

တရားဓမ္မနှင့်မဆိုင်လျှင် တိုရှင်းလိုရင်းပဲ အချိန်ပေးသည်။

"မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူဖြူထား"

ဆရာတော်၏ လက်ကိုင်ဆောင်ပုဒ်ဖြစ်၏။

"ဣသာနှင့် မစ္ဆရိယကိုမပွားနှင့်။ မုဒိတာကိုပွား"

"စိတ်ထားမဖြူရင် မလှူနဲ့"

"စိတ်ထားမဖြူစင် မသန့်စင်ဘဲ ဒါနပင်ပြုပြု၊ သီလပင်ဆောက်တည် ဆောက်တည် ဘာဝနာကမ္မဋ္ဌာန်းပင် စီးဖြန်းစီးဖြန်း ပြည့်ဝသော အကျိုးမရနိုင်"

ဆရာတော်က သူ့ကိုလည်း ဤသို့ပင် လမ်းညွှန်ဆုံးမခဲ့သည်။ လောကီကိစ္စကိုပဲလုပ်လုပ် လောကုတ္တရာအမှုကိုပဲပြုပြု စိတ်ဖြူစင်ဖို့သည် အဓိက။ အကျိုးမရှိသောအလုပ်သည် ဘယ်တော့မှ ကုသိုလ်မဖြစ်။

လာလမ်းကောင်းပြီး ပြန်လမ်းဖြောင့်ချင်ရင် စိတ်ကို ဖြူစင်အောင်ထား။ ဒါပေသည့် သူကတော့။



www.burmeseclassic.com

www.burmeseclassic.com



၉

စာမေးပွဲအောင်စာရင်း ထွက်ပြီးသည်နှင့် သူ ရန်ကုန်ကို ပြန်ရောက်လာသည်။ ဆရာတော်က စာမေးပွဲအောင်စာရင်းထွက်ရင် ပြန်လာဖို့ မှာလိုက်သည်မှာ အကြောင်းရှိသည်။

ဆရာတော်အား လေးမြတ်ကြည်ညို ကိုးကွယ်သည့် ဆရာတော်၏ ပစ္စည်းလေးပါးဒါယကာအဖြစ် ခံထားသူ မင်းကြီးအဆင့်ရှိ အရာရှိကြီးတစ်ယောက်ရှိသည်။

ထိုအရာရှိကြီးက လွင်ဦး၏ နိုးသားကျိုးနွံပုံ၊ ကျောင်းဝေယျာဝစ္စကို စိတ်လိုလက်ရ လုပ်ကိုင်တတ်ပုံ၊ ပညာရေးကို အပတ်တကုတ် ကြိုးစားပုံများကိုတွေ့ပြီး လွင်ဦးကို သဘောကျနေသည်။

သူ၏ ပညာရေးအတွက် ဆရာတော်က တာဝန်ယူထားသည်ကိုလည်းသိသည်။ သူ၏ ကျောင်းစရိတ်ကို ထောက်ပံ့ပါရစေဟု ဆရာတော်ကိုပင် လျှောက်ထားဖူးသည်။ ဆရာတော်က သူ့ကိစ္စနှင့်ပတ်သက်၍ မည်သူ့အကူအညီကိုမှ မပြောမဆိုဖူးခဲ့။ သူ၏ အလုပ်ကိစ္စနှင့်ပတ်သက်၍လည်း လေသံသော်မှ မဟာစဖူးခဲ့။

ရွှေမှုမှူး

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းကိစ္စပြီးလျှင် သူ့တာဝန်ပြီးပြီ။ ဘဝရှေ့ရေးဆက်ဖို့ ကိစ္စအတွက် သူ့တာဝန်နှင့်သူ ရှိပစေဟု သဘောမူခဲ့သည်။ သို့စေကာမူ ပစ္စည်းလေးပါးဒါယကာကြီးက ဆရာတော်ဖဲ့ ခွင့်ပန် လျှောက်ထားခဲ့၍ ဆရာတော်က သူ့ကို အကြောင်းပြုပြီး လုပ်ကိုင်ပေးရတာမျိုး တော့ မဖြစ်ပါစေနှင့်ဟု အမိန့်ရှိခဲ့သည်။ ဆရာတော်၏ ဒကာကြီးက လွင်ဦး၏ ရိုးသားကျိုးနွံမှုနှင့် ကြိုးစားအားထုတ်မှုကို အကြောင်းပြု၍ မျိုးကောင်းဖြစ်လာမည့် အပင်ကို ရှင်သန်အောင် မြေတောင်မြှောက်ပေး လိုသည့်ဆန္ဒကြောင့် တာဝန်ယူရခြင်းဖြစ်ပါသည်ဟု ဆရာတော့်ကို လျှောက်ထားသောကြောင့် ဆရာတော်က ဆိတ်ဆိတ်နေလိုက်သည်။

ထိုကိစ္စကို အကြောင်းပြု၍ လွင်ဦးကို အောင်စာရင်းထွက်ရင် ရန်ကုန် ပြန်လာဖို့ မှာလိုက်ခြင်းဖြစ်၏။ မင်းကြီး၏ အရှိန်အဝါနှင့် ကူညီဆောင်ရွက်ပေးမှုကြောင့် လစာနှစ်ရာ့ကိုးဆယ်ရသည့် ပစ္စည်းသိုလှောင်ရေးဌာနတွင် အလုပ်ဝင်ခဲ့ရသည်။

သူ၏အထက်မှာ အရာရှိကြီး သုံးဦးရှိသည်။ သူနှင့်တန်းတူ လက်ထောက်စတိုကီပါ သုံးယောက်ရှိသည်။ ပစ္စည်းအမျိုးအမည်များ သလို ပစ္စည်းတွေကလည်း အစုလိုက် အပုံလိုက်ရှိနေသည်။ သူ့အတွက် ကံကြမ္မာအလှည့်အပြောင်းမှာ အကောင်းဘက်သို့ အလေးသာသွားပြန်သည်။

ဂိုဒေါင်ကြီး သုံးလုံးအပြင် အချို့အမာခံ ပစ္စည်းများမှာ ခြံဝန်းထဲ တွင်ပြည့်နှက်နေသည်။ ပစ္စည်းအဝင်က တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ လောက်ရှိသော်လည်း ပစ္စည်းအထုတ်မှာမူ နေ့စဉ်ရှိသည်။ အလုပ်စဝင် ဝင်ချင်း ပစ္စည်းအမျိုးအမည် အခေါ်အဝေါ်နှင့် ဘယ်ဂိုဒေါင်တွင် ဘယ်ဟာ


www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများထားရှိ သည်ကိုလည်းကောင်း၊ ပစ္စည်းများထားသိုပုံကိုလည်းကောင်း လေ့လာရသည်။

နှစ်လတာကာလအတွင်း တိတိကျကျ လုပ်ငန်းတာဝန်မယူရသေးဘဲ လေ့လာစရာရှိသည်များကို လေ့လာရင်း လူကြီးများခိုင်းသည့် အလုပ်များကို ဟိုစပ်စပ်၊ သည်စပ်စပ်လုပ်ပေးရသည်။ သူက သချာ်သမားဖြစ်သောကြောင့် စာရင်းအင်းများ ပြုစုရေးမှတ်ဖွဲ့စည်းရာတွင် အမှားအယွင်းမရှိ သေသပ်သည်။

ရိုးသားကြိုးစား၊ ကျိုးနွံသည့် သူ့စရိုက်အတိုင်း နေထိုင်လုပ်ကိုင်ခဲ့သောကြောင့် တိုတောင်းသောအချိန်ကာလအတွင်းမှာပင် လုပ်ဖော်ကိုင်ဖက်များ၏ ခင်မင်မှုကို ရရှိလာသည်။ သူ၏ပထမဆုံးသောလစာငွေကို ဆရာတော်အား ကပ်လှူခဲ့သည်။ ဆရာတော်က ကပ်လှူသည်ကိုလက်ခံပြီး ကျောင်းဝေယျာဝစ္စ အသုံးစရိတ်ကိုင်တွယ်ရသည့် ဦးအောင်သိန်းထံ ပေးအပ်လိုက်သည်။

"မင်းက ကျောင်းရိပ်ကို ခိုလှုံပြီး နေရတဲ့အတွက် မင်းအလှူငွေကို ကျောင်းစရိတ်ထဲကိုပဲထည့်။ ငါ့ကိုသီးခြားလှူတာ မဖြစ်စေနဲ့"ဟု အမိန့်ရှိပြီး ကျောင်းစရိတ်ထဲ ထည့်ခိုင်းလိုက်သည်။

ဆရာတော်က အလုပ်အကိုင်ရနေပြီဖြစ်တဲ့အတွက် ကျောင်းတွင်ဆက်နေရန်မသင့်တော်ကြောင်း၊ နေရေးထိုင်ရေးအတွက် အဆင်ပြေအောင် ကိုယ့်ဘာသာကိုယ် ဖန်တီးရမည့်အကြောင်းပါ ပြောလာသည်။

လောလောဆယ် မဟုတ်ပေမယ့် တစ်လနှစ်လအတွင်း ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်အောင် စီစဉ်ဖို့ပြောသည်။ ထိုသို့ ဆရာတော်အမိန့်ရှိသည်ကို ကြားလိုက်ရသည့်အခါ သူ၏စိတ်ထဲတွင် တစ်မျိုးတစ်



www.burmeseclassic.com

www.burmeseclassic.com


မည် ခံစားလိုက်ရသည်။

သေသေချာချာ ပြန်ပြီးစဉ်းစားတော့မှ ဆရာတော် ပြောသည်ကို သဘောပေါက်ရသည်။ ကျောင်းသားဘဝ၌ ကျောင်းရိပ်ကို ခိုနေရသည်က တစ်မျိုး။ ဆရာတော်ကလည်း ထားလို့သင့်သည်။ အလုပ်အကိုင်နှင့် အတည်တကျ ဖြစ်လာပြီမို့ သူများတွေက တစ်မျိုးထင်မည်၊ ပြောလာမည်ကို ဆရာတော်က မလိုလား။

အထူးသဖြင့် ဆရာတော်နှင့် ပတ်သက်နေသောကြောင့် ဆရာတော်က အပြောရှိရသည်ကို သဘောပေါက်ရသည်။ ဆရာတော်ပြောတာမှန်သည်။ အစစအရာရာ ဆရာတော်ကိုချည်း အားပြုမှီခိုနေလို့မကောင်း။ ကိုယ်စွမ်းကိုယ်စကိုလည်း ထုတ်ဦးမှဖြစ်မည်။

အိမ်တွေဘာတွေ သီးခြားငှားနေလောက်အောင် အခြေအနေမရှိ စေကာမူ တစ်ကိုယ်ရေတစ်ကာယ လခပေးနေရာရရင် ဖြစ်သည်။ စားရေးအတွက်က ပြဿနာမရှိ။ ဆိုင်မှာ စားလို့ရသည်။ သူနှင့်အတူ တွဲလုပ်ရသည့် စာရေးကြီး ဦးကြည်မောင်ကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်း ရသည်။

စာရေးကြီး ဦးကြည်မောင်က လောလောဆယ် နေချင်သပဆိုရင် သူ့အိမ်မှာ နေလို့ရကြောင်း၊ သူတို့မှာ လင်မယားနှစ်ယောက်နှင့် သားတစ်ယောက်သာရှိကြောင်း၊ အားနာရမည့် သက်ကြီးရွယ်အိုနှင့် ရွယ်တူတန်းတူ မိန်းကလေးမရှိကြောင်း၊ ခေတ္တခဏ နေထိုင်သည့်အတွက် လခဟူ၍လည်း ပေးစရာမလိုကြောင်း ပြော၍ လတ်တလော ပြဿနာကို အကူအညီပေးနိုင်သည့်အကြောင်း ပြောသည်။

"ကိုလွင်ဦး သီးခြားနေဖို့အတွက် စပေါ်တွေဘာတွေ ရှားများ


www.burmeseclassic.com

www.burmeseclassic.com



စားစား မပေးရတဲ့ အခန်းမျိုး ရှာကြတာပေါ့။ ကျုပ်အိမ်က ပေနှစ်ဆယ် ပေလေးဆယ် သီးခြားအိမ်ကလေးပဲ။ ကိုလွင်ဦး တစ်ကိုယ်ရေတစ်ကာယ နေဖို့ ဘာမှ အခက်အခဲမရှိဘူး"

ဟုတ်ကဲ့။ ကျွန်တော့်မှာ တခြားအားကိုးစရာ အဆက်အသွယ် လည်း မရှိပါဘူး။ ကျွန်တော့်ရဲ့ အနေအထိုင် အကျင့်စရိုက်ကို သိတဲ့ ဦးလေးကြည်ကိုပဲ အားကိုးရမှာမို့ အကူအညီတောင်းရတာပါ။ ဦးလေး ကြည်ပြောသလို နေဖို့အတွက် ဦးလေးကြည်ဇနီးနဲ့ တိုင်ပင်ပြောဆိုကြည့် ပါဦး။ နှစ်ဦးဆန္ဒတူညီတာက ပိုကောင်းပါတယ်"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ။ ကျွန်တော် ခေတ္တ နေထိုင်တဲ့ကာလအတွက် အိမ်လခသဘော မဟုတ်ပါဘူး။ ကလေးမုန့်ဖိုး သဘော တစ်လငါးဆယ် ပေးပါရစေ။ ဒါကိုမှ လက်မခံရင်တော့ ကျွန်တော် နေလို့ဖြစ်မယ်မထင်ပါဘူး"

သူက သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။ ဦးကြည်မောင်ကလည်း သူပြောသည့်အတိုင်း တိုင်ပင်ကြည့်မည်ဟု ပြော သည်။ နောက်တစ်နေ့ ဦးကြည်မောင်ထံမှ စကားပြန်ရသည်။ တနင်္ဂနွေ နေ့တွင် အိမ်ကို လာကြည့်ဖို့နှင့် သူ့ဇနီးဖြစ်သူနှင့် တွေ့ဆုံကြဖို့။

အဆင်ပြေမည့်အခြေအနေ ပေးလာပြီ။ သီးခြားအငှားအခန်း လေးမရခင်တော့ ကျောတစ်ခင်းစာ နေရာမှာ ဖြစ်သလိုနေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ တနင်္ဂနွေနေ့ ဦးကြည်မောင် ပေးထားသည့် လိပ်စာ အတိုင်း ဥက္ကလာသို့ ရောက်သွားသည်။

ဦးကြည်မောင်တို့ အိမ်ကလေးမှာ ဓနိမိုး၊ ဝါးထရံကာ ပျဉ်ခင်း အိမ်ကလေးဖြစ်စေကာမူ သပ်သပ်ရပ်ရပ်ရှိသည်။ ဖိနပ်ချွတ်ကပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်တစ်လုံး လက်တန်းမပါသော ကြိမ်ကုလားထိုင်တစ်လုံးရှိသည်။ ဧည့်ခန်းတွင် စားပွဲကုလားထိုင် ဘာဘာညာညာတွေမရှိ။ စာရေးစားပွဲပုကလေး တစ်လုံးပဲရှိသည်။

အမြင်ရှင်းသည်။ သူရောက်သွားတော့ ဧည့်ခန်းမှာ ဖျာချောခင်းပြီးနေရာပေးသည်။ ဘုရားစင်ကို ထရံကာအပြင်သို့ ထုတ်ထားသောကြောင့် ဧည့်ခန်းနှင့် မရောထွေးဘဲ သီးခြားသဖွယ် ရှိနေသည်။ ဘုရားစင်မှာ မကြီးပေမယ့် သန့်စင်သည်။

ပုတီးအကြီးနှစ်ကုံးနှင့် အသေးတစ်ကုံး ချိတ်ဆွဲထားသည်ကြောင့် ဦးကြည်မောင်တို့ မိသားစုမှာလည်း ပုတီးသမားများဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ သူ့အတွက် ရေနွေးကြမ်းတစ်အိုးနှင့် ရိုးရိုးပင်ဧည့်ခံသည်။ ရိုးသားမှုဆောင်သည့်သဘော။

ဦးကြည်မောင်၏ဇနီး ဒေါ်မြပွင့်မှာ အသားဖြူ၍ ဥပဓိရုပ်သန့်ပြန့်သည်။ သဘောသကာယပြည့်ဝမည့် အရိပ်အဆင်ထင်သည်။ စကားပြောဖြေးသည်။ ဥဿဖရားနားကပ် ဝတ်ဆင်ထားသည်မှလွဲ၍ အခြားလက်ဝတ်ရတနာ ဝတ်ဆင်ထားခြင်းမရှိ။

သူတို့အခြေအနေနှင့် သည်အိမ်ကလေး ဖြစ်လာအောင် အတော်ကြီး ကြိုးစားခဲ့ရသည့်အကြောင်း ဦးကြည်မောင်က ပြောပြသည်။

"မြင်တဲ့အတိုင်းပဲ ကိုလွင်ဦးရေ။ ဧည့်သည်ဆိုတော့ ကွပ်ပျစ်တို့ခုတင်ထားလို့တော့မဖြစ်ဘူး။ ဒီအတိုင်းအိပ်လို့ ဖြစ်မယ်ဆိုရင်တော့ ကျုပ်တို့ အတွက် ဘာမှအနှောင့်အယှက်မဖြစ်ဘူး နေလို့ဖြစ်ပါတယ်"

သူက ဘုန်းကြီးကျောင်းရောက်ကတည်းက ခုတင်နှင့်မအိပ်တော့ သည့်အကြောင်း ပြောပြလိုက်ရသည်။ သူတို့သားစုနှင့်

www.burmeseclassic.com



သူ့ဘဝအကြောင်းကို လည်း အကျဉ်းချုံး ပြောပြလိုက်သည်။ ဒေါ်မြပွင့်က စားရေးသောက်ရေးအတွက် မေးလာသည်။ သူက ထမင်းဆိုင်မှာပဲ စားမည့်အကြောင်းပြောပြသည်။

ဒေါ်မြပွင့်က သူတို့နှင့်နေစဉ်ကာလ သူတို့အိမ်မှာပဲ စားဖို့ပြောသည်။ သူက သူ့အတွက် တာဝန်မပိုစေချင်ကြောင်း ပြော၍ ငြင်းပေမယ့် မရ။ နောက်ဆုံးနေတာရော ထမင်းစရိတ်အတွက်ပါ တစ်ရာ့အစိတ်သာပေးဖို့ ဒေါ်မြပွင့်က ပြောသည်။

"တစ်ခုတော့ ရှိတာပေါ့ ကိုလွင်ဦးရယ်။ ဒေါ်ဒေါ်တို့က ကိုယ့်အခြေအနေ ကိုယ့်အတိုင်းအတာ စားရတာဆိုတော့ ဖွယ်ဖွယ်ရာရာကြီးတော့ မရှိနိုင်ဘူးပေါ့။ ဒေါ်ဒေါ်တို့ နည်းတူ စားလို့ဖြစ်မယ်ဆိုရင်တော့ စားပေါ့။ ကိုလွင်ဦး ဆန္ဒအတိုင်းပါ"

သူက တစ်ရာ့ငါးဆယ်ယူဖို့ ပြောပေမယ့်မရ။ နေ့ကောင်းရက်သာရွေးပြီး ဦးကြည်မောင်တို့အိမ်ပြောင်းဖို့ စီစဉ်ခဲ့ရသည်။

သည်အကြောင်း ဆရာတော်ကို လျှောက်ထားသည့်အခါ သင့်မြတ်သည့်အကြောင်း ပြောပြီး အိမ်ရှင်များ စိတ်အနှောင့်အယှက်ဖြစ်အောင် မနေထိုင်ဖို့နှင့် ကိုယ့်ဦးလေးအရင်း၊ အဒေါ်အရင်းများလို သဘောထားပြီး ရိုရိုသေသေဆက်ဆံဖို့ ကိုယ့်လက်အောက်ဝန်ထမ်းပဲဆိုတဲ့ သဘောမျိုးမထားနှင့်ဟု ဆုံးမစကား မိန့်ကြားခဲ့သည်။

လေးနှစ်ကျော်ကာလ ဘုန်းကြီးကျောင်းမှာစား။ ဘုန်းကြီးကျောင်းမှာ နေခဲ့ရသည့်အတွက် အနည်းနှင့်အများ ဆိုသလို သိမ်ငယ်ရသည်။ မျက်နှာငယ်ရသည်။ ကျောင်းကို အမြဲ ဝင်ထွက်သွားလာနေသူတွေက သူ ဘယ်သူဘယ်ဝါဆိုတာကို သိကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အကြောင်းအမျိုးမျိုးကြောင့် တစ်ခါတစ်ရံမှ ရောက်လာသူများ၏ အထင်သေးအမြင်သေး အကြည့်မျိုးကိုလည်း ခံရသည်။ ကျောင်းမှာ အနေကျယ်ဝန်းသော်လည်း စိတ်ကျဉ်းကြပ်သည်။ အပြောအဆို မခံရအောင် အစစအရာရာ ထိန်းသိမ်းနေထိုင်ကြရသည်။ ရပ်ကွက်လူနေမှုဝန်းကျင်နှင့်လည်း ကင်းကွာခဲ့ရသည်။

ကျောင်းပိတ်၍ အိမ်ပြန်ပြီးနေထိုင်သည့် လပိုင်းလောက်မျှသာ ရပ်ကွက်လူနေမှုဝန်းကျင်နှင့် အဆက်အစပ်ရှိသည်။ ခု ဦးကြည်မောင်တို့အိမ်ကို ပြောင်းလာပြီးနောက် စိတ်ရောကိုယ်ပါ အတော်ကြီး လွတ်လပ်ပေါ့ပါးသွားသည်။ စိတ်ကျဉ်းကျပ်ခြင်းမှလည်း လွတ်ကင်းသွားသည်။

သူတို့အိမ်တွင် နေထိုင်ရသည်မှာ မျှော်လင့်ထားသည်ထက်ပင်ပို၍ အဆင်ပြေနေသည်။ ဒေါ်မြပွင့်က ဝက်သား၊ ကြက်သား၊ ဘဲသား၊ ဆိတ်သားဟင်းကောင်းကျွေးရုံများ နေ့စဉ်မချက်စေကာမူ အကုန်အကျလည်း သက်သာ၊ စားလို့သောက်လို့ အစပ်ဟပ်တည့်အောင်လည်း ချက်ပြုတ်တတ်သည်။

မနက်ပိုင်းတွင် ထမင်းဘူးနှစ်ဘူးထည့်ပေးသည်။ ညနေစာကို ဦးကြည်မောင်နှင့် သူ့ကို အရင်ခူးခပ်ကျွေးပြီးမှ သူတို့သားအမိ စားကြသည်။ တစ်ခါတစ်ရံလည်း လေးယောက်ဝိုင်းစားကြသည်။ ကိုယ်နှင့်ကျွမ်းဝင်သော ရပ်ကွက်မဟုတ်သဖြင့် လည်စရာ ပတ်စရာလည်းမရှိ။

ညဘက်အားလပ်နေသည့်အလျောက် မောင်အေးထွန်းလေးကို စာပြပေးသည်။ အဲဒီအတွက် ဦးကြည်မောင်နှင့် ဒေါ်မြပွင့်တို့က သူ့အပေါ်ပို၍ ခင်မင်ကျေးဇူးတင်ကြသည်။ ဘုရားစင်တွင် ချိတ်ဆွဲသည့် ပုတီးတစ်ကုံး တိုးလာသလို တက်ညီလက်ညီ ပုတီးစိပ်ကြသည်။ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com


လအတွင်း မိသားစုသဖွယ် ခင်မင်ရင်းနှီးခဲ့ကြသည်။

သူက နောက်ထပ် အိမ်ရှာဖို့ မပြောမိသလို သူတို့ကလည်း ထိုကိစ္စနှင့်ပတ်သက်၍ လေသံသော်မှ မဟကြတော့ပေ။ ဦးကြည်မောင်တို့ကို ပြောထားသည့်အတိုင်း တစ်ရာ့အစိတ်အပြင် မောင်အေးထွန်းလေးကို တစ်လမုန့်ဖိုး တစ်ဆယ့်ငါးကျပ်ပေးသည်။ မိခင်ကြီးထံ ခုနစ်ဆယ့်ငါးကျပ် ပို့သည်။

သူ့အသုံးစရိတ်အတွက် ငွေရှစ်ဆယ်ကျော်သာ ကျန်ပေမယ့် လောက်ငသည်။ လက်ဖက်ရည်တစ်ခွက် တစ်ကျပ်အချိန်။ လောက်င အောင်လည်းသုံးသည်။ လုပ်ငန်းခွင်သို့ ရောက်နေသည်မှာ တစ်နှစ်ကျော်ပြီ။ အကြံအဖန် လုပ်ကွက်များကိုလည်း အထာပေါက်လာသည်။ ဘယ်သူတွေ ဘယ်လိုလုပ်သည်ကိုလည်း သိသည်။ ဘယ်လိုခွင်ရိုက်ရမည်ကိုလည်း နားလည်လာသည်။ သို့စေကာမူ သူကတော့မလုပ်။ သူများတွေ လုပ်နေသည်ကိုလည်း အနှောင့်အယှက်မပေး။ သိပေမယ့် မသိကျိုးကျွန်ပြုနေလိုက်သည်။

ကြာတော့ လုပ်ဖော်ကိုင်ဖက်တွေက မျက်စောင်းထိုးလာသည်။ သူနှင့်လက်တွဲရသည့် အောက်ပိုင်းအဖွဲ့သားတွေက ငြိုငြင်လာသည်။ မကျေမလည် ဖြစ်လာသည်။ ဦးကြည်မောင်က သူ့ကို နားလည်သည်။ အများနှင့်တစ်ယောက်ဖြစ်လာရင် တစ်ယောက်သမားသာ ခံရမည့်အကြောင်း သတိပေးစကားပြောလာသည်။

မလွဲမရှောင်သာသောကြောင့် လုပ်ဖော်ကိုင်ဖက်များ ဝိုင်းဖွဲ့သည့်ဝိုင်းသို့ ဝင်ရသည့်အခါလည်း ရှိသည်။ အရက်မသောက်မိအောင် ရှောင်နိုင်ပေမယ့် အများစု၏ မကျေနပ်မှုမှ ကင်းလွတ်စေရန် ဆိုယာလေး


www.burmeseclassic.com

www.burmeseclassic.com



တစ်ငုံတစ်စုပ် လုပ်ရသည့်အခါများလည်း ရှိလာသည်။

သို့တစေ အကြံအဖန် လုပ်ကွက်ထဲကို မဝင်မိဖို့ကိုတော့ သတိထားပြီး ရှောင်နေနိုင်ခဲ့သည်။ ကြိုးစားရိုးသားသူအဖြစ် ကိုယ့်ကိုကိုယ်ထိန်းသိမ်းနေနိုင်ခဲ့သည်။ ဒါပေသည့် . . . ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



## [ သုံး ]

သူ့မှာ ခုချိန်ထိ ချစ်သူဟူ၍မရှိသေး။ ရှာလည်းမရှာသေး။ အိမ်ထောင်ပြုရမည်ကို စိတ်မဝင်စား။ တစ်သက်ပန် လူပျိုကြီးလုပ်တော့မည်ဟူသော စိတ်မျိုးထား၍ အပြောချိုသူလေးများနှင့် မရောမယှက်ခပ်ကင်းကင်းနေသည်တော့ မဟုတ်။

လှတာမြင်ကြည့်ချင်သည့် မွေးရာပါဗီဇမှာ ယောကျ်ားလေးတိုင်းတွင် ရှိသလို သူ့မှာလည်း ရှိသည်ပါ။ ဒါပေသည့် ကိုယ့်အခြေအနေက အဲဒီ ဗီဇကို လမ်းကြောင်းမဖွင့်ဘဲ ထိန်းသိမ်းနေရခြင်းဖြစ်၏။ ကိုယ်၏တစ်ကိုယ်ရေ အသုံးစရိတ်ကိုပင် ခြိုးခြံသုံးစွဲနေရသည့်အခြေအနေ။

တကယ်တော့ .မျက်ဝန်းထဲတွင် ဖျောက်မရအောင် စွဲထင်ပြီး နှလုံးသားကို ရိုက်ခတ်သွားသည့် ချစ်ရမည်သူကို မတွေ့သေးလို့သာပါ။ တွေ့ပြီဆို တော့လည်း . . .။



www.burmeseclassic.com

www.burmeseclassic.com


ဦးကြည်မောင်က ရာထူးတက်ပြီး တခြားဌာနစိတ်ကို ပြောင်းသွားရသည်။ ဦးကြည်မောင်နေရာကို လူစားရောက်လာသူမှာ အမျိုးသားမဟုတ်၊ အမျိုးသမီး။

ချယ်ရီခေါ် အေးနွဲ့ရီ။ သူမ၏ ရိုးယဉ်သောအလှမှာ အေးမြရိပ်ထင်သည်။ သွယ်လျသော မျက်နှာပေါ်တွင် တင်ရှိနေသည့် မျက်ခုံး၊ မျက်ဖန်၊ နှာတံ၊ နှုတ်ခမ်းစသည်တို့မှာ ပြစ်မျိုးမဲ့မထင်အောင် ပြေပြစ်သည်။ အသားကဖြူသည်။ ထူထဲသော ဆံပင်မှာ ခါးလယ်သို့ ယှဲ့ဝဲကျနေသည်။ ဖွတ်မြီးထိုးထားလျှင် လက်နှစ်လုံးသာသာလောက် ထူထဲသည်။

သွားတက်ကလေးနှင့် သူမ၏ အပြုံးမှာ ဆန့်ကျင်ဘက် ကိုရွှေငနဲသားတို့၏ မျက်ဝန်းကို စွဲငြိစေလောက်အောင် မြူးဝင့်သည်။ ကြွယ်ဝိုးလွန်းသည့် အလှဟုမဆိုသာစေကာမူ ဘက်စုံအလှ ထင်ပျသည်ဟု သတ်မှတ်ပြောဆိုနိုင်ရာသည်။ သွက်လက်ဖျတ်လတ်သည်။ ဆက်ဆံရေး ပွင့်လင်းသည်။ ရှက်သလိုလို၊ ရွံ့သလိုလို ဟန်ပန်မျိုးမရှိ။ ရဲတင်းလွန်းသည် မျိုးလည်းမဟုတ်။

ချယ်ရီ သူတို့ဌာနသို့ ရောက်လာသည်နှင့် စတင်တွေ့ဆုံရသည်။ သူမ တာဝန်ယူရမည့် လုပ်ငန်းပိုင်းဆိုင်ရာကို သူက လမ်းညွှန်တာဝန်ပေးရသည်။ စတွေ့လိုက်ကတည်းက သူ၏ရင်ထဲမှာ သိသိသာသာကြီး လှုပ်ရှားသွားသည်။ သည်အသက်အရွယ်အထိ သူ၏ရင်ထဲမှာ တစ်ခါဖူးမျှ မခံစားရဖူးသော ခံစားမှုအသစ် ပွင့်ထွက်သွားသည်။

သူမနှင့် စကားပြောနေစဉ် သတိလက်လွတ်ဖြစ်သွားသည့် မရိုးဖြောင့်သော အကြည့်ကို သတိသပ္ပဇဉ်ဖြင့် အခါခါ ပြန်ထိန်းနေရသည်။ သူ၏စိတ်ကို လုံးဝ အနှောင့်အယှက်မဖြစ်စေသည့် ကြည်နူးမှု


www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ပြန်ရောက်ပြီး အိပ်ရာဝင်သည်အထိ ကပ်ငြိနေသည်။

ထိုနေ့က ပုတီးစိပ်ရသည်မှာ ခါတိုင်းလို တည်ငြိမ်အေးသက်မှု မဖြစ်ဘဲ စိတ်ဘောင်ဘင်ခတ်နေသည်။ နောက်တစ်နေ့ အိမ်ကထွက်ကတည်းက စိတ်ဂနာမငြိမ်။ လုပ်ငန်းခွင်ရောက်တော့လည်း ခါတိုင်းလို မဟုတ်။ ငါဘာဖြစ်နေတာလဲဟု ပြန်မေးရလောက်အောင် တည်ငြိမ်မှုမှာ ဝေဝေဝါးဝါးဖြစ်နေသည်။

သူနှင့်ချယ်ရီတို့ ထိုင်ရသည့်အနေအထားမှာ မျက်စောင်းထိုးအနေအထား။ စားပွဲနှစ်လုံးလောက်သာ အကွာအဝေးရှိသည်။ မျက်လုံးစူးရောက်စရာကလည်း အထူးတလည် ဝေ့ဝိုက်စရာမလို။ ခေါင်းမော့ပြီး သာသာလေး စောင်းလိုက်ရုံနှင့် အကြည့်စူးရောက်နိုင်သည့်အနေအထား။

တစ်နာရီအတွင်းမှာ သုံးခါလောက် အကြည့်စူးရောက်ခဲ့ပြီ။ ပတ်ဝန်းကျင်ကြောင့်သာပေါ့။ နို့မဟုတ်ရင် မရေတွက်နိုင်ရာအောင် အကြည့်စူးရောက်မိမည်မှာ သေချာသည်။ မွန်းမလွဲမီ ချယ်ရီစားပွဲသို့ နှစ်ခါရောက်ပြီးပြီ။ အကြောင်းမဲ့ သွားသည်မျိုးတော့မဟုတ်။ သွားမေးစရာ၊ ကြည့်စရာမလိုသည့် အလုပ်ကိစ္စကို အကြောင်းပြု၍ ရောက်သွားခြင်းပါ။

ချယ်ရီ၏ ကိုယ်သင်းနံ့လေးမှာ သူ့နှာခေါင်းတွင် စွဲလန်းသွားသည်။ "လွှင်ဦး မင်းအတော်လေး ဂွကျွေပျက်နေပါလား"လို့ ကိုယ့်ကိုကိုယ် ပြန်ပြီး သတိပေးမိရသည်အထိ။ သူ့အဖြစ်က မနှစ်ကနှင့်မတူဟု ဆိုရမည်ထက် ဘယ်တုန်းကမှနှင့် မတူဟု ဆိုရမည်သို့။

တစ်လလောက်အတွင်းမှာ အတော်လေး ရင်းရင်းနှီးနှီး ရှိလာသည်။ ချယ်ရီက သူ့တာဝန်ပိုင်းကို အပြောအဆို မရှိရအောင် တာဝန်ကျေလွန်းရုံမက စာရင်းအင်းရေးမှတ်ရာတွင်လည်း အမှားအယွင်း အဖျက်



www.burmeseclassic.com

www.burmeseclassic.com



အပြင်မရှိအောင် သေသပ်သည်။ ချယ်ရီက ဖျတ်လတ်သွက်လက် ရဲတင်း ပေမယ့် အနေအထိုင် မကလက်။

သူမအကြောင်း တစ်စွန်းတစ်စတော့သိရသည်။ ရန်ကင်းမှာနေ သည်။ ဖခင်ကလည်း ရုံးအုပ်ကြီး၊ လက်ရှိတွင်မမာ။ ပင်စင်ယူထားရ သည်။ မိခင်က အလယ်တန်းပြဆရာမ။ လက်ရှိလုပ်ကိုင်နေဆဲ။ မောင် နှမနှစ်ယောက်ရှိသည်။ အစ်ကိုလုပ်သူက မြန်မာ့အသံမှာ အသံဖမ်းအင် ဂျင်နီယာ၊ လူပျိုကြီး။

ချယ်ရီက ဆယ်တန်းအောင်ပြီး တက္ကသိုလ် ပညာရေးမဆက်ဘဲ လုပ်ငန်းခွင်သို့ ဝင်ခဲ့သည်။ သဘောကောင်းပုံရသော်လည်း စိတ်ဆတ်မည့် ပုံဟန်ရှိသည်။ သူ့ကို ရန်ကင်းဘက်ရောက်ရင် အိမ်လာလည်နိုင်ကြောင်း လမ်းဖွင့်ပေးထားသည်။ သွားချင်သည်မှာ ခြေဖဝါးယားနေသည်။ ဒါပေ သည့် သွားရမည်ကို နည်းနည်းရှိန်နေသည်။ ခုပဲ ဖိတ်ခေါ်၊ ခုပဲသွားရောက် ဆိုတာမျိုးမဖြစ်အောင် ဟန့်ကိုယ့်ဖို့ လုပ်၍ ထိန်းနေရသည်။

လွင်ဦး သူမအပေါ် စိတ်ဝင်စားနေသည်ကို ချယ်ရီကလည်း ရိပ်မိပုံရသည်။ သည်လိုကိစ္စမျိုးမှာ ယောကျ်ားတွေထက် မိန်းကလေး တွေက ပို၍ သိတတ်နားလည်စွမ်း ရှိကြသည်။ ယောကျ်ားလေးများ၏ အကြည့်ကို မိန်းကလေးတွေက ပို၍ ခွဲခြားနိုင်စွမ်းရှိကြသည်။

သို့တစေ ချယ်ရီက လိုက်လျောဟန်ကိုတော့မပြ။ မလိုလား သည့်သဘောကိုလည်း မဆောင်။ မိန်းမသားများ ထားရှိအပ်သည့် ဣန္ဒြေ ကို အစွန်းမထွက်အောင် ထိန်းထားသည်။ စကားစမြည် ပြောဆိုကြရင်းမှ ချယ်ရီက လွင်ဦး၏မိသားစုအခြေအနေနှင့် မိသားစုအကြောင်းကို စကား ပရိယာယ်သွယ်၍ မသိမသာ အမေးအမြန်းများဖြင့် ပါးပါးနပ်နပ် စကား



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်း ထွင်ခဲ့သည်။

သမာဓိပိုး၊ သိက္ခာပိုးဆိုသည်က အချိန်ယူရသည်မျိုး။ ထောင့်ငါးရာ ခြံရံသည့် ပုထုဇဉ်လူသား ရဟန္တာစျာန်ပျံ မို့ခံနိုင်ရိုးလားဆိုသလို လွင်ဦးလည်း မခံသာဖြစ်လာသည်။ တခြားလုပ်ဖော်ကိုင်ဖက်တွေကို တိုင်ပင်ပြီး အကူအညီယူဖို့ကလည်း မလွယ်။ ဦးကြည်မောင်ကို ဖွင့်ပြောတိုင်ပင်ကြည့်ရသည်။ ဦးကြည်မောင်က နည်းလမ်းနှစ်သွယ် ပြောပြသည်။

ချယ်ရီ လက်ခံမည့်ပုံပေါ် လျှင် လူကြီးချင်း နားဖောက်ကြည့်ဖို့ လမ်းတစ်သွယ်နှင့် သူတို့ဌာနက သူတပည့်မလေး ရီရီမြင့်အကူအညီယူပြီး နှစ်ဦးသဘောတူ ကြည်ဖြူမှု ရယူဖို့ လမ်းတစ်သွယ်ဖြစ်၏။

"ရီရီမြင့်ကို ကျွန်တော် ပြောဖို့မလွယ်ဘူး ဦးလေးကြည်။ တော်ကြာ သူ့ဘက်က သဘောမပေါက်ဘဲ အထင်မှားသွားရင် ပေါ့စေလိုလို့ ဆေးမင်ကြောင်ထိုးကာမှ ဆေးအတွက် ပိုလေးဆိုတာမျိုး ဖြစ်သွားမှာလည်း စိုးရတယ် ဦးလေးကြည်"

"ကိုလွင်ဦးက တယ်ပြီး အတွေးချော်တာကိုး။ **ဒီကိစ္စမျိုး** ဆိုတာက ကိုယ်ကိုယ်တိုင်က မစွမ်းဆောင်နိုင်ရင် ကြားလူထားရစမြဲ အစဉ်အလာရှိတာပဲ။ အောင်သွယ်ဆိုတဲ့ ဝေါဟာရတစ်လုံး သီးခြားရှိနေတာကိုက ဒီလိုကိစ္စကို အကြောင်းပြုပြီး ရှိလာရတာ မဟုတ်လား။ ပစ္စည်းအရောင်းအဝယ်ကိစ္စမှာ ပွဲစား၊ သည်လိုကိစ္စမျိုးမှာက အောင်သွယ်၊ ဒီတော့ ဒီလိုလုပ်ကိုလွင်ဦး။ ချယ်ရီနဲ့ ပိုပြီးရင်းနှီးအောင် သူ့မိသားစုနဲ့ပါ ရင်းနှီးအောင် ချယ်ရီတို့အိမ်ကို အဝင်အထွက်လုပ်။ ရီရီမြင့်ဘက်က ကိစ္စကို ကျုပ်က လုပ်မယ်။ မိန်းမသားချင်းကိစ္စ ဘယ်လိုစကားသွယ်ပြီး ဘယ်လိုအထာဖလှယ်ရမယ်ဆိုတာ ကျုပ်တို့က **လမ်းကြောင်း** ပေးစရာမလိုဘူး။ **ဆယ်**



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်အရွယ် ရောက်လာသူတိုင်း ဒီလိုကိစ္စမျိုးတွေကို နေ့ကျော်ကြပြီး သွားလေ"

သည်လိုနှင့် တစ်ပတ်သော တနင်္ဂနွေနေ့တွင် ချယ်ရီတို့နေသည့် ရန်ကင်းတိုက်ခန်းသို့ ရောက်သွားသည်။ ဝွတ္တုလစ်က မိတ်ဆွေတစ်ယောက်ဆီလာရင်း အချိန်ရရင်ရသလို ချယ်ရီ့ဆီ အလည်ဝင်ခဲ့မည်ဟု သောကြာနေ့ကတည်းက စကားလမ်းကြောင်းထားလိုက်သည်။

တနင်္ဂနွေနေ့မနက် ကိုးနာရီလောက် ချယ်ရီတို့တိုက်ခန်းသို့ ရောက်သွားသည်။ ချယ်ရီ့အစ်ကိုကြီးမှလွဲ၍ မိသားစု စုံညီစွာ တွေ့ရသည်။ ချယ်ရီ့ မိဘတွေက လိုက်လိုက်လျောလျောပင် ဆက်ဆံကြသည်။ ဦးဘအောင်၊ ဒေါ်မေစီ။ ဦးဘအောင်က ဆီးချိုနှင့် နှလုံးရောဂါကြောင့် အသက်ငါးဆယ်ကျော်ရုံနှင့် ဆေးပင်စင်ယူထားလိုက်ရသည်။ နဂိုအနေပဲလား၊ ရောဂါကြောင့်ပဲလားတော့မသိ။ မာန်မာနရှိသည့် အရိပ်အဆင်လုံးဝမထင်။ ဒေါ်မေစီကတော့ မာနအရိပ် အသင့်အတင့်ရှိသည်။ အိမ်မှာ အိမ်မှုကိစ္စလုပ်သည့် တူမလေး တစ်ယောက်လည်း ရှိသည်။"

လက်ဖက်ရည် မုန့်များဖြင့် ဧည့်ခံရင်း မိန်းမသားပီသသူ ဒေါ်မေစီက သူ့အကြောင်းကို စပ်စု အမေးစကားပြောလာသည်။ တဲ့တိုးတော့မဟုတ်။ သွယ်သွယ်ဝိုက်ဝိုက်။ သူကလည်း အဖုံးအဖိ အကွယ်အဝှက်မရှိ။ ဘုန်းကြီးကျောင်းတွင်နေပြီး တက္ကသိုလ်ဘွဲ့ ရယူခဲ့သည်အထိ ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်သည်။

သူ့အပြောကို ဦးဘအောင်က သဘောကျပုံရပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဘာမှတော့ ဝင်မပြော။ ဒေါ်မေစီက သိပ်သဘောတွေ့ပုံမရပေမယ့် ဟန်ဆောင်မျက်နှာဖုံးအကာဖြင့် နားထောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


သူကမိဘများ၏ ကျောထောက်နောက်ခံအင်အားကို မပြောနိုင်ပေမယ့် သူ မကြာခင် ရာထူးတက်မည့်အကြောင်းကိုတော့ ထည့်ပြောလိုက်သည်။

အကယ်၍များ သားသမီးအတွက် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာဆိုသလို စဉ်းစားခဲ့ရင်ဆိုသော မျှော်လင့်ချက်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။ သူ့မှာ ပြစရာအင်အားက ဒါပဲရှိသည်။ သမီးကို အစ်ကိုတစ်ယောက်လို ကြည့်ရှုစောင့်ရှောက်ဖို့နှင့် သူတို့အိမ်ကိုလည်း လမ်းကြုံမဟုတ်ဘဲ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ကြောင်း ဖိတ်ခေါ် စကားလမ်းကြောင်းပေးလိုက်သည်။ မဆိုစလောက် မျှော်လင့်ချက်လေးနှင့် ပြန်ခဲ့ရသည်။

အဆင့်အတန်း ပေတံနှင့်ထောက်လျှင် ညီမျှခြင်းသဘောလောက်တော့ရှိသည်။ သူတို့အိမ်က ပြန်လာပြီးနောက် အခြေအနေကို ဦးလေးကြည်အား ပြောပြရသည်။ သူရာထူးတက်မည့်အချိန် သိပ်မဝေးတော့သလို သေလည်းသေချာသည်။ ဦးလေးကြည်က သည်ကြားထဲမှာ ရှိရှိမြင့်မှတစ်ဆင့်စကား သွင်းပေးမည်။ သူ့သဘောထားကိုလည်း တီးခေါက်ပေးမည်။ ကိုယ်တိုင်ဖွင့်ပြောဖို့ကတော့ ရာထူးတိုးပြီးမှ ဖွင့်ပြောသင့်ကြောင်း ပြောသည်။

ချယ်ရီတို့အိမ် အလည်သွားပြီး ငါးရက်မြောက်နေ့တွင် အိမ်မှ လူကြုံနှင့်ပေးလိုက်သည့် မမျှော်လင့်သော စာတစ်စောင် ရောက်လာသည်။ သုံးဆယ်ကျော်မှ ကံပေါ်သည့် အစ်မဖြစ်သူ၏ မင်္ဂလာကိစ္စ။ ပွဲရုံပိုင်ရှင် ဘကြီးဝမ်းကွဲ၏ စီမံပေးချက်အရ ပွဲစားတစ်ယောက်နှင့် အစ်မဖြစ်သူကို အိမ်ထောင်ချပေးမည့် အကြောင်းနှင့် ခွင့်တစ်ပတ်လောက်ယူပြီး ပြန်လာဖို့ အမေ့ထံမှ ရေးလိုက်သည့်စာ။


www.burmeseclassic.com

www.burmeseclassic.com



သည်ရက်ပိုင်းက ခွင့်ယူလို့မကောင်း။ ရာထူးတိုးမြှင့်ရေး အမိန့်ထွက်လာလျှင် လူကြီးများက ခေါ်တွေ့ကောင်း တွေ့နိုင်သည်။ ခေါ်သည့်အခါမရှိဘဲ ခွင့်သွားနေကြောင်းသိသွားလျှင် မကောင်း။ ထို့ကြောင့် ခွင့်ယူဖို့ အခက်အခဲ ရှိသည်။ အစ်မကိစ္စကလည်း မသွားလျှင် မကောင်း။ သူတို့က သည်ကအခြေအနေကို သိသည်မဟုတ်။ တစ်မျိုးတစ်မည်အတွေးဖြင့် အထင်မှားပြီး နားလည်မှု လွဲမှားစရာ ဖြစ်နိုင်သည်။

သူ့အထက်အရာရှိကို အကျိုးအကြောင်း ပြောပြ၍ သောကြာနေ့ တစ်ရက် နားလည်မှု ခွင့်ယူပြီး ကြာသပတေးနေ့ည ကြုံရာကားနှင့် လိုက်သွားလျှင် တနင်္ဂနွေနေ့အထိ သုံးရက်အချိန်ရမည်။

အိမ်ရောက်မှတစ်ရက်နှစ်ရက်ထက်ပို၍မနေနိုင်သည့်အကြောင်း ရှင်းပြရမည်။ ရောက်သွားတော့မှ အစ်မဖြစ်သူ၏ အိမ်ထောင်ရေးကိစ္စကို အပြည့်အစုံသိရသည်။ အစ်မနှင့် အိမ်ထောင်ပြုမည့် ယောက်ဖတော်ကြီးမှာ အစ်မထက်ငါးနှစ်ကြီးသည်။ အသောက်အစား အရှုပ်အပွေကင်းသည်။ ရိုးသားသည်။ စီးပွားရေးလုပ်ငန်း ကောင်းသည်။ ဝင်ငွေ အခြေအနေကောင်းသည်။

မင်္ဂလာကိစ္စပြီးလျှင် သူတို့၏ အိမ်ကလေးကို လက်ရှိအနေအထားထက် တိုးချဲ့ပြီး ပြုပြင်ပြန်ဆောက်မည့် အစီအစဉ်ရှိသည်။ သည်အိမ်မှာပဲ အတူနေမည်။ သူ မိခင်ကြီးထံ လစဉ်ပို့ပေးနေသည့်ငွေကို မပို့ရန်နှင့် မိခင်ကြီးအတွက်ပါ တာဝန်ယူမည့်အကြောင်း ပြောလာသည်။

နောက်ပိုင်းကိစ္စက နောင်ခါလာနောင်ခါချေးလို့ သဘောထားရမည်ပါ။ ကြိုတင်၍ တွက်ဆခန့်မှန်းလို့မဖြစ်။ လောလောဆယ်ကိစ္စမှာ အမေနှင့် အစ်မအတွက် ပြေလည်မည့် အနေအထား ရှိနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်ပူပင်နေ ရမည့် မိခင်ကြီးအတွက် အပူတစ်ခုလျော့သွားမည်။ မင်္ဂလာဆောင်ဆိုပေမယ့် တစ်ခမ်းတစ်နားကြီး လုပ်မည့် မင်္ဂလာဆောင် တော့မဟုတ်။ ရပ်သိရွာသိရုံ၊ အကွေးအမွေးနှင့် ညှိခံပြီး လုပ်မည့် ရိုးရိုး မင်္ဂလာဆောင်။

ယောက်ဖတော်ကြီးက ပွဲစားပီပီ အပြောအဆို သိမ်မွေ့ပြေပြစ်သည်။ သူ့ကိုလည်း ယေ်ရှယ်သူပဲဟု အပေါ်စီးအပြောမျိုးမပြော။ သူက မိခင်ကြီးနှင့် အစ်မဖြစ်သူကို စောင့်ရှောက်ဖို့ ယောက်ဖတော်ကြီးအား အပ်နှံ၍ အဆင်မပြေသည့်အကြောင်း တစ်စုံတစ်ရာပေါ်ခဲ့ရင် အမြန်ဆုံး အကြောင်းကြားဖို့ အမှာ စကားပြောခဲ့ရသည်။

သူ၏ ရန်ကုန်အပြန်ခရီးမှာ စိတ်အနှောင့်အယှက် ရောဖွေး စွက်စရာမပါဘဲ သက်တောင့်သက်သာ ရှိခဲ့သည်။ အပြန်လက်ဆောင် ပစ္စည်းများပို့ရင်း ချယ်ရီတို့ အိမ်သို့ရောက်ခဲ့သည်။ အမိကအကြောင်းမှာ လက်ဆောင်ပစ္စည်းပေးဖို့ထက် သူနှင့်ချယ်ရီတို့ကိစ္စ ပြောရေးဆိုခွင့် ကြုံ လာလျှင်မိခင်နှင့် အစ်မအတွက် သူ့မှာတာဝန်ရှိနေသည်ကို ထည့်သွင်း မစဉ်းစားကြရန် အသိပေးပြောဆိုထားရန်ဖြစ်၏။

ထိုသို့မျိုးရှိလာခဲ့သော ဆွေရေးမျိုးရေးကိစ္စတွေ ထည့်သွင်းစဉ်း စားလေ့ ရှိတတ်သောကြောင့် ဖြစ်၏။ သူ ပြန်လာပြီး ငါးရက်အတွင်းမှာ ရာထူးတိုးမိန့် ထွက်လာသည်။ ဝေးဝေးလံလံ မပြောင်းရသော်လည်း အခန်းပြောင်းသွားရသည်။ တစ်နေ့ကုန်တစ်နေ့ခန်း ကြည့်ပိုင်ခွင့်ကို လက် လွှတ်လိုက်ရသည်။

သို့တစေ တစ်နေ့တစ်ခေါက်လောက်တော့ အကြောင်းရှာ၍ ရောက်စမြဲရှိသည်။ ဦးလေးကြည်မှတစ်ဆင့် ရိရိမြင့်ထံမှ သတင်းစကား



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။ ခေါင်းမခါပေမယ့် ခေါင်းညိတ်အဆင့်တော့ မရောက်သေး။ ဆယ်ကျော်သက် မိန်းကလေးမဟုတ်တော့သမို့ အထာကိုင်သည့် သဘောရှိသည်။ စျေးမကိုင်ပေမယ့် စျေးဆွဲထားသည့် သဘော။ ဒါလောက်ဆိုရင်ပဲ သူ့ဘက်က နကျေနပ်စရာဖြစ်ရသည်။ အချိန်စောင့်ရသည်ကိုတော့ သူလည်းသဘောပေါက်သည်။

ချယ်ရီ့ဆီ မကြာခဏရောက်သလို ရင်းရင်းနှီးနှီး ကပြောအဆိုများဖြင့် ဆက်ဆံသည့် အဆင့်တက်လာသည်။ ရုံးအဆင်းအပြန် ကားဂိတ်လိုက်ပို့ရင်း ဆောင်းပါးရိပ်ခြေ အပြောလေးများ ပြောဆိုသည်မှ အအေးဆိုင်ဝင်ပြီး အတူတူအအေးသောက်ကြရင်း ထွေရာလေးပါး ပြောဆိုကြသည်မျိုး အဆင့်ကနေ လိုရင်းကိုဖွင့်ပြောသည့် အဆင့်သို့ ရောက်ခဲ့သည်။ ချယ်ရီ၏အဖြေမှာ ငြင်းစရာမရှိပါ။ ခုရှုပ်မှ နောင်ရှင်း ပြောစရာဆိုစရာတွေ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့ဟု ဆိုလာသည်။

မျဉ်းပြိုင်အကွာအဝေး နီးလာသည်။ မင်္ဂလာပွဲကို ခမ်းခမ်းနားနားကြီးမဟုတ်စေကာမူ အလယ်အလတ်တန်းအဆင့် လုပ်ဖို့ ငွေရေးကြေးရေးအဆင်သင့်ဖြစ်ပြီလား။ သူမ၏ အစ်ကိုဖြစ်သူမှာ အိမ်အတွက် အသင့်အတင့် အထောက်အပံ့ပေးနိုင်သည်ကလွဲ၍ အားကိုးအားထား အမှီပြုနိုင်သူ မဟုတ်သောကြောင့် လူမမာဖခင်ကြီးအတွက် ချော်နောက်ဆံထုံး မပါနိုင်။ ဆံထုံးနောက် ချော်ပါရမည်ကို လက်ခံနိုင်၊ မခံနိုင်။

သူ့ဘက်ကိုယ့်ဘက် ငွေကြေးထောက်ပံ့မှုကိစ္စ။ သူတို့နှစ်ယောက် စားရေးသောက်ရေးကိစ္စ။ သူတို့နှစ်ယောက်အကြား ထားရှိရမည့် သဘောထား။ ဘာညာဘာညာတွေပြောလာသည်။ မင်္ဂလာကိစ္စတစ်ခုကပွဲ၍



www.burmeseclassic.com

www.burmeseclassic.com



အားလုံးညီလို့ ရနိုင်သည်။ သူ့ဘက်က မလိုက်လျောနိုင်စရာမပါ။ မင်္ဂလာကိစ္စတွင်မူ ထိုခေတ်က အလယ်အလတ်တန်းသော်မှ အနည်းဆုံး ငါးထောင်မကုန်ဘဲ မဖြစ်နိုင်။

သူမှာက ငါးထောင်မပြောနှင့်။ ငါးရာသော်မှ အပိုအလျှံမရှိ။ ရုံးတက်လက်မှတ်ထိုးပြီး ရပ်ကွက်လူကြီးများနှင့် ရုံးက လူတွေကို အိမ်မှာပင် ဧည့်ခံပွဲလေးလုပ်ဖို့ ညိုကြည့်သည်၊ မရ။ သည်အဆင့်လောက်တော့ လက်မခံနိုင်ပါဟု ဆိုလာသည်။ ချယ်ရီကတော့ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် မေမေကဟုဆိုလာသောကြောင့် သည်ကိစ္စအတွက် မလွယ်ကြောင်းနားလည်လိုက်ရသည်။

စတွေ့ကတည်းက ဒေါ်မေစီသဘောထားကို ရိပ်မိသိရှိပြီးသား။ တကယ်တော့ ဒေါ်မေစီသာမဟုတ် သမီးပေးရမည့် မိဘရှင်ဘိုင်းက လွယ်လွယ်ပေ့ါပေ့ါပေးလေ့မရှိတတ်။ ဂုဏ်ဒြပ်ဆိုတာကလည်း အတော်ပြောရခက်သည့်ကိစ္စ။ ဦးဘအောင်က ရုံးအုပ်ကြီး၊ ဒေါ်မေစီက အလယ်တန်းပြဆရာမ၊ သမီးချယ်ရီက အထက်တန်းစာရေး၊ လွင်ဦးက ပြန်တမ်းဝင်အရာရှိကလေး။

လက်ဖက်ရည်ပွဲလောက်နှင့် ဆိုတာမျိုးတော့ ဘယ်လက်ခံနိုင်လိမ့်မှာပါ။ ကြီးကျယ်ရန်ကောဟု ပြောလျှင် ပြောသူအလွန်သာ ဖြစ်လိမ့်မည်။ တစ်ထောင်နှစ်ထောင်လည်းမဟုတ်။ ငါးထောင်လောက်ဆိုပေမယ့် အလိုမရှိ။ အပိုသာရှိမည်မို့ တစ်ထောင်လောက် အပိုဆောင်းထားဖို့ကရှိသေးသည်။

လွင်ဦး ခေါင်းခဲသွားသည်။ ဦးနှောက်ခြောက်သွားသည်။ သည်ကိစ္စအတွက် သူ့ဘက်က ထပ်ပြီး ညှိစရာအကြောင်းရှိ။



www.burmeseclassic.com

www.burmeseclassic.com


"ကိုဦးရယ် ချယ်ရီတို့ တစ်အိုးတစ်အိမ်ထောင်ထူပြီး အိမ်တွေ ဘာတွေ ငှားနေရမယ်ဆိုရင် ဒီ့ထက်မက ငွေလိုလိမ့်မယ်လေ"

"ခုနေဖို့ အဆင်သင့်။ အဖေတို့ အမေတို့ အနေအထိုင် သဘောထားလည်း ကိုဦးသိပြီးသားပဲ။ အတူ မနေနိုင်စရာ အကြောင်းလည်း မရှိဘူး။ ဒီတော့ မင်္ဂလာဦးကိစ္စ မေမေ့ဆန္ဒကို ဖြည့်ဖို့ ကိုဦးကြိုးစားရမှာပေါ့"

ချယ်ရီပြောတာ သွေးထွက်အောင် မှန်သည်ဆိုတာမျိုး။ လိုချင်တာကို ရယူလိုလျှင် တန်ရာတန်ကြေးတော့ ပေးရမည်သာ။ တန်ရာတန်ကြေးထက် လွန်လွန်ကဲကဲ တောင်းလာသည်ဆိုရင်တော့လည်း တစ်မျိုးပေါ့။

ဦးကြည်မောင်နှင့် တိုင်ပင်ရပြန်သည်။ ဦးကြည်မောင် ဒီကိစ္စအတွက် ချယ်ရီနှင့် ထပ်ပြီး မဆွေးနွေးဖို့ တားသည်။ ကိုယ့်ဘက်ကဖြစ်အောင် ဘယ်လိုဖန်တီးမလဲ ဆိုသည်ကို စဉ်းစားဖို့သာရှိကြောင်း ပြော၍ အိမ်ကိုပြန်ပြီး မိသားစုနှင့် တိုင်ပင်ရန် ပြောသည်။ ဦးကြည်မောင်ပေးသည့် အကြံကောင်းပါသည်။

ဒါပေသည့် သူ့မိသားစုနှင့် အခြေအနေကို သူသာအသိဆုံးမို့ မိခင်ကြီးနှင့် အစ်မဖြစ်သူကို စိတ်ဒုက္ခပေးရုံသာ အဖတ်တင်မည်။ သူ၏ ကိစ္စမှာမူ ပြေလည်စရာအကြောင်းမရှိ။ ငယောက်ဖတော်ကြီးကို သည်ကိစ္စ ပြောဖို့ကလည်း သူ့သိက္ခာနှင့် မိသားစုသိက္ခာပြဿနာရှိနေပြန်သည်။

ကိုယ်အလွန်နှစ်သက် မြတ်နိုးလွန်း၍ ရယူပိုင်ဆိုင်ခွင့်အတွက် ကျားကုတ်ကျားခဲ ကြိုးစားပြီး ရပါပြီဆိုတော့မှ ပြန်လည် လက်လွှတ်ရမည့် အဖြစ်မျိုးကိုလည်း အတွေးစဉ်ထဲသော်မှ မထည့်ရဲ။ ခုဟာက နှလုံးသား


www.burmeseclassic.com

www.burmeseclassic.com



ရေးရာပြဿနာ။ သူ ဘာလုပ်ရမလဲ။

အမှုများ မိုးခါးရေ သောက်နေသည်ကိုပင် မသောက်မိအောင် ထိန်းသိမ်းခဲ့သည်ကို စွန့်လွှတ်ပြီး မိုးခါးရေ သောက်ရတော့မည်လား။ သူတို့ ဌာနမှာ အဲဒီလမ်းကြောင်းကြီးက အမြဲတမ်း ပွင့်နေသည့်လမ်းကြောင်း။ လမ်းကြောင်း ပေါ်ရောက်ဖို့ ခက်ခက်ခဲခဲ လုပ်စရာမလို။ ခြေလှမ်းပြင် လိုက်သည်နှင့် လမ်းကြောင်းပေါ် တန်းခနဲ ရောက်သွားမည့် အခြေအနေ။

ခုရောက်ရှိနေသည့်နေရာက လမ်းကြောင်း ပိုကောင်းသည့်အလျောက် ပို၍ အလုပ်ဖြစ်မည့်နေရာ။ ရင်နှင့်အောင် ချစ်လွန်းရပါသော ချစ်ဦးသူချယ်ရီကို စွန့်မလား။ ခြောက်နှစ်ကျော်မျှ ထိန်းသိမ်းလာခဲ့သော ရိုးသားမှု၊ အကျင့်စာရိတ္တကို စွန့်မလား။

အချစ်နှင့် ပတ်သက်လာရင် အချစ်ကို စွန့်လွှတ်ရိုးထုံးစံမရှိ။ အခြားသော အရာရာကိုသာ စွန့်လွှတ်လေ့ရှိသည့် အစဉ်အလာလမ်းကြောင်းအတိုင်းလိုက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အတိုင်အပင်ပြုရမည့်သူ မှာ ဦးကြည်မောင် -

"အေးလေ။ ကိုလွင်ဦးအတွက် မလုပ်မဖြစ်တော့ဘူးဆိုရင်လည်း လုပ်ပေါ့။ တစ်ခုတော့ရှိတယ်နော်။ ကိုယ်က တစ်တက်စားရင် သူတို့က နှစ်တက်သုံးတက်စားသွားလိမ့်မယ်နော်။ ဒါကိုတော့ ကိုလွင်ဦးသတိထားရ လိမ့်မယ်"

"ကျွန်တော်လည်း ဒီကိစ္စအတွက် မလုပ်မဖြစ်လို့ လုပ်ရမှာပါ။ နောက်ထပ်လည်း မလုပ်ပါဘူး။ ဦးလေးကြည်ကို ကျွန်တော် ကတိပေးပါ တယ်"

"ဦးလေးလည်း စိတ်မကောင်းပါဘူး။ ဘာမှ မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မပြောသာဘူးပေါ့။ တစ်ခုတော့ရှိတယ်ကိုလွင်ဦး။ ဒီကိစ္စကို အကောင်အထည် မဖော်ခင် အိမ်ကို တစ်ခေါက်ပြန်ဖို့တော့ လိုလိမ့်မယ်။ ကိုလွင်ဦးမိသားစုကို မင်္ဂလာကိစ္စ ကြိုတင်အသိပေးဖို့နဲ့ ဖြစ်နိုင်မယ့် အခြေအနေရှိရင် ပြေလည် အောင် လုပ်ခဲ့ဖို့ပဲ။ ဒါဆို ကိုလွင်ဦးအတွက် ပိုပြီး အဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့။ ကျွန်တော်လည်း သွားဖို့ အစီအစဉ် ရှိပါတယ်"

ခွင့်ငါးရက်ယူပြီး အိမ်သို့ပြန်ခဲ့သည်။ ချယ်ရီကိုလည်း အိမ်ပြန်မည့် အကြောင်းနှင့် သူတို့ကိစ္စကို သုံးလေးလအတွင်း အဆင်ပြေအောင် လုပ်မည့်အကြောင်း ကတိပေးလိုက်သည်။ ချယ်ရီ့ထံမှ တုန့်ပြန်လာသည့် လှိုက်လှိုက်လှဲလှဲအပြုံးမှာ သူ၏ရင်ကို အေးမြရွှင်လန်းသွားစေသည်။

အိမ်ရောက်သည့်အခါ ထူးထူးထင်ထင် အပြောင်းအလဲကြောင့် ဝမ်းသာကြည်နူး ဝေဖြာပီတိနှင့် ဆုံဆည်းလိုက်ရပြန်သည်။ ပြင်ဆင်ထားသည့် အိမ်ကလေး၏ အပြောင်းအလဲမှာ ဆိုကာသီကာ အပြောင်းအလဲမျိုး မဟုတ်ဘဲ ယခင်အနေအထားနှင့် လုံးဝမတူညီအောင် ပြောင်းလဲသွားသည်။ ပြောင်းလဲမှုအနေအထား။

မိခင်နှင့်အစ်မတို့၏ အနေအထိုင် အဆင့်အတန်းလည်း ပြောင်းလဲနေသည်။ ဒီလိုအခြေအနေကို တွေ့လိုက်ရသောကြောင့် ဝမ်းသာပီတိဝေဖြာသွားရသည်။ ယောက်ဖတော်ကြီးပါ အိမ်မှာရှိနေသည့် ညပိုင်းတွင် သူ၏ အိမ်ထောင်ရေးကိစ္စကို မိသားစုအား ပြောပြသည်။

ချယ်ရီ့အကြောင်း၊ ချယ်ရီတို့ မိသားစုအကြောင်း၊ မင်္ဂလာ ဆောင်ပြီးလျှင် ချယ်ရီတို့အိမ်မှာပင်ပေါင်းစည်းနေထိုင်မည့်အကြောင်းများ ကိုပါ အပြည့်အစုံပြောပြပြီး မိခင်ကြီး၏ သဘောထားကိုပါ မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးက သားအိမ်ထောင်ဖက် ရွေးချယ်မှုနှင့် ပတ်သက်၍ ဘာမှပြောစရာမရှိကြောင်း၊ သားအခုလို တင့်တောင့်တင့်တယ် အခြေအနေရှိသွားသောကြောင့် သူ့မှာ စိုးရိမ်ပူပန်မှု လျော့သွားကြောင်း ပြော၍ မင်္ဂလာကိစ္စအတွက် ကုန်ကျမည့် ငွေရေးကြေးရေး အခြေအနေကို မေးခဲ့သည်။

သူက ဒီကိစ္စအတွက် မပူပင်ဖို့နှင့် သူ့ဟာသူ တာဝန်ယူပြီး လုပ်နိုင်မည့်အကြောင်း ပြောရသည်။ သူတာဝန်ယူရမည့် မိသားစုတာဝန်ကို ယောက်ဖတော်ကြီးက ပြည့်ပြည့်စုံစုံ တာဝန်ယူထားပြီ ဖြစ်သောကြောင့် မင်္ဂလာကိစ္စနှင့် ပတ်သက်၍ သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ် မဖြစ်ရအောင် ပြေလည်ကြောင်းသာ ပြောလိုက်ရသည်။ ဒါတောင် ယောက်ဖတော်ကြီးက အလိုက်တသိ အကူအညီတစ်ခု ပံ့ပိုးခဲ့သည်။

နောက်တစ်နေ့တွင် အစ်မဖြစ်သူမှတစ်ဆင့် စက္ကူဘူးလှလှလေး တစ်ခုပေးလာသည်။ ရွှေဆွဲကြိုးလေးတစ်ကုံး။ တစ်ကျပ်မှုးတင်းသား အသင့်လုပ်ပြီး ဆွဲကြိုးလေး။ ထိုစဉ်ကာလက ရွှေဈေးမှာ တစ်ကျပ်သား တစ်ထောင့်ငါးရာ၊ တစ်ထောင့်ခြောက်ရာ ဝန်းကျင်ပဲရှိသည်။

ဘာပဲဖြစ်ဖြစ် သူ့မိသားစု၏ လက်ဖွဲ့အဖြစ် မှတ်တမ်းဝင်ပေးနိုင်မည်ဖြစ်သောကြောင့် သူ့အတွက် မျက်နှာပန်းလှစရာ ဖြစ်ရမည်မို့ ရင်တွင်းမှာ ဝမ်းသာမှုဂယက် ရိုက်ခတ်သွားရသည်။ ထို့ထက်ပိုသော အခွင့်အရေးကို သူ တောင်းခံစရာ မလိုတော့။

ယောက်ဖတော်ကြီး အပါအဝင် အမေနှင့် အစ်မတို့အား ကန်တော့ပြန်ခဲ့သည်။ အပြန်ခရီးမှာ အသွားခရီးတုန်းကလို စိတ်သက်မသာ ပေါ့ပါး။ အသွားခရီးတုန်းက မိခင်ကြီးအား ကန်တော့ရန် ရောက်လာန်းတန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



သာရှိသည့် အဝတ်အထည်အချို့နှင့် အိတ်ထဲမှာ ငွေတစ်ရာကျော်လေးပဲ ပါသည်။

အပြန်ခရီးမှာတော့ တစ်ထောင့်ငါးရာကျော် တန်ဖိုးရှိသည့် ရွှေထည်ဘူးကလေး အိတ်ထဲမှာ ပါလာသည်မို့ ဂရုတစိုက်ရှိနေရသည်။ အိမ်ပြန်ရောက်သည့်အခါ ဦးကြည်မောင်တို့အတွက် လက်ဆောင်ပစ္စည်းများပေးပြီး ဘူးကလေးကို သူ့သေတ္တာထဲထည့်၍ သိမ်းဆည်းထားလိုက်ရသည်။ သူရောက်ပြီး မကြာမီ ဦးကြည်မောင်လည်း ရုံးဆင်း အိမ်ပြန်ရောက်လာသည်။

ဦးကြည်မောင် အဝတ်အစားလဲပြီးမှ အိမ်ရှေ့ကပြင်တွင် ထိုင်ရင်း စကားပြောဖြစ်သည်။ သူတို့အိမ်နှင့် မိသားစုအခြေအနေကို ပြောပြပြီး ဟိုကိစ္စ မပြောဖြစ်သည့်အကြောင်း ပြောလိုက်ရသည်။ ဦးကြည်မောင်က လူကြီးပီပီ လူကြီးစကားဖြင့် သူ၏မူလအစီအစဉ်အတိုင်း လုပ်ဖို့မတိုက်တွန်းဘဲ မလုပ်သင့်ကြောင်းကို ပရိယာယ်သွယ်သော ကြောင်းကျိုးပြစကား ပြောသွားသည်။

"ကိုလွင်ဦး ဦးလေးကြည်ခုနေတဲ့ အိမ်ကလေးကို ဝါးထရံကာကနေ ပျဉ်ကာအိမ်ကလေးဖြစ်ဖို့ နှစ်နှစ်တစ်ကြိမ် ငွေကုန်ပြီး ကရိကထများတဲ့ ခနိမိုးကနေ သွပ်မိုးလေးဖြစ်ဖို့ ဆန္ဒဟာ ဦးလေးကြည်ရဲ့ ရင်ထဲမှာ အမြဲတမ်း ရှိနေခဲ့တာပါ။ အခု ဒီစကားပြောနေဆဲ အချိန်အထိ ဆိုပါတော့။ အိပ်မက်ထဲ ထိအောင်တောင် အဲဒီကိစ္စဟာ တွဲစပ်ပါနေစမြဲရှိတာပေါ့။

ဦးလေးကြည်က ကိုလွင်ဦးနဲ့ တွဲခဲ့ရတာဆိုတော့ အထူးပြောစရာ မလိုဘူးလေ။ သူများတွေ မိုးခါးရေ သောက်သလို ဦးလေးကြည်လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက် သောက်ခဲ့ရင် သွပ်မိုးပျဉ်ကာ ဆန္ဒပြည့်ဝတာ ကြာလှပြီပေါ့။

အိပ်မက်ထဲမှာ တွေ့ရတဲ့ အိမ်ကလေးကို လက်တွေ့မျက်မြင် သေ့ပြီး နေရတာလည်း ကြာပြီပေါ့။ ဒါပေမယ့် ဦးလေးကြည်မလုပ်ခဲ့ဘူး။ ဆန်ခိုးမမိ ဖွဲခိုးမိဆိုတဲ့ ပမာစကားလို ဖွဲခိုးမိမှာကြောက်လို့ အခုမျက်မြင် အခြေအနေအတိုင်း နေနေရတာပဲ။

ဒါကြောင့် ကိုလွင်ဦးကို ပြန်ပြီး စဉ်းစားစေချင်တယ်။ ကိုယ့်လို အင်ဆန္ဒတစ်ခုတည်း ပြီးရင်ပြီးရောဆိုပြီး ဇွတ်မှိတ်လုပ်တာမျိုး မဖြစ်စေ ချင်ဘူး။ ဦးလေးကြည်ကို တလွဲမထင်ပါနဲ့။ ကိုယ့်တူအရင်းအချာလို သဘောထားပြီး ပြောတာပါ"

ဦးကြည်မောင် ပြောသွားသလို ရင်တွင်းဖြစ် စေတနာစကား ဆိုလိုချက်ကို သူသဘောပေါက်သည်။ ဒါပေသည့် အဆီတဝင်းဝင်းကို မပစ်ရက်သမို့ သဲတရှပ်ရှပ်ကိုပဲ စားလိုက်ရသည်။

တရားဝင် စေ့စပ်ပွဲ လုပ်သည့်နေ့က မိသားစု လက်ဆောင်ဆွဲ ကြိုးလေးကို ချယ်ရီ့ ရင်ဘတ်ပေါ် သို့ တင်ဆွဲပေးလိုက်သည်။ ချယ်ရီ၏ အပြုံးမှာ မြူးဝင့်လန်းရွှင်နေသည်။ သူတို့နှစ်ယောက်မှာ စေ့စပ်ကြောင်း လမ်းခြင်းကိစ္စ ပြီးသွားပြီမို့ မင်္ဂလာရက်မြတ်မတိုင်မီစပ်ကြား သိုသိုသိပ် သိပ် တွဲသွားတွဲလာ အနေအထားကနေ ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာ ရှိခဲ့ကြပြီ။

ခန့်ချောနှင့် နုချော။ လိုက်ဖက်သည်။ အရပ်အမောင်း အနေ အထားတော့မညီ။ လွင်ဦး အရပ်အမောင်းက မြင့်သွယ်သည်။ ချယ်ရီ့ အရပ်အမောင်းက မဆိုစလောက် နိမ့်လျောသည်။ သို့တစေ အကြည့်ရ ဆိုးလောက်အောင် ခြားနားသည်မျိုးတော့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အတူတူ မနေကြသေးစေကာမူ ရုပ်ရှင်သွားအတူတူ၊ ဗိုလ်ချုပ်ဈေးသွားအတူတူ၊ ရုံးသွားအတူတူ၊ ရုံးပြန်အတူတူ၊ ဟိုသွားသည်သွားအတူတူ ရှိနေကြပြီ။ မနက်ပိုင်း လွင်ဦးက အိမ်မှ အစောကြီးထွက်၍ ရန်ကင်းသို့ အကြိုအထောက်သွားရသည်။ ညနေအပြန် ရန်ကင်းကိုအရောက် အပို့တာဝန်ပြီးမှ ဥက္ကလာသို့ ပြန်ရသည်။

ရုံးမှာ မနက်စာထမင်းစားတော့လည်း အတူတူ။ ပျော်တပြုံးပြုံးမော်မဆုံးဖြင့် အပျော်ဆုံးအချိန်ကာလကို တူတူညီညီ ရယ်ရယ်ပြုံးပြုံးဖြတ်သန်းခဲ့ကြသည်။ ခါတိုင်း လကုန်ရက်အထိ အတိုင်းအတာ အကန့်အသတ်နှင့် သုံးစွဲခဲ့သည့် သူ၏လခမှာ အရက်နှစ်ဆယ်မတိုင်မီ ပြောင်ခါသွားသည်။

အကြောင်းမဟုတ်ပါ။ အောက်ပိုင်းတပည့်များနှင့် လက်ဝါးရိုက်ထားသည့် မိုးခါးရေမှာ တသွင်သွင် စီးဝင်နေပါပြီ။ သူတို့ မင်္ဂလာဆောင်ညှိခံပွဲကို ကုက္ကိုင်းဘက်ရှိ တရုတ်ဘုံကျောင်းအသင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ သူတို့ရုံးအဖွဲ့သား အသိုင်းအဝိုင်းနှင့်ပင် ခန်းမတစ်ခုလုံး ပြည့်လုခမန်း ရှိနေသည်။

စည်ကားသည်။ လက်ဖွဲ့တွေ အများကြီးရသည်။ သူ၏မိခင်အစ်မနှင့် ယောက်ဖတော်ကြီးတို့လည်း လာကြသည်။ သူတို့က တစ်ရက်ကြိုရောက်သည်။ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ပြီး မင်္ဂလာပွဲပြီးသည်နှင့်ပြန်ကြသည်။ အိမ်ကို လူစောင့်နှင့်ထားခဲ့ရသည်။ ယောက်ဖတော်ကြီးကလည်း လုပ်ငန်း တန်းလန်းနှင့် မလာမဖြစ်လို့သာ လာရသည်။ အေးအေးဆေးဆေး နေချိန်မရ။

အောင်မြင်စွာ ပြီးဆုံးသွားသော မင်္ဂလာညှိခံပွဲမှ လက်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းနှင့် ငွေကြေးများကို ဒေါ်မေစီက စီမံခန့်ခွဲသည်။ ဘယ်ရွှေ့ဘယ်မျှရသည်ကိုပင် သူမသိ။ သူက မမေးသလို ချယ်ရီတို့သားအမိကလည်း မပြော။ မေးစရာ အကြောင်းမဟုတ်သလို ချယ်ရီက သူမ၏မိခင်အပေါ် နားလည်မှုရှိပေးဖို့ ဒေါ်မေစီ၏ သဘောထားနှင့်အထာကို ကြိုတင်ပြောပြထားသည်။

ချယ်ရီ့အဖေ ဦးဘအောင်က လူအေး။ ဒေါ်မေစီကတော့ အစဉ်အလာအရ အိမ်ထောင်တစ်ခုလုံးကို စီမံခန့်ခွဲသူ အစစအရာရာ သူ့လက်သူ့ခြေ လုပ်ရမှ ကြေဇာပေးရမှဆိုသည့် အကျင့်စရိုက်ရှိသည်။ ဒါကို နားလည်ခွင့်လွှတ်ဖို့ ပြောကြားထားသည်။ ဒါကြောင့် သူက မသိလိုက် မသိဘာသာပဲ နေလိုက်သည်။

လူ့ဘဝသက်တမ်းတွင် ကြင်ဖက်သက်နှံတို့၏ အပျော်ရွှင်ဆုံးနေ့ဟု ဆိုရမည်ဖြစ်သော မင်္ဂလာဦးညကို ကြည်နူးပျော်ရွှင်မှု ပြည့်ဝလွှမ်းတင်ရေးသည် သာပဓာန။ ချယ်ရီ့ကို သူကသိပ်ချစ်သည်။ သူချစ်ထက် ကိုယ်ချစ်ကို ဦးစားပေးတတ်သူတို့၏ အထာအတိုင်း သိပ်ချစ်တော့ သိပ်အလိုလိုက်သည်။

သူတို့နှစ်ယောက်၏ အိမ်ထောင်ဦးကာလ ခရီးအစပိုင်းမှာ သာယာကြည်နူးပျော်ရွှင်ရိပ်တွေ ပြည့်ပြည့်ဝဝကြီး ထင်ရစ်ခဲ့သည်။ တူတူညီညီ ရယ်ရယ်ပြုံးပြုံး ပျော်မဆုံးမော်မဆုံး ရှိခဲ့သည်။ ပြဿနာဟူ၍ ဘာမှ မရှိဘူးဟု ဆိုရမည် သို့အောင် ဖြောင့်ဖြူးချောမွေ့ခဲ့သည်။

ဒါပေသည့် . . . .။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com


[ လေး ]

ချယ်ရီက အိမ်ထောင်ရှင်မတစ်ဦး၏ လိုက်လျောပေးအပ်ရာများကို အစွမ်းကုန် လိုက်လျောပေးအပ်ခဲ့သလို သူ့ကို ကြိုးကိုင်နိုင်အောင်လည်း မိန်းမတို့၏ အထာဖြင့် မသိမသာ ကျုံးသွင်းကိုင်တွယ်ခဲ့သည်။ တစ်နှစ်တာကာလအတွင်းမှာ ချယ်ရီက ငါးပိဆို ဖုတ်ပြီးသား ဖြစ်လာသည်။

သူက ယောကျ်ားဖြစ်ပေမယ့် ကြိုးဆွဲရသူမဟုတ်ဘဲ ကြိုးဆွဲသူက ချယ်ရီဖြစ်လာသည့်နောက် သူက ချယ်ရီကြိုးဆွဲသည့်အတိုင်း လှုပ်ရှားခဲ့ရသည်။ မင်္ဂလာဆောင်ကိစ္စအတွက် မလုပ်မဖြစ်လို့ သည်တစ်ကြိမ်သာပါဟု ဦးကြည်မောင်ကို ပေးခဲ့သည့်ကတိ ပျက်ယွင်းသွားပြီ။

လစာအကုန်အပ်သည်နှင့် မပြီးတော့။ ဒီတစ်ကြိမ်သာပါဆိုသည့် အပိုဝင်ငွေကို အလှည့်အပြောင်း အမျိုးမျိုးလုပ်၍ ရှာဖွေခဲ့ရသည်။ တစ်တက်စားတော့လည်း ကြက်သွန်ပဲ။ နှစ်တက်၊ သုံးတက်စားတော့လည်း ကြက်သွန်ပဲ။ ဘာထူးတာမှတ်လို့ဟု သဘောမူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဌာနအတွင်း သူ့အပေါ် အမြင်စောင်းပြီး အမြင်မကြည်မလင် ဖြစ်ခဲ့သူများ အမြင်တည့်လာသလို အမြင်ကြည်လင်လာသည်။ ချယ်ရီက လည်း အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်ကို အဆင်ရော အရောင်အသွေးပါ သေပ်အောင် ဝတ်ဆင်ခဲ့ရာ သူမ၏ အလှမှာ လှသထက်လှ၊ ကြွသထက် ကြွတက်လာသည်။

ကိုယ့်ဇနီးမယား လှလာကြွလာသည်ကို မကျေနပ် မကြည်ဖြူ သူဟူ၍ လောကတွင်မရှိရာဟူသော ဆိုစမှတ်စကားအတိုင်း သူက လိုက်လှိုက်ထင်ထင် ကျေနပ်ကြည်နူးနေသည်။ မိန်းမသားတို့က လောဘ အရာတွင် ယောကျ်ားသားတို့ထက် သာသာထိုးထိုး ရှိသည့်အတိုင်း ရလေ လိုလေဖြစ်လာသည်။

"ကိုဦး . . . ချယ်ရီတို့ ခုလိုစားဝတ်နေရေး ပြေလည်နေရုံနဲ့ မပြီးသေးဘူးနော်။ ရှေ့ရေးကရှိသေးတယ်။ ပြီးတော့ ကိုဦးအမေ သက်ရှိ ထင်ရှားရှိနေတုန်း အနီးကပ်မပြုစုနိုင်ပေမယ့် လုံးလုံးခဲခဲ ထောက်ပံ့ဖို့လည်း လိုလိမ့်မယ်နော်။ ချယ်ရီက လိပ်မျိုးမဟုတ်ဘူးနော်။ ကိုယ့်ဘက်ချည်း ယက်တဲ့ စိတ်ထားမျိုးမရှိဘူး။ သူတို့ဟာသူတို့ ဘယ်လိုပဲပြေလည်ပြေလည် နေ။ ကိုယ့်ဘက်က သိတတ်မှုနဲ့ နားလည်မှု ရှိရလိမ့်မယ်။ လသာတုန်း ဗိုင်းငင်ဆိုတဲ့စကားလည်း ရှိသားပဲ ကိုဦးရာ။ အခြေအနေပေးတုန်း ထုပ်ထုပ်ထည်ထည်ဖြစ်အောင် လုပ်ထားဖို့ လိုလိမ့်မယ်နော်"

ဒါက ချယ်ရီ၏ အိပ်ရာဝင်ပုံပြင်အပြော။

"ရီလေးရယ် . . . ကိုယ်လည်း ဒါတွေနားလည်ပါတယ်။ ရီလေး မေမေ့အပေါ် ထားတဲ့ သဘောထားကို သိရလို့လည်း ကိုယ် သိပ်ဝမ်းသာ တယ်။ ကိုယ်လည်း အကွက်ပေါ်တိုင်း နှိုက်နေတာပဲ။ တွင်းနက်သလောက်



www.burmeseclassic.com

www.burmeseclassic.com



နှိုက်လို့လည်းမဖြစ်ဘူးလေ။ အန္တရာယ်ကြီးတန်းကို အချိန်ဆဆ မှန်မှန် လျှောက်မှ ဟိုဘက်ဒီဘက် မကျဘဲ ကြိုးတန်းထိပ်ကို ရောက်မှာ မဟုတ်လား ရီလေးရဲ့"

"ရီလေး နားလည်ပါတယ်ကိုရယ်။ ဒါပေမယ့် မိုးကအမြဲမရွာဘူးလေ။ မိုးရွာတုန်းရေကို ပြည့်အောင်ခံထားဖို့ ဇပြောရတာပါ။ ကိုရေ ဒီသီတင်းကျွတ်ရင် ကိုမယ်တော်ကြီးကို သွားကန်တော့ကြရအောင်။ ရီလေး လည်းလိုက်မယ်"

"ရီလေးရယ်"

အိပ်ခန်းထဲတွင် ထွန်းထားသည့် နှစ်ပေမီးချောင်း ငြိမ်းသွားသည်။ ခုတင်ခေါင်းရင်းက ကြည်လွဲသော မီးလုံးအပြာလေးပွင့်လာသည်။ ထိုမှဆက်၍ . . . ။

✣ ✣ ✣

ရွှေပုပ္ပါး စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေစီကလည်း သူ့ကို တော်တော်လေး အရေးပေးသည်။ ဦးဘအောင်ကတော့ သူ့ရောဂါဝေဒနာကြောင့် ပက်လက်ကုလားထိုင်မှာတစ်လှည့် ခုတင်ပေါ်တစ်လှည့်နေရသည်မို့ စကားစမြည် ပြောချိန်နည်းသည်။ သူက ပုတီးကို အဖော်ပြုနေရသူ။

လွင်ဦးမှာ ယောက္ခမတိုက်ထက်မှာ လမက်မျက်နှာမငယ်ဘဲ မနေနိုင်သည့် အခွင့်အရေးရထားသည်။ ဦးကြည်မောင်က အခြေအနေအကုန်လုံးကို သိနေသမို့ ကြုံတိုင်း သတိပေးစရာ ရှိသည်ကို ပေးသည်။ ကိုယ့်ရဲ့ထာဝရ တက်လမ်းကို တစ်ခဏနှင့် မလဲမိဖို့ ကျိုးကြောင်းပြ ဆုံးမစကားပြောသည်။

ခွေးပြီးကောက်သည် ပြန်ဖြောင့်ရိုး ထုံးစံမရှိသလို သူလည်း အကြွဲအဖန် ဝဲဂယက်ထဲကနေ ရုန်းထွက်ရန် မတတ်နိုင်ခဲ့ပေ။ အကြွဲအဖန်သည် တစ်ခဏ။ အမှန်အကန်သည်သာ ထာဝရဆိုသည်ကို သဘောပေါက်သည့်တိုင် ကြိုးဆွဲသူ၏ တွန်းအားဒဏ်ကို မခံနိုင်။ မဟုတ်တာ လုပ်သူများအတွက် တစ်နေ့ဆိုတာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မမှန်မကန် အကြံအဖန်လုပ်သူများနှင့် တရားဥပဒေသည် တစ်နေ့မဟုတ်တစ်နေ့ ဆက်နွယ်ပတ်သက်စမြဲရှိသည်။ ဥပဒေစည်းဘောင်ကိုကျော်လျှင် မြင့်မြင့်မားမား အုတ်ရိုးကြီးများအတွင်းဘက်သို့ ရောက်ရမည်မှာ ဧကန် မလွဲဖြစ်မြဲကိစ္စဖြစ်၏။

ထိုတစ်နေ့သို့ မရောက်မီအထိတော့ မြူးမြူးပျော်ပျော် ရယ်ရယ်ပြုံးပြုံးရှိကြ၏။ အပြုံးနှင့်အမဲ့ အရယ်နှင့်အမောမှာ တွဲစပ်နေ၏။ အပြုံးနှင့်အရယ် တွဲစပ်ခဲ့သည်မှ အမဲ့နှင့်အမော တွဲစပ်သည်နှင့် ရင်ဆိုင်လိုက်ရပြီ။ အကြံအဖန်ပစ္စည်းများ ပို့နေကျဈေးကွက်သို့အပို့ လက်ပူးလက်ကြပ်ဖမ်းဆီးခြင်းခံလိုက်ရသည်။

ပစ္စည်းပို့သွားသူလေးယောက် ဖမ်းဆီးခြင်း ခံလိုက်ရသည်မှာ နေ့လယ်တစ်နာရီ။ သက်ဆိုင်ရာ ရဲအရာရှိများ သူတို့ဌာနသို့ ရောက်လာသည်မှာ ညနေသုံးနာရီ။ စုံစမ်းမေးမြန်းခြင်း ကိစ္စပြီး၍ ရဲအရာရှိများပြန်သွားသည်မှာ ညနေလေးနာရီခွဲ။

အချုပ်ထဲ ရောက်နေသူများမှာ ခြေပစ်လက်ပစ်ငိုမဲ့မဲ့။ ရဲအရာရှိများ ပြန်သွားပြီးနောက် နှုံးချိ‌ငေးငိုင်တွေးမှိုင် ကျန်ရစ်ခဲ့သူများမှာ သူတို့။ အထက်အရာရှိကြီးများ ရှေ့မှောက်တွင် အစစ်ဆေး၊ အမေးအမြန်းခံနေရသူ လွင်ဦးနှင့် အခြားအရာရှိငယ် တစ်ယောက်မှာ ညနေ ခြောက်နာရီကျော်မှ အိမ်ပြန်ခွင့်ရသည်။

နက်ဖြန် ဘာဖြစ်မလဲ။ ဒါကိုတော့ . . . . ။

ချယ်ရီ ပြန်သွားပြီ။ သူက မပြန်နိုင်သေး။ ထိုကိစ္စနှင့် ပါဝင်ပတ်သက်နေကြသည့် သူတို့အချင်းချင်း ခေါင်းချင်းရိုက်ပြီး တိုင်ပင်ရသည်၊ ဆွေးနွေးရသည်။ သူတို့အထဲမှာ လည်လည်ဝယ်ဝယ်ရှိသူ စာရေးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် သူပါ သူတို့လူတွေကို ဖမ်းဆီးထားသည့် ရဲစခန်းသို့ လိုက်ခဲ့ရ ပြန်သည်။

ထမင်းစားချိန် လွန်မြောက်ခဲ့သည့်တိုင် လက်ဖက်ရည်လေး တစ်ခွက်သောက်ဖို့ကိုပင် သတိမရ။ သောကအလုံးအခဲကြီးရင်ထဲမှာ တစ်ဆို့နေသည်။ တစ်ခေါင်းလုံး မူးနောက်ကျပ်ခဲနေသည်။ ရဲစခန်းရောက်တော့ ခုနစ်နာရီ ခွဲပြီ။ တာဝန်ကျ ဒုရဲအုပ်နှင့်တွေ့ပြီး သူတို့ဘယ်သူဘယ်ဝါဖြစ်သည်ကို ပြောပြ၏။ ဖမ်းဆီးခံနေရသူများနှင့် တွေ့ဆုံခွင့်ရှိမရှိ မေးမြန်းရသည်။

တာဝန်ကျ ဒုရဲအုပ်က ဆောရီးလုပ်လိုက်သည်။ စစ်ဆေးမှု မပြီးဆုံးသေးသောကြောင့် တွေ့ခွင့်မရှိပါ။ စားစရာ သောက်စရာများ ပေးလိုလျှင်ပေးနိုင်ကြောင်း ပြောသည်။ ဆရာတပည့်နှစ်ယောက် စားစရာနှင့် ဆေးလိပ်များဝယ်၍ ပေးပြီး ပြန်ခဲ့ရသည်။

ရဲစခန်းက ထွက်လာတော့ ကိုးနာရီထိုးတော့မည်။ အိမ်ပြန်ရောက်တော့ ဆယ်နာရီ။ ခြေပစ်လက်ပစ် ဖြစ်သွားသည်။ ချယ်ရီဖျော်ပေးသည့် ကော်ဖီတစ်ခွက်ကို သောက်လိုက်ရသည်။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရသည်။ ချယ်ရီနှင့် ဒေါ်မေစီက အခြေအနေကိုမေးသည်။ ပစ္စည်းတွေခိုးထုတ်၍ သူတို့ဌာနမှ ဝန်ထမ်းလေးယောက် အဖမ်းခံရသည့် အကြောင်းကလွဲ၍ ဘာမှပြန်မပြောနိုင်။

"ဒီကိစ္စက မင်းနဲ့ကော ပတ်သက်နေသလား"

ဒေါ်မေစီ၏အမေး။

သူက ပတ်သက်နေသည်လို့တော့ မဖြေ။ တာဝန်တော့မကင်းဟု မယုတ်မလွန် ဖြေလိုက်သည်။ ရေချိုးပြီး အိပ်ရာသို့ ဝင်လိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com


တိုင် ကော်ဖီတစ်ခွက်နှင့်ပဲ ပြီးလိုက်ရသည်။ အိပ်ရာထဲရောက်တော့မှ လင်မယားနှစ်ယောက် တွတ်ထိုးကြရသည်။

ခါတိုင်းလို တီတီတာတာ၊ အပလီအခရာတွေ လွှမ်းထင်သည့် အိပ်ရာဝင်ပုံပြင်ကို မပြောနိုင်ကြတော့။ ရှေ့ကို ဘယ်အထိ ဖြစ်လာနိုင်သည့် အခြေအနေကို တွတ်ထိုးကြရသည်။ ဘာဆက်လုပ်ရမည်ကို တိုင်ပင်ကြရသည်။ ဖြစ်လာပြီဆိုတော့လည်း ရင်မလင်းစိတ်မရှင်း ရင်တုန်ခေါင်းခဲရပြီပေါ့။

ချယ်ရီက သန်းခေါင်ကျော်တွင် တစ်ဖက်စောင်း၍ အိပ်ပျော်သွားသည်။ လွင်ဦးကတော့ အိပ်စက်ခြင်းကို စွန့်လွှတ်ထားရသည်။ နဖူးပေါ် လက်တင်ပြီး အတွေးစဉ် အထပ်တစ်ရာနှင့် ရစ်ထွေးနေသည်။ သူလူတွေက ရဲစခန်းမှာ သူတို့အကြောင်းတွေ အန်လိုက်လေပြီလား။

*ယခုကိစ္စကိုသာမက ယခင်ကိစ္စတွေကိုပါ ဖော်လိုက်လေပြီလား။*

အဲဒီလိုသာ ဖော်လိုက်ရင်တော့။ အတွေးစဉ်ကို မဆက်ရဲ။ ထပ်ခါတလဲလဲ သက်ပြင်းချနေရသည်။ ခုအမှုအကြောင်းက ဝန်ထမ်းလောကမှာ ဖြစ်လေ့ဖြစ်ထရှိသည့် အဂတိလိုက်စားမှု၊ ဖိုးဝမ်းစီဖိုးတူး အမှုအကြောင်းမျိုးထက်ပို၍ လေးနက်သည်။ အမှုကြီးသည်။

ပြည်သူပိုင်ပစ္စည်း ခိုးယူဖျောက်ဖျက်မှု။ အမှုကြောင်းပို၍ လေးနက်သလို အမှုလည်းပိုကြီးသည်။ စားတုန်းဝါးတုန်းကတော့ တငြိမ့်ငြိမ့်။ အရိုးစူးပြီဆိုတော့ တနင့်နင့်။ နေမထိ ထိုင်မသာဖြစ်ရပြီ။

သွားပါရင် ဝါးမှာပဲဆိုပေသည့် အပေါ်ယံ အသားလွှာလေးကို ရှပ်ပြီးဝါးမိရင် အရှင်းရလွယ်သော်လည်း အစားလောကြီးပြီး အရိုးပါ ဝါးပြီဆိုရင်တော့ သွားပဲ့တတ်သည်။ ခု ပြဿနာက သွားပဲ့မည့်ပြဿနာ။

www.burmeseclassic.com



မိုးစင်စင်လင်းသွားသည်အထိ အိပ်စက်ခြင်းနှင့် မဆုံဆည်းလိုက်ရ။ မနက်မိုးလင်း၊ မျက်နှာသစ်ပြီး လက်ဖက်ရည်စားပွဲမှာ ထိုင်မိသည့်တိုင် ငါ့ဝမ်းပူဆာမနေသာလို့ စားလိုက်သောက်လိုက်ရပေမယ့် လျှာပေါ်မှာ ဘာအရသာမှ မထင်လိုက်။ စာရေးကြီး ကိုမြင့်ဦးနှင့် ချိန်းဆိုထားသည့်နေရာသွားဖို့ကိုသာ စိတ်စော၊ စိတ်လောနေသည်။

ရဲစခန်းကို သွားရမည်။ အချုပ်ထဲရောက်နေသူများနှင့် တွေ့ဖို့ကသိပ်အရေးကြီးနေသည်။ သူ၏အရှက်နှင့် သိက္ခာ၊ ဘဝပျက် လမ်းကြောင်းပေါ် ရောက်မရောက်မှာ သူတို့အပေါ်တွင် တည်နေသည်။ ညကတစ်ညလုံး မအိပ်ရလို့ ခေါင်းထဲမှာ ခဲအုံနောက်ကျိနေပေမယ့် အဝတ်အစားလဲပြီး ကမန်းကတန်းထွက်ခဲ့ရသည်။

ခါတိုင်းဆို ဇနီးမောင်နှံနှစ်ယောက် ကြည်ကြည်သာသာ ယှဉ်တွဲလျက်ရုံးသို့ သွားကြစမြဲ။ ခုတော့ တစ်ယောက်တစ်ကွဲ။ သို့စေကာမူ ချယ်ရီကတော့ အလှပြင်မပျက်။ ခါတိုင်း ရုံးသွားနေကျ ပုံစံအတိုင်းပင်။ လွင်ဦးက သုံးဘီးငှားပြီး ချိန်းဆိုထားသည့်နေရာသို့ ရောက်သွားသည်။

ချိန်းဆိုထားသည့် ကိုမြင့်ဦးကို မတွေ့ရသောကြောင့် ရင်ခုန်သံမြန်သွားသည်။ ကိုမြင့်ဦးကို ညကများ လာဆွဲသွားလေပြီလားဟု။ သူ့အတွေးသာမှန်ခဲ့ရင် နောက်ကလိုက်ရမည့်သူမှာ သူ။ ရင်မခုန် ဘယ်သို့ရှိမှာပါလိမ့်။ ခုန်သမှ ဒိန်းဒိန်း ဒိန်းဒိန်း မြည်အောင်ကို ခုန်လာသည်။

ချိန်းဆိုထားသည့် လက်ဖက်ရည်ဆိုင်ထဲဝင်၍ လက်ဖက်ရည်မှာပြီး ထိုင်နေလိုက်ရသည်။ လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး မမှာမဖြစ်၍သာမှာလိုက်ရသည်။ လက်ဖက်ရည်ပန်းကန်ကို တို့ထိဖို့သတိမရဘဲလမ်းမဘက်သို့သာ မျက်စိစူးရောက်နေသည်။

ရွှေမုဒ္ဒါး စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်လောက်အကြာမှာ ကိုမြင့်ဦးရောက်လာသည်။ သည်တော့မှ ရင်ထဲတွင် တစ်ဆို့နေသည့်အလုံး ကျဆင်းသွားသည်။ ကိုမြင့်ဦးလည်း ညက်အိပ်မပျော်။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသဖြင့် အိပ်ရာထနောက်ကျသွားကြောင်းပြောသည်။ မှာထားသည့် လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

အရေးကြီးသည်မှာ ရဲစခန်းကို အမြန်ဆုံးရောက်ဖို့ဖြစ်၏။ ရဲစခန်းသို့ ရောက်သွားသည်။ တာဝန်မှူးနှင့်တွေ့သည်။ အကျိုးအကြောင်းပြောပြပြီး ခွင့်တောင်းရသည်။ တာဝန်မှူးက စခန်းမှူး မကြာမီလာမည်။ စောင့်ပါဟု အဖြေပေးသောကြောင့် ရဲစခန်းအတွင်းရှိ ခုံတန်းမှာ ထိုင်စောင့်ရသည်။

ကိုးနာရီကျော်နေပြီ။ ရုံးနောက်ကျသည်ကတော့ အကြောင်းမဟုတ်။ ချယ်ရီနှင့်မှာလိုက်ပြီမို့ ကိစ္စမရှိ။ တွေ့ခွင့် ရမရဆိုသည်က အကြောင်း။ တာဝန်မှူး ဒုရဲအုပ်က သူအဆုံးအဖြတ်မပေးနိုင်။ စခန်းမှူးလာမှဟုဆိုသောကြောင့် မရေမရာ မသေမချာ အခြေအနေ။

သူတို့အတွက် လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ်များ ဝယ်ပေး၍ ရမရ တာဝန်မှူးကိုမေးရသည်။ ဒါကိုတော့ တာဝန်မှူးက ခွင့်ပြုသည်။ ကိုမြင့်ဦးကိုလွှတ်ပြီး အဝယ်ခိုင်းလိုက်ရသည်။ တာဝန်မှူးနှင့် ရဲစာရေးကြီးအတွက် စီးကရက်ဘူးများလည်းပါသည်။ ကျွန်တော်တို့ကို မပေးပါနှင့်ဟု တာဝန်မှူးက ပြောသော်လည်း စားပွဲပေါ်၌ အတင်းတင်ပေးထားလိုက်ရသည်။

ဆယ်နာရီထိုးခါနီးမှ စခန်းမှူးရောက်လာသည်။ သူ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း မိတ်ဆက်ပြီး လာရင်းကိစ္စကို ပြောပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မဟုတ်တာမလုပ်ကြဖို့ တဖွဖွပြောနေတဲ့ကြားထဲက ခုလိုဖြစ်ရတာပါ။ ကိုယ့်တပည့်တွေဖြစ်နေတော့ စိတ်မကောင်းလို့ လာတွေ့ရတာပါ။ သူတို့အပြစ်နဲ့သူတို့ ရင်ဆိုင်ကြပေါ့။ အဲဒါကိုတော့ ကျွန်တော်တို့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ တွေ့ခွင့်ရမယ်ဆိုရင်တော့ တွေ့ချင်ပါတယ်။ မရနိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့ ပြန်ပါ့မယ်"

စခန်းမှူးက အားလုံးကိုတော့ တွေ့ခွင့်မပေးနိုင်ကြောင်း၊ သူတို့အထဲက တစ်ယောက်နှင့် တွေ့ခွင့်ပေးမည့်အကြောင်း မည်သူ့ကိုတွေ့မလဲဟု မေးလာသည်။ ကိုသိန်းငွေနှင့် တွေ့လိုကြောင်း ပြောလိုက်ရာ စခန်းမှူးကြီးက ရဲသားတစ်ယောက်အား ခိုင်းလိုက်သည်။

ရဲသားနှင့်အတူ ကိုသိန်းငွေ ပါလာသည်။ စခန်းမှူးက ပြောစရာရှိသည်များကို သူ့ရှေ့မှာတင် ပြောပါဟု ထပ်ဆင့်ပြောလာသောကြောင့် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားရသည်။ သူတို့ပြောချင်သည်များကို လွတ်လွတ်လပ်လပ် ပြောလို့မရ။

နေကောင်းကြရဲ့လား၊ ဘာလိုချင်သလဲ၊ အိမ်တွေကို ဘာမှာချင်သလဲ၊ အမှုဆိုင်ရာနှင့်ပတ်သက်၍ ဌာနဆိုင်ရာက စုံစမ်းနေဆဲဖြစ်၍ သိပ်မပူဖို့အကြောင်း စသည်များလောက်ကိုသာ ပြောကြရသည်။ သူတို့အချုပ်ခန်းထဲမှာ သုံးဖို့အတွက် ငွေတစ်ရာကို ရဲစာရေးကြီးထံ ပေးခဲ့မည့်အကြောင်းပြော၍ စခန်းမှူးကြီးကို နှုတ်ဆက်စကားပြောပြီး ရဲစခန်းမှထွက်ခဲ့ရသည်။

သူတို့ပြောချင်တာတွေကို မပြောရစေကာမူ မျက်လုံးမှိတ်၍လည်းကောင်း၊ မျက်နှာရိပ်ပြ၍လည်းကောင်း ကိုသိန်းငွေကို သိခဲ့သည်။ ကိုသိန်းငွေသဘောပေါက်လိမ့်မည်လို့တော့ မျှော်လင့်ရသည်။ ရဲစခန်း

www.burmeseclassic.com


အပြင်ရောက်တော့ ကိုမြင့်ဦးက သူနေခဲ့မည့်အကြောင်းပြောသည်။ သူတို့နှင့် ထပ်တွေ့ဖို့နှင့် ဒါမှ မဟုတ် စာပေးခွင့်ရဖို့ ထပ်ကြိုးစားကြည့်မည်ဟု ပြောသောကြောင့် ကိုမြင့်ဦးကို ငွေတစ်ရာပေးခဲ့ပြီး သူက လုပ်ငန်းခွင်သို့ လာခဲ့သည်။

ရုံးပြန်ရောက်တော့ ဆယ့်တစ်နာရီကျော်ပြီ။ ဌာနဆိုင်ရာ စာရင်းစစ်အဖွဲ့က စာရင်းများ စစ်ဆေးဖို့ ပြင်ဆင်နေကြသည်ကို တွေ့လိုက်ရသည်။ သူက တစ်ဆင့်မြင့် အထက်အရာရှိကို ဝင်ရောက်တွေ့ဆုံရသည်။ တစ်ဆင့်မြင့် အထက်အရာရှိက စာရင်းစစ်ဆေးမည့်အဖွဲ့ကို လိုအပ်သမျှ ကူညီဆောင်ရွက်ပေးဖို့နှင့် သူကိုယ်တိုင်လည်း ဘယ်မှမသွားဘဲ အသင့်ရှိနေဖို့အကြောင်း ပြောသည်။

စစ်ဆေးရာတွင် လိုအပ်မည့် စာအုပ်စာတမ်းများကို စုဆောင်း၍ အသင့်ပြင်ဆင်ထားရသည်။ မနက် ဆယ့်နှစ်နာရီခွဲမှ ထမင်းစားချိန်ရသည်။ ထမင်းစားချိန်မို့သာ စားလိုက်ရသည်။ ကိုးဇွန်း၊ ဆယ်ဇွန်းလောက်သာ စားနိုင်သည်။ နောက်ကြောင်းက မအေး။ ဘာဖြစ်လာမည်ကို မခန့်မှန်းနိုင်သည့် အခြေအနေ။ အချုပ်ထဲ မရောက်သည့်တိုင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဒီ-အီး ထိဖို့ သေချာသည်။

စစ်ဆေးသူများကို စာရင်းများပြသ၍ ရှင်းလင်းနေရသည့်တိုင် သူ၏ စိတ်အစဉ်မှာ မတည်မငြိမ် ဘောင်ဘင်ခတ်နေသည်။ သူမျှော်နေသူက ရဲစခန်းတွင် ကျန်ရစ်ခဲ့သည့်ကိုမြင့်ဦး။ နှစ်နာရီထိုးပြီးပြီ။ ကိုမြင့်ဦးက ရောက်မလာသေး။

ညနေသုံးနာရီတွင် စာရင်းစစ်ဆေးသူများ ပြန်သွားသည်။ သို့တိုင်အောင် ကိုမြင့်ဦးက ပြန်မလာသေး။ မျှော်တော်ဇောနှင့် မောင်နေရ


www.burmeseclassic.com

www.burmeseclassic.com



သည်။ လေးနာရီထိုးခါနီးလောက်မှ ကိုမြင့်ဦးရောက်လာသည်။

ရုံးထဲမှာ စကားပြောလို့ မကောင်း။ အပြင်မှာ ပြောဖို့အတွက် ချယ်ရီကို တစ်ယောက်တည်းပြန်ဖို့ ပြောပြီး သူနှင့် ကိုမြင့်ဦးတို့ တစ်ယောက်တစ်ကွဲစီ အပြင်ထွက်ခဲ့ကြသည်။ ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံကြသည်။

ကြားရသည့်သတင်းက အနည်းငယ်ရင်ပေါ့စရာ။ စိတ်သက်သာစရာဟုဆိုရမည်။ ကိုမြင့်ဦးမှာ သူတို့နှင့်တော့ မတွေ့ခဲ့ရ။ အကျိုးအကြောင်းစာရေးပြီး ပေးလို့ရသည်။ သူတို့လက်ထဲ ရောက်သွားကြောင်းကိုလည်းသိရသည်။ သူတို့ကို နောက်တစ်နေ့ ရုံးထုတ်မည့်အကြောင်း စီးကရက်ဘူးခွံမှာ ရေးပေးလိုက်သည့်စာကိုပြသည်။

သူတို့ ရေးလိုက်သည့်စာတွင် သူတို့၏တရားရုံးကိစ္စ၊ ရှေ့နေရှေ့ရပ်ငှားဖို့ကိစ္စ၊ မိသားစုအတွက် ဝိုင်းဝန်းကြည့်ရှုပေးမည့် ကိစ္စများကို ရေးပေးလိုက်ကြောင်း၊ ဒါဆို သူတို့ သဘောပေါက်လိမ့်မည့်အကြောင်း ကိုမြင့်ဦးက သူလုပ်ခဲ့သည့်ကိစ္စကို ပြန်ပြောပြသည်။

ဒါဆို သူတို့အတွက် အနည်းငယ် စိတ်သက်သာစရာ ဖြစ်ရစေကာမူ လုံးဝစိတ်ချရသည့် အခြေအနေဟုတော့ မဆိုသာသေး။ သူတို့နှင့် နဖူးတွေ့ ဒူးတွေ့တွေ့ပြီး ပြောပြီးမှ စိတ်ချရမည့်အခြေအနေ ရှိမည်။ နက်ဖြန်ဆို သူက မလိုက်နိုင်။ စာရင်းကောက်ယူ၊ စစ်ဆေးနေသည့်အဖွဲ့နှင့်က ကိစ္စမပြတ်သေး။ လူကြီးတွေ ခေါ်လို့ မရှိရင်မဖြစ်။

ကိုမြင့်ဦးကိုပဲ သွားခိုင်းရမည်။ မနက်ရုံးကို အဝင်ပြ၊ ပြီးမှ တရားရုံးကိုသွား။ ကိစ္စပြီးရင် ဌာနကို ချက်ချင်းပြန်လာ။ သည်လို ကိစ္စကြီးဖြစ်နေတုန်းမှာ ခွင့်ယူလို့ လုံးဝမဖြစ်။ အကယ်၍ အခြေအနေပေးရင် ပေးသလို



www.burmeseclassic.com

www.burmeseclassic.com


သူလည်း ကြိုးစားမည့်အကြောင်း ကိုမြင့်ဦးကို ပြောရသည်။

နက်ဖြန်အတွက် ကိုမြင့်ဦးကို ငွေနှစ်ရာသုံးရာလောက်ပေးလိုက်မှဖြစ်မည်။ သူ့လက်ထဲမှာ ငွေမရှိ။ ကိုမြင့်ဦးကို အိမ်လိုက်ခဲ့ဖို့ ခေါ်ရသည်။ ချယ်ရီ့ဆီက ယူပေးရမည်။ မနေ့ကနှင့် ဒီကနေ့ ငွေလေးရာကျော် ချော သွားပြီ။ အဲဒီအချိန်က ငွေလေးရာမှာ နည်းနည်းနောနောမဟုတ်။

နောက်ထပ်ကုန်စရာတွေလည်း အများကြီးရှိသေးသည်။ ဒီအခြေအနေကို ချယ်ရီ နားလည်ဖို့ လိုသလို ဒေါ်မေစီလည်း သဘောပေါက်ဖို့လိုသည်။ နို့မဟုတ်ရင် အိမ်တွင်းရေးပြဿနာ တက်လာနိုင်သည်။ သည်ကနေ့ညတော့ ဒီကိစ္စအတွက် ချယ်ရီနှင့် အပြတ်ဆွေးနွေးထားမှ ဖြစ်မည်။

ချယ်ရီကတစ်ဆင့် ဒေါ်မေစီသဘောပေါက်အောင် ကြိုတင်ပြောထားဖို့လည်းလိုမည်။ သူက ရသမျှ ချယ်ရီ့ကို ပေးထားတာမို့ ခုပြန်ထုတ်ဖို့ လိုလာသည့်အခါ ချောချောရှုရှု ဖြစ်ဖို့လိုသည်။ အိမ်ပြန်ရောက်တော့ ည ခုနစ်နာရီထိုးခါနီးနေပြီ။ ဘတ်(စ်)ကားနှင့် ပြန်ခဲ့ရသောကြောင့် အိမ်အရောက် နောက်ကျသည်။

ချယ်ရီ့ဆီက ငွေနှစ်ရာ့ငါးဆယ်တောင်းပြီး ကိုမြင့်ဦးကို ပေးလိုက်ရသည်။ သူတောင်းသည့်ငွေကို ချယ်ရီက အလွယ်တကူ ထုတ်ပေးသော်လည်း မျက်နှာပြင်ပေါ်မှာ မကြည်မသာရိပ်ကလေး ထင်သွားသည်ကို သတိပြုမိလိုက်သည်။

မနေ့က သုံးရာ။ ဒီနေ့ နှစ်ရာ့ငါးဆယ်။ အစပဲ ရှိသေးသည်။ အားလုံးထမင်းစားပြီးပြီ။ သူ့အတွက် ချယ်ရီက ဆူးခပ်ပေးသည်။ ရေချိုးဘာချိုးနှင့် ရှစ်နာရီထိုးခါနီးတွင် ထမင်းစားပွဲမှာ ထိုင်ဖြစ်သည်။ ပုံမှန်စနေ


www.burmeseclassic.com

www.burmeseclassic.com



ကူဘတ် တစ်ဝက်လောက်ပဲ စားနိုင်သည်။ သို့တစေ လျှာရင်းမမြက်။ ချယ်ရီမေးသမျှကို ပြန်ဖြေရင်း ထမင်းစားပွဲမှ ထလိုက်ရသည်။

အိပ်ရာဝင်ပြုမြဲ ဘုရားရှိခိုး၊ ပုတီးစိပ် ဝတ်မပျက်သော်လည်း ပြုမြဲ ဝတ်မပျက်အောင်'လုပ်ရသည့်သဘောမျှသာ ဖြစ်ရသောအကြောင့် စိတ်မတည်ငြိမ်သည့်အလျောက် ပုတီးပတ် အလွဲလွဲအချော်ချော် ဖြစ်ရသည်။ မနေ့ကထက်စာရင်တော့ တော်သေးသည်ဟု ဆိုရမည်။ မနေ့ကဆို ဦးသုံးကြိမ်ချရုံဖြင့် ကိစ္စပြီးလိုက်ရသည်။ အိပ်ရာဝင်ပြီ ....။

"ကို နှစ်ရက်တည်းနဲ့ ငွေငါးရာ ကျော်သွားပြီနော်။ ဒီအတိုင်းဆို ရှေ့ကိုလွယ်ပါ့မလား။ ချယ်ရီတို့မှာ ထုပ်ထုပ်ထည်ထည်မှမရှိတာ"

ဤသို့ဖြင့် စကားစလာသည်။

ချယ်ရီပြောပုံက အတော်ကြီး စိတ်ပိန်စရာ ဖြစ်သွားသည်။ ခုချိန်မှာ ငွေရေးကြေးရေးကိစ္စပြောဖို့ မဟုတ်ကြောင်း အမှုခွင်ထဲပါသွားနိုင်ကြောင်း သည်အခြေအနေမှာ ဒီကိစ္စအတွက် ဘယ်လိုလုပ်ကြမလဲ ဆိုတာကိုသာ အလေးပေးစဉ်းစား၍ ပြောရဆိုရမှာဖြစ်ကြောင်း ပြောလိုက်ရသည်။

ရင်ထဲမှာ ခံစားလိုက်ရသည့် မကျေနပ်မှုကြောင့် သူ၏အသံနှင့် ပြောပုံဆိုပုံမှာ ခါတိုင်းလို မပျော့သွယ်။ ဆတ်ဆတ်မာမာ လေသံပါသွားသည်။ ချယ်ရီက အကုန်ခံသင့်တာကို ခံရမှာ ဖြစ်ပေမယ့် လိုတာထက်ပို ပြီး အကုန်အကျမခံဖို့ သတိပေးရကြောင်း တုံ့ပြန်ပြောလာသည်။

သူမ၏ အသံကလည်းမပျော့သွယ်။ သည်ညတော့ စကားအဆက် ပြောလို့ ဖြစ်လိမ့်မည်မထင်။ စ,ကတည်းက ယဉ်သကို ဖြစ်နေသမို့ ခေါင်း ကိုက်သည်ကို အကြောင်းပြုပြီး စကားလမ်းကြောင်း ဖြတ်လိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com


ဒါတောင် ပွစိပွစိ လုပ်နေသေးသည်။

ကိုယ်ရတာကနည်းနည်း၊ သူတို့ကများများ လုပ်တာကို ကိုယ်က ဒီလောက်အထိ လိုက်ဖို့မလိုကြောင်း၊ ဘာညာဘာညာတွေ ပွစိပွစိလုပ်နေသည်။ မျက်လုံးအတင်းပိတ်ပြီး တစ်ဖက်လှည့်နေလိုက်ရသည်။ ဦးကြည်မောင်ပြောတာကို ပြန်၍ ကြားယောင်လာသည်။

"ကိုယ်ကတစ်တက်ဆိုရင် သူတို့က နှစ်တက်၊ သုံးတက်စားသွားလိမ့်မယ်နော်။ အဲတာကိုလည်း သတိထားဦး"

ခုကိစ္စက ဦးကြည်မောင်သတိပေးသည့်အတိုင်း ဖြစ်နေပြီလား။ တော်တော်နှင့် အိပ်မပျော်။ စာရင်းတွေ စစ်ဆေးတုန်းပဲ ရှိသေးသည်။ မပြီးသေး။ ပြီးမှ အဖြေပေါ်မည်။ အတွေးစဉ်များ ဘောင်ဘင်ခတ်နေသည်။

သူလုပ်ခဲ့ရသည့် မမှန်မကန် ကိစ္စများတွင် ချယ်ရီ၏ လှုံ့ဆော်တိုက်တွန်းချက်ပါသည်။ သူမကိုယ်တိုင်လည်း သိနေသည်။ ပေးသမျှကိုလည်း ကြည်ကြည်သာသာယူခဲ့သည်။ တော်သင့်ပြီဆိုသည့်စကားမျိုး တစ်ခွန်းတစ်ပါဒမျှ မပြောဖူးခဲ့။ ခု ပြဿနာဖြစ်လာပြီ။

ထိုပြဿနာ၏ နောက်ဆက်တွဲ ဘယ်အခြေအနေ ဖြစ်နိုင်သည်ကို သူမကိုယ်တိုင်လည်း သိသည်။ သို့စဉ်လျှက် ထိုပြဿနာကိုယ့်အပေါ် လုံးဝမပတ်သက်လာအောင် ဘယ်လိုလုပ်သင့်သည်။ ဘယ်လိုလုပ်ရမည် စသည်များကို တိုင်ပင်ဆွေးနွေးရမည့်အစား ငွေစကားကို အဓိကထားပြောလာသောကြောင့် စိတ်ထဲမှာ အတော်ကြီး ကသိကအောင့်ဖြစ်ရသည်။

တကယ်ဆိုသည်စကားမျိုး ခုချိန်မှာ မပြောသင့်။ ပြောသင့်ရာကိုမပြောဘဲ မပြောသင့်ရာကိုပြောလာသည်မှာ စံစရာရှိအတူ၊ ခံစရာရှိ


www.burmeseclassic.com

www.burmeseclassic.com



အတူ သဘောထားမျိုးမရှိကြောင်း ပြသရာရောက်သည်။

ဝန်ထမ်းလောကတွင် ရတာနှင့်ဖြစ်အောင် စားသောက်နေထိုင်ပြီး မင်းဘဏ္ဍာကို ကိုယ့်ဟာလို သဘောမမူဘဲ မျှတအောင် ကြိုးစားရုန်းကန်နေသူများရှိသလို၊ မင်းဘဏ္ဍာကို ကိုယ့်မိဘ အမွေအနှစ်လိုသဘောမူပြီး မမှန်မကန် အကြံအဖန်နည်းမျိုးစုံဖြင့် မိုးရွာတုန်းရေခံပြီး ရေတစ်ဝချိုးနေကြသူများလည်း ရှိကြသည်။

မင်းဘဏ္ဍာကို ကိုယ့်ဟာ မဟုတ်ဘူးလို့ သဘောမူနိုင်သူများမှာ အကောင်းမစားရ။ ဖောဖောသီသီ မသုံးရပေမယ့် စိတ်လေး၊ စိတ်ထွေးစရာမရှိဘဲ စိတ်သန့် ကိုယ်သန့် ကြည်ကြည်လင်လင် အိပ်ရေးဝအောင် အိပ်စက်ခြင်းနှင့် ဆုံစည်းရစမြဲရှိသည်။

ကောင်းကောင်းစား ဖောဖာသီသီ သုံးစွဲနိုင်သူတွေက အိပ်ရေးဝအောင်အိပ်စက်ရခြင်းနှင့် မဆုံစည်းရ။ ပြဿနာမဖြစ်သေးသည့်တိုင် တစ်နေ့နေ့များ ဆိုသည့်အတွေးစဉ် ဝင်လာပြီဆိုလျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းကို စွန့်လွှတ်ရစမြဲရှိကြ၏။

ပြဿနာပေါ်ပြီဆိုရင်တော့ ဆီဦးထောပတ်လည်း အရသာမထင်တော့။ စိတ်ကြည်ကိုယ်သန့် အိပ်စက်ရခြင်းလည်း မရှိတော့။ သောကအလုံးအခဲကြီးကို ရင်မှာပိုက်ပြီး ဘယ်လိုအဆိုးမျိုးနှင့် ရင်ဆိုင်ရမည်ကိုသာ အတွေးစဉ်ဝင်ပြီး ချောက်ချားမှုမျိုးစုံကို ခံစားရစမြဲ ရှိကြ၏။

ခုတော့ လွင်ဦးမှာ . . .။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com


[ ငါး ]

ကျောချမှ ဓားပြမှန်းသိ ဆိုသလို ခုတော့ သူသိပြီ။ သင်တုန်းဓားပေါ်က ပျားရည်ကို လျက်မိသည့်အဖြစ်။ ဓားသွားနှင့်မထိဘဲ ပျားရည်ကို လျက်နေရစဉ်က ချိုမြိန်သည်။ ဓားသွားက ပျားရည်ကို လျက်ရသည်မှာ တစ်နေ့မဟုတ်တစ်နေ့ ဓားသွားနှင့် လျှာထိမှာ သေချာသည်။ ခုထိပြီ။

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ စိတ်ကျဝေဒနာသည် ကိုယ်ကာယကိုပါ ယိုယွင်းသွားစေသည်။ မနက် လက်ဖက်ရည်ဝိုင်းမှာ ဒေါ်မေစီက ဘယ်လိုဖြစ်ကြတာလဲဟု အမေးစကား ရှိလာသည်။ မေးပုံက ဘဝင်မကျစရာ။ ဘယ်လိုဖြစ်ကြတာလဲတဲ့။ သမီးဖြစ်သူ ပြောပြ၍ သိနေပါလျက်က အထွန့်အတွန့်လေးသုံးပြီး မေးလာသည်။

စိတ်ထောင်းခနဲ ဖြစ်သွားသည်။ တိုတိုပြတ်ပြတ်ပဲ ဖြေလိုက်သည်။

"အပိုဝင်ငွေရှာရင်း ဖြစ်ရတဲ့ကိစ္စပါ အန်တီ"

"အထက်လူကြီးတွေ ဘာတွေဆီ စောစောစီးစီး ဝင်တွေ့ဖို့ ဘာဖို့က အရေးကြီးတယ်နော်"


www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက သူဒီနေ့ ခွင့်ယူခဲ့ကြောင်းပြောသည်။ ခွင့်ယူခဲ့သည့်အကြောင်းမေးသည့်အခါ သူ့မမိခင်ကြီးနှင့်အတူ နတ်ကတော်ကြီးဆီ သွားရောက်ရလို့ဟုဖြေသည်။ ဘာကြောင့် သွားမည်ကို မေးဖို့မလိုတော့။ သူ့ကိစ္စအတွက် သွားဖို့စီစဉ်ကြခြင်းဖြစ်မှာ သေချာသည်။

ပြဿနာတစ်စုံတစ်ရာရှိလာရင်၊ ဖြစ်လာရင် ပေဒင်တို့ နတ်ကတော်တို့ အကြားအမြင်ဆရာတို့ထံ သွားကြစမြဲ ရောက်ကြစမြဲ ရှိကြသည်မဟုတ်ပါလား။ ဒါကလည်း မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာလို ဖြစ်နေသည့်ကိစ္စ။

ဒီလို အရေးကြီးသည့် ကိစ္စမျိုးကို မဆိုထားဘိ။ ဝိုက်နာခေါင်းကိုက်သည့် အသေးအမွှားကိစ္စမျိုး ရှိလာသော်မှ သွားကြရောက်ကြစမြဲရှိကြသည်သာ။ ဒေါ်မေစီက နတ်သမား။ ဘယ်မှာ ဘယ်နတ်ကတော်က ဘယ်လိုဆိုသည့် သတင်းကြားလျှင် အချိန်ရလျှင် နေ့ချင်းပေါက်။ အချိန်မရလျှင် နောက်တစ်နေ့ အရောက်သွားရမှ စားဝင်အိပ်ပျော်သူ။

ပေဒင်တို့ နတ်ကတော်တို့နှင့် ပတ်သက်၍ အစွဲအလန်းအလွန်ကြီးသူ။ ချယ်ရီ ရုံးမတက်သောကြောင့် သူတစ်ယောက်တည်း ခါတိုင်းထက်စောပြီး ရုံးသို့ထွက်ခဲ့သည်။ ထမင်းဘူးလည်း မယူတော့။

သူတို့ရုံးဝင်းကြီးထဲအဝင်တွင် ဦးကြည်မောင်နှင့် သွားတွေ့သည်။ ဦးကြည်မောင်က သူနှင့်တွေ့ရန် လှည့်ဝင်လာခြင်းဖြစ်သည်။ အချိန်စောနေသေးသောကြောင့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။ ဦးကြည်မောင်က အခြေအနေကို မေးသည်။

အကြောင်းသိချင်းမို့ အခြေအနေ အဆိုးကြီး မဖြစ်သေးသော်လည်း မကောင်းသည့်ဘက်သို့ အလေးသာနေကြောင်း ပြောပြလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com


သည်။ ဦးကြည်မောင်က ဘာဘာညာညာ အရှည်အဝေး မပြောဘဲ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ပုတီးစိပ်ဖို့ အိမ်မှာမစိပ်ဘဲ ဘုရားတက်ပြီး ပုတီးစိပ်ဖို့ ပြောသည်။

"သက်သတ်လွတ်စားရတာ သတ္တဝါတို့ရဲ့ အသားနဲ့ လျှာရင်းမမြက်ဘဲ မြိုးခြံမှုပြုတာဟာ ကောင်းသောအမှုကို ပြုတာ။ ပုတီးစိပ်တယ်ဆိုတာ ပျံ့လွင့်တဲ့စိတ်ကို ထိန်းနိုင်တဲ့အတွက် ထွေရာလေးပါး အကုသိုလ်စိတ်ကင်းပြီး ကုသိုလ်စိတ်ဖြစ်တယ်။ အဓိဋ္ဌာန်ပြုတယ်ဆိုတာက မလုပ်မနေလုပ်ပါ့မယ်လို့ ကတိပြုတာ။ အဲဒီကတိဟာ ကောင်းသောကတိ မြောက်တယ်။ လေးဆူဓာတ်ပုံရွှေတိဂုံကိုတက်ပြီး စိတ်ပါလက်ပါ ဝတ်ပြုရှိခိုး၊ ဦးခိုက်တဲ့အတွက် ထူးမြတ်တဲ့ ကုသိုလ်မြောက်တယ်။ ခုကိုလွှင်ဦးမှာ မကောင်းမှုတွေ ပိုးပိနေတယ်။ အဲဒီလို မကောင်းမှုတွေ ပိုးပိနေတာကို ,ကောင်းမှုနဲ့ဖယ်ရှားတာဖြစ်တယ်။ ဒါ ဦးလေးနားလည်သလို ပြောတာပါ။ ခုချိန်မှာ ဖြစ်လာတဲ့ ပြဿနာကို ရှင်းဖို့လည်းလုပ်၊ ကုသိုလ်ဖြစ်ဖို့လည်း လုပ်"

ဦးကြည်မောင်က ထိုသို့ ပြောဆို၍ လုပ်ငန်းခွင်ဝင်ရန် နှုတ်ဆက်ပြီး ထွက်သွားသည်။ သူက ဦးကြည်မောင်ကို ကတိမပေးလိုက်မိသော်လည်း ဦးကြည်မောင် ထွက်သွားပြီးနောက် ရိုးရိုးလေးပြောသွားသည်ကိုသဘောပေါက်ပြီး နောက်တစ်နေ့ကစ၍ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန် ပုတီးစိပ်ရန် ဆုံးဖြတ်လိုက်သည်။

ဘုန်းကြီးကျောင်းတွင် နေခဲ့စဉ်က စိတ်ပါလက်ပါ ဘုရားဝတ်ပြုမှန်သလို ပုတီးစိပ်လည်း မှန်ခဲ့သည်။ ဦးကြည်မောင်တို့အိမ်မှာ နေခဲ့စဉ်ကလည်း မှန်သည်။ ဝတ္တရားရှိလို့ လုပ်ရသည်မျိုး မဟုတ်ဘဲ စိတ်ပါလက်ပါ

www.burmeseclassic.com



ဘုရားဝတ်ပြု၍ ပုတီးစိပ်ခဲ့သည်။ ထိုစဉ်က ပုတီးစိပ်ခဲ့ရာတွင် တစ်စုံတစ်ရာကိုရယူလိုသော ဆန္ဒစောမကပ်ရှိဘဲ ကုသိုလ်အာရုံ ဇောကိုသာ ရှေ့ရှုခဲ့သည်။

မှန်ကန်သော အာရုံဇောဖြင့် ကောင်းမှုကို ပြုကျင့်လျှင် တောင့်တစရာမလို၊ ကောင်းသော ရောင်ပြန်အကျိုးသက်ရောက်မှုကို ခံစားရမည်ဖြစ်၏။ မမှန်မကန်သည့် တစ်စုံတစ်ရာသော လောဘအာရုံဇော ငြိတွယ်ပြီးလုပ်လျှင် ညောင်းတာပဲ အဖတ်တင်၍ ကောင်းသောတန်ပြန် အကျိုးသက်ရောက်မှု တုံ့ပြန်လာလိမ့်မည်မဟုတ်ပေ။ လွင်ဦးမှာ ချယ်ရီနှင့် အိမ်ထောင်ပြုပြီးသည့်နောက် ဘုရားဝတ်ပြုစပျက်သော်လည်း ပုတီးစိပ်ပျက်ခဲ့သည်။

ဘုရားဝတ်ပြုမပျက်ဆိုပေသည့် ယခင်ကလို စိတ်ပါလက်ပါဝတ်ပြုသည်မျိုးမဟုတ်ဘဲ တာဝန်ကျေ ဝတ်ပြုပုံမျိုးဖြင့်သာ ဝတ်ပြုခဲ့သည်။ ခု ဦးကြည်မောင်က သတိပေးတိုက်တွန်းစကား ဆိုသွားတော့မှ သတိပြန်ဝင်လာသည်။ ထိုသို့ သတိပြန်ဝင်လာရုံမျှဖြင့်ပင် နောက်ကျိရှုပ်ထွေးနေသည့် စိတ်အစဉ်အနည်းငယ် ပြေလျော့၍ စိတ်ကြည်လင်သလိုရှိသွားသည်။

အလုပ်ခွင်စားပွဲ၌ ထိုင်မိသည်မှာ ဆယ်မိနစ်ပင် မကြာသေး။ အထက်အရာရှိ၏ ရုံးလုလင်ရောက်လာပြီး အခေါ်လွှတ်လိုက်ကြောင်းပြောသည်။ အထက်အရာရှိက လျော့နည်းပျောက်ဆုံး ပစ္စည်းအမျိုးအစားနှင့် ခန့်မှန်းချေ တန်ဖိုးကိုမေးသည်။ သူက အကြမ်းဖျင်းစာရင်းနှင့် ခန့်မှန်းခြေတန်ဖိုးကိုပင် ပြရသည်။ ခန့်မှန်းခြေတန်ဖိုး နှစ်သိန်းနီးပါး။ အထက်အရာရှိဖြစ်သူမှာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားသည်။ ဟားခနဲ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထုတ်ပြီး ဖြေရှင်းဖို့ မလွယ်သည့်အကြောင်းနှင့် သူ့ဘက်က ဝင်ရောက်ရပ်တည်ပေးဖို့ မလွယ်သည့်အကြောင်း ပြောသည်။

သူ၏ အထက်အရာရှိမှာ သူတို့လုပ်ကွက်ထဲတွင် မပါဝင်။ မပါဝင်ဟုဆိုရခြင်းမှာ သူနှင့် ဆက်နွယ်ခြင်းမရှိသောကြောင့် မပါဝင်ဟု ပြောရခြင်းဖြစ်၏။ လုပ်ကွက်ထဲတွင် ပါဝင်သူ ယခုအဖမ်းခံထားရသူများနှင့် တိုက်ရိုက်ဆက်နွယ်မှု ရှိမရှိကိုမူ သူလည်းမသိ။

ခုချိန်ထိတော့ သူ ပြောပုံဆိုပုံ နေပုံထိုင်ပုံက တည်တည်ငြိမ်ငြိမ်ပင်ရှိနေသည်။ သုံးနာရီကျော်လောက်တွင် တရားရုံးသို့ သွားနေသူကိုမြင့်ဦး ပြန်ရောက်လာသည်။ သူတို့နှင့်တွေ့ခဲ့သည့်အကြောင်း အခြေအနေကောင်းသည့်အကြောင်း တိုးတိုးတိတ်တိတ် ပြောပြသည်။

အကြောင်းခြင်းရာ အသေးစိတ်ကိုတော့ ညနေရုံးဆင်းမှ ပြောမည်။ သည်သတင်းစကားကြောင့် အတော်ကြီးစိတ်အေးသွားရသည်။ ညနေရုံး ဆင်း လက်ဖက်ရည်ဆိုင်ရောက်တော့ အသေးစိတ်ပြောပြသည်။

လက်ရှိ ပြစ်မှုဖြစ်ကြောင်းတွင် သူတို့လေးယောက်မှအပ မည်သူမှမပါဝင်ကြောင်း ဖြောင့်ချက်ပေးဝန်ခံထားသည်။ သူတို့အတွက် အပြင်မှာ ရှိနေသူတွေက ဝိုင်းဝန်းကူညီကြဖို့ မှာလိုက်သည့်အကြောင်းပြောသည်။ အချုပ်ထဲမဝင်ရဖို့ သေချာသွားပြီ။ ရင်ဆိုင်ရဦးမည်က ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း။ ဒါကိုတော့ ရှောင်လွှဲလို့မရ။

အိမ်ပြန်ရောက်တော့ ချယ်ရီရော၊ ဒေါ်မေစိပါ မျက်နှာကြည်ကြည် သာသာ ရှိနေသည်ကို တွေ့ရသည်။ အိပ်ခန်းထဲဝင်ပြီး အဝတ်အစားလဲနေတုန်း ချယ်ရီ ဝင်လာပြီးပြောသည်။ မယ်တော်ကြီးက ကိစ္စအားလုံး ပြီးပြတ်သွားအောင် တာဝန်ယူမည့်အကြောင်း၊ ဘာမှပူစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုသောကြောင်း၊ ခုတောင် အချုပ်ထဲ မဝင်ရအောင် မယ်တော်ကြီးက အဘာအကွယ် ပေးထားကြောင်းများ၊ မယ်တော်ကြီးကိုယ်တိုင် ဝင်လာပြီး သောသွားကြောင်းများ ပြောပြသည်။

သူက မှုခင်းခွင်နှင့် မပတ်သက်ဖို့ သေချာသွားပေမယ့် ဒီအီး ကိစ္စကျန်နေသေးကြောင်းနှင့် သူတို့အတွက် ဝိုင်းဝန်းတာဝန်ယူရမည့် အကြောင်းပြောပြရာ ချယ်ရီက သူတို့ပြောတိုင်း မလုပ်ဖို့နှင့် ငွေကုန်ကြေးကျ ကိစ္စကို တာဝန်မယူဖို့ ပြောလာသည်။

သည်ကိစ္စကို ချယ်ရီနှင့် ဆက်ပြောနေလျှင် ကတောက်ကဆ စကားများမှာ သေချာသည်မို့ ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ မယ်တော်ကြီးကို ပဝါနှင့်ငွေတုံး ပွဲဆက်သည့်အခါ သူပါလိုက်ခဲ့ဖို့ လိုကြောင်း ချယ်ရီကပြောသည်။ ယခုရက်ပိုင်းအတွင်း လုပ်ငန်းခွင်မှာ မရှိ လျှင်မဖြစ်သည့် အကြောင်းပြချက်ဖြင့် ရှောင်လွှဲဖို့ ကြိုးစားသော်လည်း မရ။ သူပါလိုက်နိုင်အောင် တနင်္ဂနွေ နေ့သွားဖို့ စီစဉ်ထားကြောင်း ပြောသည်။

"ကိုမလိုက်ရင် မာမီနဲ့ ပြဿနာဖြစ်လိမ့်မယ်နော်။ မာမီက ကို့အတွက် လုပ်ပေးနေတာ။ အဲဒါကိုတော့ ကို သဘောပါက်"

ခေါင်းညိတ်လိုက်ရုံမှ တစ်ပါး။

နောက်တစ်နေ့တွင် ဒီအီးဖွဲ့၍ စစ်ဆေးမည့်အမိန့် ထွက်လာသည်။ အမိဋ္ဌာန်ဝင်၍ ဘုရားပေါ်တက်ပြီး ပုတီးစိပ်မည့် အစီအစဉ်ကို ဖျက်လိုက်ရသည်။ ဒီအီးဖွဲ့ပြီး စစ်ဆေးနေစဉ် ရက်ပိုင်းအတွင်း စိတ်ကသောင်းကနင်း ဖြစ်နေမည်မို့ တည်တည်ငြိမ်ငြိမ် ပုတီးစိပ်လို့ဖြစ်မှာမည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီတို့က တနင်္ဂနွေနေ့အထိ မစောင့်တော့။ မယ်တော်ကြီး၏ အကူအညီအတွက် နတ်ကတော်ကြီးထံ ပြေးရပြန်သည်။ ဒီအိုးဖွဲ့ပြီး စစ်ဆေးသည့် အခြေအနေမှာ မကောင်း။ ပစ္စည်းများလျော့ပါး ပျောက်ဆုံးခြင်း ကိစ္စတွင် သူ၏ပေါ့လျော့မှုရှိနေကြောင်း ဝန်ခံလိုက်ရသည်။

နောက်တစ်ပတ် အမိန့်ထွက်လာသည်။ သူ့အား ရာထူးမှ ချထားလိုက်သည့်အမိန့်။ အိမ်မှာလည်း ပြဿနာတက်ကုန်သည်။ ဒေါ်မေစီက ပြဿနာမှာ သူ၏မရိုးဖြောင့်သော လုပ်ရပ်ပါသည်။ သမီးကို ပေးတာကနည်းနည်း၊ သူ့မိဘတွေကို ပေးရ၊ ဖို့ရတာကများများဟု စွပ်စွဲလာသည်၊ ချယ်ရီကလည်း မိခင်နှင့်အတူ တစ်လေတည်း ထွက်လာသည်။

သူမကို ပေးတာကတစ်ရာ၊ သူ့အိမ်ကို ပေးတာက တစ်ထောင် မကဈ၍သာ လျော့နည်းပျောက်ဆုံး စာရင်းတန်ဖိုး သိန်းဂဏန်းအထိ စာရင်းပေါက်ရခြင်းဖြစ်သည်။ ခု ဘာလုပ်မလဲဟု သူ့ကို မေးလာသည့်အပြင် ရာထူးချထားစဉ် စားဝတ်နေရေးအတွက် ဘယ်လိုဖြေရှင်းမလဲဆိုသည့် မမေးသင့် မမေးအပ်သော၊ မပြောသင့် မပြောအပ်ရာသော စကားအသုံးအနှုန်းများကိုပါ သုံးနှုန်းပြောဆိုလာသည်။

လွင်ဦးက သူ့အနေဖြင့် သူ့အိမ်ကို ဘာမှပြန်ပြီး ပံ့ပိုးရတာမရှိခဲ့။ ရသမျှလခရော ဘေးဝင်ငွေပါ ချယ်ရီလက်ထဲသို့သာ အပ်ခဲ့သည်။ ဒါကို ချယ်ရီ သိသည်။ ချယ်ရီသိလျှင် ဒေါ်မေစီလည်း သိလိမ့်မည်ဖြစ်ပါလျက် ခု ထမင်း ရေပူလာမှ လျှာလွှဲစကားမျိုး ပြောလာသည်။

သူတို့က မစားရဘဲ သူကပဲ သူ့အိမ်မိသားစုကို ပံ့ပိုးလို့ အခုလို ဖြစ်ရသည်ဟု စွပ်ချက်တင်လာသည်။ ရင်နှင့် ရင်နာစရာ ကောင်းလှသည်ဟု ဆိုရမည်သို့။ ခက်တာက ဒါမျိုးဆိုတာ ရှင်းဖို့မလွယ်။ အဆောက်

www.burmeseclassic.com



အထားပြပြီး ရှင်းလို့ရသည်မျိုး မဟုတ်။ သည်ပြဿနာမျိုးက မိသားစုတိုင်း မှာရှိသည်။

သူ့ဘက်ပေးနိုးနိုး၊ ကိုယ့်ဘက်ပေးနိုးနိုး သံသယအထင်ရှိကြသည် မှာ နိယာမ။ လွင်ဦးက ဒီလိုအထင်အပြောမျိုး ပြောဖို့ မကောင်းကြောင်း။ အထူးသဖြင့် ဒေါ်မေစီက ပြောလာသည့်တိုင် ချယ်ရီက ရှင်းပြသင့် ကြောင်း ခု ချယ်ရီကပါ သံယောင်လိုက် ပြောလာသည်မှာ မီးလောင်ရာ လေပင့် လုပ်ပေးသလိုမျိုး လုပ်ပေးသည့်သဘော ဖြစ်နေသောကြောင့် ထိုသို့မလုပ်သင့်ကြောင်း ချယ်ရီကို ရှင်းပြောပြောလိုက်သည်။

ချယ်ရီက စာရင်းကွာသည့် ငွေပမာဏ၏ ဆယ်ပုံတစ်ပုံပင် သူမရခဲ့။ သူ့အိမ်ကို မပံ့ပိုးလျှင် ဘယ်သူတွေကို ပေးရလို့လဲဟု မေးလာ သည်။

"ကိုယ် ဘယ်သူ့ကို ပေးတယ်ဆိုတာ ရီလေး အသိဆုံးပဲ။ ဒါ မေးစရာလား"

"ဒါတော့ မသိဘူးလေ။ ကိုယ့်ဟာကိုပဲ သိမှာပေါ့"

"တော်စမ်းကွာ၊ ရုံးမှာ ပြဿနာကတစ်မျိုး၊ အိမ်မှာက ပြဿနာ ကတစ်မျိုး"

"ပြောစရာရှိတာတော့ ပြောရမှာပဲ။ မကြားချင် တခြားမှာ သွားနေ ဒါပဲရှိတယ်"

"မင်း ဘယ်လို ပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲလေ"

ထိုမှဆက်၍ စကားများကြသည်။ သူပြောကိုယ်ပြော ပြောလာ ပြီဆိုတော့လည်း အပြောအဆိုတွေ ရင့်သီးလာစမြဲရှိသလို အသံလည်း



www.burmeseclassic.com

www.burmeseclassic.com


ကျယ်လာသည်။ ဒေါ်မေစီ ဝင်လာသည်။ ဒေါ်မေစီအပြောက တစ်ဖက်စီး နင်းအပြော။ ပို၍ ရှုပ်ထွေးကုန်သည်။

သိက္ခာကို ထိပါးလွန်းသည့် အပြောအဆိုများကြောင့် မဖြစ်သင့်သည်များ ဖြစ်လာမည့်အခြေအနေသို့ ရောက်လာသည်။ အိမ်မှာ ဆက်နေရင် ပိုဆိုးမည့်အခြေအနေကြောင့် အိမ်မှ ထွက်ခဲ့ရသည်။ ဘယ်သွားမလဲ။ သွားစရာတစ်နေရာပဲရှိသည်။ ဦးကြည်မောင်တို့အိမ်။ အိမ်မှာဖြစ်ပျက်ခဲ့သည့်အကြောင်းကို ပြောပြရသည်။

"ကိုလွင်ဦးကို ဦးလေးပြောခဲ့သားပဲ။ ကိုယ်ကတစ်တက်၊ နှစ်တက်၊ သူတို့က လေးငါးခြောက်တက် လုပ်လိမ့်မယ်ဆိုတာ။ ခုတော့ အိမ်တွင်းရေးပါ ရှုပ်ထွေးလာရတာပေါ့။ အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း။ အပြောမတော် ပိသလေးနဲ့ ဘေးထုဆိုတာတွေ ဖြစ်ကုန်တာပေါ့။ သွေးပူသွေးဆူနေတုန်း ပြဿနာကို ရှင်းလို့မရဘူးလေ။ ဦးလေးနက်ဖြန် ချယ်ရီနဲ့တွေ့ပြီး ပြောသင့်တာတွေ ပြောပြမယ်။ တစ်ရက်နှစ်ရက်တန်သည်တော့ ဒီမှာပဲနေဦး။ ခုလောလောဆယ်တော့ အိမ်တွင်းရေးကိစ္စထက် ရုံးကိစ္စကို ရှင်းဖို့က ပိုအရေးကြီးတယ်။ ခေါင်းအေးအေးထား"

ဦးကြည်မောင်က အကုသိုလ်တင်ရှိလာရင် ကုသိုလ်နှင့်မှတစ်ပါး အခြားချေဖျက်စရာမရှိ။ ကုသိုလ်မှုကို ယူရမည်။ ဥပုသ်စောင့်ပြီး အဓိဋ္ဌာန်ဝင် ဘုရားပေါ်တက် ပုတီးစိပ်ဖို့ ပြောသည်။ သူက ထောင်ထဲရောက်နေသည့် ကိုသိန်းငွေတို့အား အကူအညီ ပေးရမည့် တာဝန်ရှိနေကြောင်း၊ ကတိလည်းပေးထားကြောင်း၊ ခုအတိုင်းဆို အိမ်ကို ပြန်မှဖြစ်မည့်အကြောင်း ဦးကြည်မောင်ကို ပြောပြရသည်။

"ဟုတ်သပေါ့လေ။ ခလုတ်ထိတော့ အမိတဆိုစကားရှိသည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကိုး။ လောလောဆယ်တော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့"

ဦးကြည်မောင်က ထိုသို့ မထိတထိလေးပြောပြီး ပြုံးနေသည်။

(ဒီသတင်းကျွတ်မှာ ချယ်ရီတို့နှစ်ယောက် မိခင်ကြီးကို သွားကန်တော့ကြရအောင်နော်)ဆိုသည်ကလည်း ဖြစ်လာဖွယ်ရာ အကြောင်းမရှိတော့။ ခုတစ်ယောက်တည်းပဲ ပြန်ခဲ့ရသည်။ ဟိုကျရင် ဘယ်လိုပြောရမည်ကို တစ်လမ်း လုံးစဉ်းစားခဲ့ရသည်။

အမှန်အတိုင်း ဖွင့်ပြောလို့မဖြစ်။ အသက်ကြီးမှ မိခင်ကြီးကို သောကဆင့်ပွား လက်ကမ်းသလိုဖြစ်မည်။ အမှန်အတိုင်း ပြောလိုက်ရင် အမေသာမက အစ်မတို့ပါ သောကတစ်ထွေးကြီး ကျန်ရစ်ခဲ့ကြမည်။ ယောက်ဖတော်ကြီး၏ စီးပွားရေး အခြေအနေကောင်း၊ မကောင်းဆိုတာလည်း ရှိသေးပြန်သည်။

သူက အိမ်အကြောင်း ဘာမှမသိ။ အရှင်းဆုံးပြောရလျှင် အိမ်ကိုတောင်မှ တစ်ခါတစ်ရံသာ သတိတရ ရှိမိသည်။ ခု ပြဿနာ အကျပ်အတည်းရှိလာမှ အိမ်ကို သတိရရုံမက အိမ်သို့ပါ အရောက်ပြေးခဲ့ရသည်။ အိမ်ရောက်ရင် မျက်နှာရိပ်မျက်နှာကဲပါ မြင်ရမည်။

သည်ပြဿနာပေါ်လာကတည်းက မှန်ထဲမှာ ဘယ်အချိန်ပြန်ကြည့်၊ ပြန်ကြည့် သူ၏မျက်နှာမှာ ညှိုးရိပ်ထင်စမြဲ ရှိနေသည်။ ဟန်ဆောင်မျက်နှာရိပ်ဖြင့် အိမ်ပြန်ရောက်သွားသည့်တိုင် အမေက ဆီးပြောသည်။

"ငါ့သားအတော့်ကို ပိန်သွားပါလား။ မျက်နှာလည်း အတော်ကျသွားတာယ်နော်။ အနေအထိုင် အဆင်ပြေရဲ့လား။ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

သူက အမေ့စကားအလာအပေါ် ချော်လဲရောထိုင် လုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးအဆင်ပြေသည့်အကြောင်း၊ အစာအိမ်ရောဂါကြောင့် ကျန်းမာရေး အဆင်မပြေသည့်အကြောင်း ပြောလိုက်ရသည်။ လမ်းမှာ စဉ်းစားလာတုန်းက သည်လို ပြောမည်ဆိုသည့် အစီအစဉ်မပါ။ ခုမှ ရောက်ရာပေါက်ရာ ပါးစပ်ထွက်စကား ပြောလိုက်မိသည်။

လူမှန်းသိတတ်စ အရွယ်ကတည်းက မိခင်ကြီးအား ဘာအကြောင်း ဘာကိစ္စနှင့်မှ မလိမ်မညာဖူးခဲ့။ ခုအရွယ်ရောက်ပြီး အိမ်ထောင်သည်ဘဝရောက်ခါမှ လိမ်နေညာနေရပြီ။ လိပ်ပြာမသန့်စေကာမူ ဖြစ်လာမည့် ဖြစ်ကြောင်းဖြစ်ရပ်က မလိမ်လို့မဖြစ်တော့သမို့ လိမ်လိုက်ရသည်။

ခွင့်ယူပြီး ဆေးဝါးကုသနေသည့်အကြောင်းပါ ပြော၍ ထပ်ဆင့် လိမ်လိုက်ရပြန်သည်။ အမေက အင်္ဂလိပ်ဆေးတွေ ကောင်းတယ်ဆိုပေမယ့် မြန်မာဆေးအစွမ်းထက်တာတွေလည်း ရှိကြောင်း၊ အိမ်မှာ အေးအေးဆေးဆေး အနားယူရင်း သူတို့မြို့က နာမည်ကြီး မြန်မာသမားတော် ဆရာညိမ်းနှင့် ကုသကြည့်ဖို့ ပြောသည်။

ရှေးလူကြီးတွေက မြန်မာဆေးကိုသာ အားထားအားသန်လေ့ရှိသည့်အတိုင်း ပြောလာခြင်းဖြစ်၏။ အကြောင်းရင်းအမှန်ကိုမှ အမေမသိဘဲကိုး။ သူ တကယ်ခံစားနေရသည်က အစာအိမ်ရောဂါမဟုတ်။ အိမ်ထောင်ရေး အစာမကြေရောဂါနှင့် အစားမတော် တစ်လုတ်မှ ဘဝပျက်ရသည်အထိ နာလာသည့် ရောဂါ။

အမေပြောသည့် ဆရာညိမ်းမဆိုထားဘိ။ သမားတော်ကြီး ဇီဝကသော်မှ သူ့ရောဂါကို ပျောက်အောင် ကုသနိုင်စွမ်းမရှိ။ အမေမသိပေ မယ့် ကိုယ့်ဟာကိုယ်တော့ သိနေသည်။ အိမ်အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ် ကြည့်သည့် အခါ စီးပွားရေး အခြေအနေအတော်လေး အဆင်ပြေနေပုံရ ကြောင်း အကဲခတ်မိရသည်။

သူ့ကိစ္စအတွက် ယောက်ဖတော်ကြီးကို ကိုယ်တိုင်ပြောရမလား၊ အစ်မဖြစ်သူကတစ်ဆင့် ပြောရမလား ဆိုသည်ကိုမူ ဝေခွဲမရသေး။ အစ်မကတစ်ဆင့်ပြောလျှင် ယောက်ဖတော်ကြီးက သူတို့မိသားစုအပေါ် တစ်မျိုးထင်သွားမလား။ အစ်မဖြစ်သူပြောတာ မပြည့်စုံရင် သံသယထင်စရာ အပြစ်မြင် စရာမျိုးများ ဖြစ်သွားလေမလား။ ဒါကိုလည်း ထည့်စဉ်းစားရသည်။

အစ်မသိသွားရင် အမေ့နားသို့ မပေါက်ဘူးဟု မပြောနိုင်။ အေးချမ်းနေသည့် သူတို့၏မိသားစုရိပ်မြုံလေးတွင် သူ့အတွက်ကြောင့် ပြဿနာတက်ရတာမျိုး မဖြစ်စေချင်။

သူ ပြန်ရောက်ပြီး သုံးရက်မြောက်နေ့တွင် ယောက်ဖတော်ကြီး ရှိရာ လုပ်ငန်းခွင်သို့ လိုက်သွားပြီး သူတွေ့ကြုံနေရသည့် အခက်အခဲ ပြဿနာကို ယောက်ဖတော်ကြီးအား ပြည့်ပြည့်စုံစုံ ပြောပြပြီး ယောက်ဖတော်ကြီးမှ အကူအညီပေးနိုင်၊ မပေးနိုင်နှင့် အကူအညီပေးမည့် ငွေကြေးကို သူဖွဲ့ဆပ်သွားမည် ဖြစ်ကြောင်းကိုပါ ကတိကဝတ်ပေးစကားပြောရသည်။

ယောက်ဖတော်ကြီးက သူတို့အိမ်တွင်းရေးကိစ္စကို ဘာမှမပြော၊ ငွေဘယ်လောက်လိုမည်သာ မေးသည်။ သုံးလေးထောင်လောက်ဆိုလျှင် သူ လှည့်သာပဲ့သာ ရှိမည့်အကြောင်း ပြောရသည်။

ယောက်ဖတော်ကြီးက ငွေငါးထောင် ပေးလိုက်မည့်အကြောင်း၊ လုပ်ငန်းခွင်ထဲတွင် ငွေငါးသောင်းကျော် ဝင်နေသောကြောင့် လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် သူ့လက်ဝယ်တွင် ငွေမရှိသေးကြောင်း၊ တစ်ပတ်ကျော်ကျော် လောက် စောင့်ရင် ငွေပေါ်လာစရာရှိကြောင်း ပြောသည်။

သူက သူစောင့်နေမည့်အကြောင်းနှင့် ထိုကိစ္စကို အမေနှင့် အစ်မတို့ကို ဘယ်လိုနည်းနှင့်မှ အသိမပေးဖို့နှင့် ထိုငွေကို ခေတ္တလှည့်ငွေ အဖြစ် သူယူထားကြောင်း ကတိစာချုပ် ချုပ်ပေးထားပါမည်ဟု ပြောလိုက် ရသည်။ ယောက်ဖတော်ကြီးက စာချုပ်ပေချုပ်တွေ လုပ်စရာမလိုကြောင်း နှင့် သူ၏ကူညီမှုကို အသိအမှတ်ပြုထားဖို့သာ လိုကြောင်းပြောသည်။ ရင်ထဲမှာ အတော်ကြီး ပေါ့ပါးသွားသည်။

တစ်ပတ်ကျော်ကျော် မိခင်ကြီးနှင့်အတူ ကြည်ကြည်သာနေထိုင် ပြီး ရန်ကုန်သို့ ပြန်ခဲ့သည်။ ပထမတော့ ယောက်ဖတော်ကြီးမှာလိုက်သည့် အတိုင်း အိမ်ကိုပြန်မည်ဟု စိတ်ကူးလိုက်သေးသော်လည်း မိဘတွေကို ပုံ့ပိုးထောက်ပံ့သည်ဟူသော သူတို့၏ စွပ်စွဲချက်ကို ဝန်ခံဘိသို့ ရှိမည်ဖြစ် သောကြောင့် အိမ်ကိုမပြန်တော့ဘဲ ဦးကြည်မောင်တို့ အိမ်ကိုပင် ခြေဦး တည်ခဲ့ရသည်။

ဦးကြည်မောင်က ရောက်ရောက်ချင်း ဘာမှ မပြောသော်လည်း နောက်တစ်နေ့တွင် ချယ်ရီနှင့် တွေ့ခဲ့ပြီးသည့်အကြောင်း ပြောပြသည်။

"ဦးလေးအနေနဲ့ကတော့ ချယ်ရီ ဘာတွေ ပြောလိုက်တယ်ဆို တာကို အပြည့်အစုံ ပြန်ပြောလည်း အကြောင်းထူးမှာ မဟုတ်လို့ ပြန်မ ပြောတော့ပါဘူး။ ကိုလွင်ဦး အိမ်ထောင်ဘက် အရွေးမှားသွားပြီလို့ပဲ အတို ချုံးပြောချင်တယ်။ ဒါလောက်ဆို ကိုလွင်ဦး သဘောပေါက်ပါလိမ့်မယ်။ ဘာဆက်လုပ်သင့်ကြောင်းပဲ ဦးလေးပြောချင်တယ်။ နောက်ထပ် ရုံးမိန့် ထွက်မချင်း ဦးလေးတို့နဲ့ပဲ နေဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဆိုရိုးစကား များမှာ ပေါ့ပေါ့တန်တန် သဘောမူရမည့် ဆိုရိုးစကားမဟုတ်။ ထိုဆိုရိုး စကားမှာ သူနှင့် တိုက်ရိုက်သက်ဆိုင်နေပြီ။ မျက်လုံးနှင့် နှလုံးသားကိုသာ အလေးပေးပြီး ရွေးချယ်ခဲ့သည့်လက်တွဲဖော်မှာ စံစရာရှိအတူ၊ ခံစရာရှိ အတူ လက်တွဲဖော်လို သဘောထားမရှိ။

ဟိုစဉ်က ဦးနှောက်အသိနှင့် ဝေဖန်ပိုင်းခြားမှု အားနည်းခဲ့ သည်။ ခုတော့ နောင်ပြင်ရန်ခက်သည့် အဖြစ်မျိုးနှင့် ထိပ်တိုက်တိုးရ တော့မည်။ ဒါတောင် အချုပ်ထဲ ထောင်ထဲကို မရောက်သေးလို့။ ရောက် များရောက်ခဲ့ရင် ဘယ်လိုနေလိမ့်မည်ကို အတွေးဆိုစရာမလိုတော့။ ကိုယ့်လမ်းကိုယ် လျှောက်ပြီး ကိုယ့်ပြဿနာကိုယ် ရှင်းရမှာသေချာသည်။

ထားဘိတော့ အဲဒီပြဿနာကနောက် အရင်ရှင်းရမည်က လုပ် ငန်းခွင်ပြဿနာ။ လောလောဆယ် သွားမတွေ့သင့်ကြောင်း၊ ဦးကြည် မောင် အပြောရှိလာသည်မှာ အကြောင်းရှိလိမ့်မည်။ အဲဒီအကြောင်းက ရိုးရိုးမဟုတ်သော ထူးထူးခြားခြား အကြောင်းဖြစ်လိမ့်မည်။ မတွေ့တော့ ရန် ဆုံးဖြတ်လိုက်သည်။

ဦးကြည်မောင် ပြောသည့်အတိုင်း နောက်တစ်နေ့ကစ၍ ဥပုသ် စောင့်ပြီး ၉-ရက် အဓိဋ္ဌာန်ဝင်ရန် ပြင်ဆင်လိုက်သည်။ မနက်စောစောပိုင်း ရေမိုးသန့်စင်ပြီး ဦးကြည်မောင်တို့အိမ်ကို ဆွမ်းခံကြွသည့် ဦးပဉ္စင်းထံမှ သီလယူသည်။

မနက် ထမင်းစားမည့်အချိန် မရောက်မီ ပက်လက်ကုလားထိုင် တွင် ထိုင်လျက် ပုတီးစိပ်သည်။ ဆယ့်တစ်နာရီကျော်တွင် သူ့အတွက် ပြင်ဆင်ပေးသည့် လက်ဖက်သုပ်နှင့် ထမင်းစားပြီး ငှက်ပျောသီးနှစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com


လွယ်အိတ်ထဲ ထည့်၍ ဘုရားသို့ ထွက်ခဲ့သည်။

ရွှေတိဂုံသို့ လက်ျာရစ်ပတ်၍ မုခ်လေးမုခ်တွင် ဘုရားရှိခိုးပြီး နောက် နောင်တော်ကြီးဘုရားတွင် အဓိဋ္ဌာန်ယူ၍ ပုတီးစိပ်သည်။ ပုတီး စိပ်နေသည့် အာရုံပေါ်သို့ စိတ်ကို စူးစူးနစ်နစ် စူးစိုက်ထားသည့်တိုင် သာမဓိအကြည်ဓာတ်ကို တော်တော်နှင့်မရ။ ချယ်ရီ့အကြောင်းနှင့် လုပ်ငန်းခွင်ပြဿနာက ခေါင်းထဲသို့ တိုးဝင်နေသည်။

သိသည်။ ကြိုးစားဖျောက်ရသည်။ ခဏသာ ရွှေ့လျားပြီး ပြန်၍ ပြန်၍ဝင်လာသည်။ သည်လိုနှင့် ဂုဏ်တော်ကွန်ချာ ပုတီးပတ်ပြည့်သွား သည်။ အညောင်းအညာဖြေရန် ခေတ္တထလိုက်သည်။ ညနေစောင်းသည် အထိ နောင်တော်ကြီး ဘုရားမှာပင် ပုတီးစိပ်ပြီး ရင်ပြင်တော်ပေါ်သို့ ပြန်ဆင်းခဲ့သည်။

စိတ်အေးချမ်းမှုနှင့် မနောအကြည်ဓာတ်ကလေး ရရုံလောက်ပဲ ရှိသည်။ ဘုရားကို လက်ျာရစ်ပတ်၍ ရှိခိုးပြီး အိမ်ပြန်ခဲ့သည်။ ကိုးရက် အဓိဋ္ဌာန်မပျက်အောင် သန့်သန့်စင်စင် ထိန်းသိမ်းနိုင်ခဲ့သည်။ ထွေပြား အာရုံများ လုံးဝမပျက်သွားသော်လည်း လျော့ပါးလာသည်။

အထိုက်အလျောက်သော မနောအကြည်ဓာတ်လေး ဖြစ်တည် လာသည်။ စိတ်အေးချမ်းသည့်သဘော ဆောင်လာသည်။ ထိုကိုးရက် အတွင်း ဦးကြည်မောင် ချယ်ရီ့ဆီ နှစ်ခေါက်ရောက်သည်။ နေထိုင် ကောင်းရဲ့လားဟု မေးဖော်ရသည်ကလွဲ၍ သဘောထားပြောင်းမည့် လက္ခဏာမပြ။

သူ့ပြဿနာသူရှင်းလို့ အားလုံးကိစ္စတွေပြီးသွားမှပဲ သူတို့နှစ် ယောက်ကိစ္စကို ဆက်ရမည်ဆိုသည့်အပြော ပါလာသည်။ သူတို့မိဘ်ဒေးစု


www.burmeseclassic.com

www.burmeseclassic.com



သိက္ခာထိခိုက် ရသည့်အကြောင်း၊ သူမ၏မိခင်က လူကြီးတစ်ယောက် အနေနှင့် ကရုဏာဒေါသော ပြောသည်ကို ခုလို ကလန်ကဆန် လုပ် မသွားသင့်ကြောင်း ကိုလွင်ဦးဘက်သို့ အပြစ်ဖို့သည့် ဘာညာဘာညာ အပြောတွေလည်း ပါလာသည်။

ဦးကြည်မောင်လည်း အတော်လေး စိတ်ပျက်လာသည်။ လက်ရှိ အနေအထားအရ ကြားဝင်ဖို့မလွယ်ကြောင်း သဘောပေါက်လာသည်။ သို့ဘာစေ ကိုလွင်ဦးကိုတော့ ထိုအကြောင်းတွေ ဘာမှ ပြန်မပြော။ လေသံ သော်မှမဟခဲ့။ သုံးရက်နားပြီး နောက်တစ်ကြိမ် အမိဋ္ဌာန်ဝင်ရန် စီစဉ်နေ ဆဲ ရုံးအမိန့် ထွက်လာသည်။

ရာထူးတစ်ဆင့်လျှော့၍ ဧးရပ်နယ်မြေ ပြည်နယ်ဌာနခွဲသို့ ပြောင်းရွှေ့လိုက်သည့်အမိန့်။ ပေးသည့်အပြစ်မှာ များသည်ဟု မဆိုသာ ပေမယ့် သူကတော့ ထိထိဝင်ဝင်ကြီး ခံစားလိုက်ရသည်။ နောင်တဆိုသည် မှာ နောင်မှတလို့မရ။ အမိန့်အတိုင်း ပြောင်းရွှေ့မည့်နေရာကို သွားမလား။ ဒါမှမဟုတ် အလုပ်က နုတ်ထွက်မလား။

စဉ်းစားစရာမှာ လမ်းနှစ်သွယ်ပဲ ရှိသည်။ ပြောင်းရိုးပြောင်းစဉ် ပြောင်းရွှေ့ရမည်မဟုတ်ဘဲ မကောင်းသော မှတ်တမ်းတင်ခံရပြီး ပြောင်း ရွှေ့ရမည်ကြောင့်ရောက်သည့်နေရာမှာ မျက်နှာငယ်ရမည်။ အနှိမ်ခံရ မည်။

သူရရှိမည့်လစာက သူတစ်ယောက်စာ အတွက်ပဲ လုံလောက် မည်။ အိမ်ကိုငွေပြန်ပို့ဖို့ အခြေအနေ ဘယ်လိုမှ ပေးလိမ့်မည်မဟုတ်။ ဒါဆိုရင် ချယ်ရီနှင့် ပြဿနာက ရှင်းဖို့မလွယ်။ အမိန့်ထွက်ပြီးနောက် ရုံးသို့သွား၍ ချယ်ရီနှင့် တွေ့ဆုံရသည်။ မမြင်ရ မတွေ့ရသည်မှာ ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည့် ရင်နင့်အောင် ချစ်ခဲ့ရသူ ချယ်ရီကို တွေ့လိုက်တော့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။

ရင်နင့်အောင် ချစ်ခဲ့ရသလို သူမကြောင့် ရင်နင့်အောင် ခံစားရသည်ကိုပင် မေ့ပျောက်သလို ရှိသွားရသည်။ ချယ်ရီ၏ ဆက်ဆံရေးပုံစံ ပြောင်းသွားသလို အခေါ်အဝေါ်လည်း ပြောင်းသွားသည်။ ခေါ်နေကျ 'ကို'အစား ကိုလွင်ဦးဟု သူစိမ်းဆန်ဆန် ခေါ်လာသည်။

ချယ်ရီက သူပြောင်းရွှေ့ရမည့်နေရာကို မလိုက်နိုင်သည့် အကြောင်းနှင့် လွင်ဦးအနေနှင့် ရန်ကုန်ကို ပြန်လည်ပြောင်းရမည့် အခွင့်အလမ်း လုံးဝမရှိတာကြောင့် ဘယ်လိုသဘောထားရှိ၍ ဘယ်လိုလုပ်ချင်သည့်ဆန္ဒရှိကြောင်း မေးလာသည်။ ချယ်ရီ ဘာကို ရည်ရွယ်၍ မေးသည်ကို သဘောပေါက်သည်။ သူကလည်း သူမဆန္ဒကို ပြန်မေးလိုက်ရသည်။ သူတို့နှစ်ယောက် တွေ့ဆုံပြောဆိုမှုမှာ အဆင်မပြေခဲ့။

"ကိုလွင်ဦးက ကျွန်မအတွက် ဘယ်လိုတာဝန်မျိုး ယူနိုင်မယ့် အခြေ အနေရှိသေးတယ်ဆိုတာလည်း ပြောဦးလေ"

"ကိုယ်ကတော့ ရတဲ့လစာထဲက ထိုက်သလောက် ပို့ပေးသွားမယ်။ အရင်ကလို အပိုဝင်ငွေ ရှာတာမျိုးတော့ လုံးဝ မလုပ်တော့ဘူး"

"ဒါဆိုလည်း ရှင်းပါတယ်လေ။ ကိုလွင်ဦး ကျွန်မကို ထိုက်ထိုက် တန်တန်ထားနိုင်မယ့်အခြေအနေမျိုး ဘယ်တော့ရှိလာမှာလဲ"

"ဒါ ချယ်ရီမေးသင့်တဲ့ မေးခွန်းမှမဟုတ်ဘဲ"

"ဘယ်နှယ့် မမေးရမှာလဲ။ ချယ်ရီက တစ်လကို ငွေငါးဆယ် လောက် ထောက်ပံ့တာကို လက်ဝေခံပြီး ကိုလွင်ဦးရဲ့ ဇနီးအဖြစ်နဲ့ ဆက် ပြီး စခန်းသွားရမှာလား"


www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့"

"ကိုလွင်ဦးက ချယ်ရီ့ကို ဘာမှ ထောက်ပံ့စရာမလိုဘူး။ လွတ်လပ်ခွင့်ကိုတော့ အနှောင့်အယှက်မပေးဖို့ဘဲ။ ချယ်ရီကလည်း ကိုလွင်ဦးရဲ့ လွတ်လပ်ခွင့်ကို အနှောင့်အယှက်မပေးဘူး။ ချယ်ရီပြောတာ ကိုလွင်ဦး သဘောပေါက်ပါတယ်နော်"

"ဒါ ချယ်ရီရဲ့ သဘောထား အတည်ပဲပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် စီနီလိုက်လေ"

"ဒီလိုနဲ့ မပြီးဘူး ကိုလွင်ဦး"

"ဘာလိုသေးလို့လဲ"

"နှုတ်တစ်ရာ စာတစ်လုံးဆိုတော့"

"ကောင်းပြီလေ။ ချယ်ရီကြိုက်သလိုရေး။ ကိုယ် လက်မှတ်ထိုးပေးမယ်"

ကွာရှင်းပြတ်စဲကြောင်း စာချုပ်မဟုတ်သော်လည်း ထိုသဘောသက်ဝင်သည့် စာရွက်စာတမ်းများပေါ်တွင် အသိသက်သေထား၍ လက်မှတ်ထိုးပေးလိုက်ရသည်။ အိမ်ထောင်ဘက် အရွေးမှားပြီဟု ဦးကြည်မောင်ပြောခဲ့သည်မှာ ခုတော့ ပြက်ပြက်ထင်ထင် မှန်နေပြီ"

အဆိုးဝါးဆုံးနှင့် အနုံချာဆုံး ဘဝကံပိုင်ရှင်ဖြစ်သွားရပြီ။ လောကတွင် ပြုပြုသမျှသော အမှုဟူသမျှတို့တွင် တစ်ပါးသူကြောင့်ဟု အပြစ်ဖို့ချလို့မရ။ ဘယ်သူမပြု မိမိမှုသာလျှင် ပဓာနဖြစ်၏။ လုပ်ငန်းခွင်သို့ စွန့်ခွာရန် အခြေအနေ မပေးသည့်အလျောက် ဝေးသီခေါင်သောဒေသသို့ တစ်ကိုယ်တည်း ထွက်ခဲ့ရသည့်နောက်။



www.burmeseclassic.com

www.burmeseclassic.com


[ ခြောက် ]

သူ ရောက်ရှိသွားသည့်ဒေသမှာ ရာသီဥတု ဆိုးဝါးသလို လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲသည်။ မြို့ဟုဆိုရသော်လည်း ပြည်မက မြို့များလိုမဟုတ်။ လူစည်ကားရာနေရာဟူ၍ နှစ်နေရာသာရှိသည်။ အဖြစ်ဆောက်ထားသည့် ရုပ်ရှင်ရုံနှင့် အဖြစ်စားစရာများနှင့် အရက်ကို အဓိကထားရောင်းသည့် စားသောက်ဆိုင်။

ရုပ်ရှင်ရုံက နေ့စဉ်မပြ။ တစ်ပတ်မှာနှစ်ရက် တစ်ခါတစ်ရံ သုံးရက်ပြသည်။ အရက်ဆိုင်ကတော့ နေ့တိုင်းဖွင့်သည်။ အစည်ကားဆုံး အချိန်မှာ ညနေပိုင်းနှင့် ညဦးပိုင်း။ ရှစ်နာရီကျော်လျှင် မြို့ထဲ သွားလာလှုပ်ရှားနေသူ တစ်ယောက်စနှစ်ယောက်စလောက်ပဲ ရှိသည်။

ဈေးက ငါးရက်တစ်ဈေး။ မြို့၏ အစည်ကားဆုံးနေ့မှာ ဈေးနေ့။ သူ့အတွက်တော့ကောင်းသည်။ အလုပ်တာဝန် သိပ်မကြီးလေးသလို အလည်အပတ် သွားစရာ လာစရာလည်းမရှိ။ စိတ်ထွေပြားမှု အားလျော့သွားပြီဖြစ်သည့်အလျောက် ပုတီးစိပ်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေရသည်။ ညနေတိုင်း မြို့အစွန် တောင်ကုန်းပေါ်ရှိ စေတီသို့တက်၍ ပုတီးစိပ်ခဲ့သည်။

www.burmeseclassic.com


စေတီမှာ ကုန်းမြင့်ပေါ်တွင် တည်ထားသည့်အလျောက် တိတ်ဆိတ်သည့် ပတ်ဝန်းကျင်ရှုခင်းကသာယာသည်။ စိတ်ကြည်လင်သည်။ အေးမြသည်။ စေတီရင်ပြင်သို့ လာရောက်သူလည်း နည်းပါးသည်။ ပုတီးစိပ်ရသည်မှာ ထိထိမိမိရှိလှသည်။ မနောအကြည် ပို၍တည်ငြိမ်အေးစက်လာသည်။ စေတီရင်ပြင်တွင် နေ့စဉ်တွေ့နေကျ ပုဂ္ဂိုလ်တစ်ဦးနှင့် မျက်မှန်းတန်းမိလာသည်။

ထိုပုဂ္ဂိုလ်မှာ ယောဂီဝတ်စုံ အမြဲဝတ်၍ ဥပမိရုပ်သန့်ပြန့်သည်။ မျက်နှာကြည်လင်၍ အေးချမ်းရိပ်ထင်သည်။ အသက်အရွယ်မှာ ခြောက်ဆယ်ခန့်လောက်ရှိမည်။ ပုတီးစိပ်ပြီးတိုင်း စေတီရင်ပြင်တစ်ခုလုံးကို တံမြက်စည်းတစ်ချောင်းနှင့် သန့်ရှင်း စင်ကြယ်စေသည်မှာ ထိုပုဂ္ဂိုလ်၏ နေ့စဉ်ပြုမြဲ ဝတ္တရားပင်။

အတွေ့အမြင် များလာပြီးနောက် အပြုံးမိတ်ဆက်ဖြင့် သူတို့၏ သိကျွမ်းမှုကို စတင်ခဲ့သည်။

"မောင်ရင်က ဒီအရပ်ဒေသခံ မဟုတ်ဘူးဆိုတာတော့ သိတယ်။ ဘယ်အရပ်ဒေသကလဲ။ စပ်စုတယ်လို့တော့ မထင်နဲ့နော်"

သူက အခိုက်အလှည့်မသင့်လို့ ဌာနသို့ ရန်ကုန်မှ ပြောင်းရွှေ့လာရ ကြောင်းပြောပြသည်။ တစ်စတစ်စ ရင်းနှီးလာရာမှ စေတီရင်ပြင်သန့်ရှင်းရေးကို သူကပါ ဝိုင်းဝန်းကူညီလုပ်ကိုင်သည်။ နေ့စဉ် သန့်ရှင်းရေးလုပ်ပြီးနောက် နားနေချိန်တွင် ထွေရာလေးပါး စကားစမြည် ပြောဖြစ်ကြသည်။

သူတို့ ပြောကြဆိုကြသည်မှာ လောကီရေးထက် လောကုတ္တရာ အကြောင်းဘက်သို့ အလေးသာသည်။ အဘဦးက အပြောသမား။



www.burmeseclassic.com

www.burmeseclassic.com



သူက နားထောင်သမား။ တစ်နေ့တွင် အဘဉာဏ်ထံမှ မပြောစဖူး အပြော ထူးသည့် သူနှင့် ပတ်သက်ရာ ပုဂ္ဂိုလ်ရေးအကြောင်းတစ်ခု ပါလာသည်။

"မောင်ရင်ရဲ့ ပင်ကိုယ်စိတ်က သန့်စင်တယ်။ ရိုးသားတယ်။ ဒါပေမယ့် အမှောင့်ပယောဂသမားနဲ့ ဆက်နွယ်လာရင် မောင်ရင်ဟာ ပင်ကိုယ်ရိုးသားမှုကို မထိန်းသိမ်းနိုင်ဘူး။ အရောင်ဆိုးရာဘက်ကို အလွယ် တကူပါတတ်တယ်။ ဒါကြောင့် မောင်ရင်ဟာ ဒုက္ခအထွေထွေနဲ့ ရစ်ထွေးခဲ့ ရတာပဲ။ မကုန်သေးဘူး။ ကုသိုလ်ရေးများများလုပ်"

အမေးအမြန်းမရှိဘဲ လွှတ်ခနဲ ပြောလိုက်သည့်စကား။ သူ့ဘဝ ဖြစ်စဉ်နှင့် ကွက်တိကိုက်နေသည်။

"အဘပြောတာနဲ့ ကျွန်တော့်ဖြစ်စဉ်ကတော့ ကွက်တိကို ကိုက် နေတယ်။ မကုန်သေးဘူးဆိုတော့ ကျွန်တော့်ဘာတွေများ ထပ်ဖြစ်ဖို့ရှိသေး လို့လဲ အဘ"

"အဲဒီထိအောင်တော့ အဘလည်း မပြောနိုင်ဘူး။ ခုမောင်ရင့် အပေါ် မြင်ရတဲ့အမြင်ကို ပြောရတာ"

"အကြားအမြင်သဘောများလား အဘ"

"မောင်ရင်က မရှိတဲ့အကြောင်းကို အရှည်ပြောနေပြန်ပြီကို။ အကြားအမြင်ဆိုတာ မရှိပါဘူး။ မောင်ရင်ရဲ့ အလိမ်ဝိဇ္ဇာတွေ ထွင်လိုက် လို့ ခေတ်စားလာတဲ့စကားပါ။ အဘပြောတဲ့အမြင်က အဘတတ်တဲ့ အင်္ဂဝိဇ္ဇာနည်းနဲ့ ကြည့်လို့မြင်လို့ မြင်သလောက် ပြောမိတာပါ"

"ကျွန်တော် ကြားဖူးနားဝရှိတဲ့ အကြားအမြင်ဆိုတာမျိုးများလား လို့ ထင်ပြီး မေးမိတာပါအဘ။ ကျွန်တော် မှားသွားရင်ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်ကြားဖူးတဲ့ အကြားအမြင်ဆိုတာက ဘယ်လိုဟာမျိုးလဲ"

"ဘိုးတော်တို့၊ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်အမည်ခံ ပုဂ္ဂိုလ်တွေက အကြားစာတ်၊ အမြင်ဓာတ်ရတယ်ဆိုပြီး ဟောပြောနေတာမျိုးလားလို့ပါ"

"မောင်ရင် ပုတီးစိပ်ရင် ရိုးရိုးစိပ်နော်။ အဲဒါတာမျိုးတွေနဲ့ မပတ်သက်နေနဲ့။ တော်ကြာ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်လိမ့်မယ်။ ပုတီးစိပ်တယ်ဆိုတာ စိတ်ညောင်းညာတောင့်တင်းမှု ဝေဒနာကို အနည်းနဲ့ အများ ခံစားရတယ်နော်။ အကျိုးရှိအောင် မလုပ်တတ်ရင် ညောင်းညာတောင့်တင်းတာပဲ အဖတ်တင်မှာပေါ့။ ၊အကြားဓာတ်၊ အမြင်ဓာတ်ရအောင်ဆိုတဲ့ ရည်စူးချက်နဲ့ ပုတီးစိပ်ရင် ညောင်းညာတာပဲ အဖတ်တင်မယ်။ မရှိတဲ့အရာကို ရှိအောင်လုပ်လို့မှမရတာပဲ"

"အဘပြောသလိုသာဆိုရင် ခုခေတ်မှာ ခေတ်စားနေတဲ့ အကြားအမြင်ဆိုတာ မဟုတ်ဘူးပေါ့နော် အဘ"

"မောင်ရင်လည်း ခေတ်ပညာတတ်တစ်ယောက်ပဲဟာ။ သိပ္ပံနည်းကျ တွေးကြည့်ရင် အဖြေပေါ်မှာပေါ့။ ကဲ အဘက မောင်ရင့်ကိုမေးမယ်။ ခုမောင်ရင်ပြောတဲ့ အကြားအမြင် ဟောနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်သူက ပြောလို့ သူတို့က ကြားနေတာလဲ။ ဘယ်သူက လာပြလို့ သူတို့က မြင်နေတာလဲ။ အဲဒါကို မောင်ရင် ကြားဖူးနားဝ ရှိသလို ဖြေကြည့်စမ်း"

"ဂန္ဓာရီဝိဇ္ဇာပညာတို့၊ မဟိဒ္ဓိတို့၊ သိဒ္ဓိတို့၊ သမထကျင့်စဉ်တို့က ကျင့်စဉ်ဘဲ။ လောကီကိစ္စနဲ့မှ မဆိုင်တာဘဲဟာ။ စီးပွားရေးကိစ္စ ရာထူးရာ ခံကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ အိမ်တွင်းရေးကိစ္စ ဟိုကိစ္စသည်ကိစ္စ ပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုသူတွေက ဘယ်လိုလာပြီး ဆက်နွှယ်ပတ်သက်မှာလဲ။ အဲဒါ အလွယ်ဆုံးစဉ်းစားနိုင်မယ့် အခြေခံပဲ။ မောင်ရင့်ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပေါ့။ ကဲ . . . အမှောင်ရိပ်လည်း သမ်းလာပြီ။ အဘတို့ပြန်ကြစို့"

စေတီတော် တောင်ကုန်းအောက်ခြေသို့ ရောက်သောအခါသူက မြို့ဘက်သို့ ခြေဦးတည်၍ အဘဉာဏ်က မနီးမဝေး တောအုပ်ကလေးရှိရာသို့ ခြေဦးတည်ပြီး လမ်းခွဲခဲ့ကြသည်။ မည်သို့ပင်ဆိုစေတော့ အဘဉာဏ်ကို အထင်ကြီးလေးစားသည်။ ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်လိမ့်မည်ဟု ယုံကြည်နေသည်။

ခါတိုင်း သူက အရင်ပြန်၍ အဘဉာဏ်က နောက်ချန်ပြန်သောကြောင့် အဘဉာဏ်ကို မြို့ထဲမှာနေသူတစ်ယောက်ဖြစ်လိမ့်မည်လို့ ထင်ခဲ့သည်။ ဒီနေ့မှ မြို့ထဲဘက်သို့ ခြေဦးမတည်ဘဲ တောအုပ်ကလေးဘက်သို့ ခြေဦးတည်ပြီး ပြန်သွားသည်ကို မြင်တွေ့လိုက်ရသောကြောင့် ပို၍ စိတ်ဝင်စားသွားသည်။

နောက်တစ်နေ့ညနေ စေတီရင်ပြင်ပေါ်တွင် ဆုံမိကြသည့်အခါ အဘဉာဏ်က အပြုံးဖြင့် နှုတ်ဆက်ပြီး တစ်စုံတစ်ရာသော နှုတ်ဖွင့်စကားမဆိုလာသောကြောင့် သူ စကားအစရ ခက်နေသည်။ နောက်တစ်နေ့တွင် အဘဉာဏ် ပုတီးစိပ်သည့်အချိန်ကို နာရီကြည့်ပြီး မှတ်သားလိုက်သည်။

ဘုရားရှိခိုးချိန်မပါ ပုတီးစိပ်သည့်အချိန်မှာ တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာသည်။ ဘုရားရှိခိုးချိန်နှင့် အမျှအတန်းဝေသည့်အချိန်ပါ ထည့်ပေါင်းလိုက်ရင် နှစ်နာရီခန့်ကြာသည်။ အထိုင်မပြောင်းသည်ကတော့ ထားဘိတော့ ခါး၊ ခေါင်း စသည်တို့ပါ စတင်ထိုင်သည့် ပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲမရှိ။ မတ်မတ်တည်ငြိမ်သည်။

လွင်ဦး ထိုင်နိုင်သည့် အချိန်အတိုင်းအတာမှာ အဘဉာဏ် ထိုင်သည့် အချိန်တစ်ဝက်ပင် မပြည့်။ သို့တစေ သူက အထိုင်မငြိမ်။ လေးဆယ့်ငါးမိနစ်ကို အထိုင်ငြိမ်အောင် အတော်ကြီး သတိထား ကြိုးစားရသည်။ ထို့ကြောင့်လည်း အဘဉာဏ်ကို ပို၍ စိတ်ဝင်စားမိသည်။ ဆည်းကပ်မှီဝဲသင့်သော ပုဂ္ဂိုလ်အဖြစ် သတ်မှတ်မိရခြင်းဖြစ်သည်။

တစ်နေ့တွင် စေတီရင်ပြင်ပေါ် တံမြက်စည်း လှဲရင်း စကားပြောခွင့်ရအောင် ကြိုးစားပြီး သူ ပြောချင်သည့်အကြောင်းကို ပြောရသည်။ အဘထံမှာ ကျွန်တော် ခွင့်တောင်းစရာ ရှိလို့ပါဟု အစချီပြီး အဘဉာဏ်နေထိုင်သည့် နေရာသို့ ဝင်ထွက်သွားလာခွင့် တောင်းရသည်။

"မောင်ရင်က ကျုပ်ကို တော်တော် စိတ်ဝင်စားနေပြီထင်တယ်။ ကျုပ်အကြောင်းကိုကော မောင်ရင်က သိပြီးလို့လား"

"မသိသေးပါဘူးအဘ၊ ကျွန်တော် အဘဆီလာချင်တာက အဘကို ကြည်ညိုလေးစားမိလို့ပါ။ ပြီးတော့ အဘဟာ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျွန်တော့် စိတ်ထဲမှာ ထင်မိလို့ပါ"

"အဲဒါဆိုရင်တော့ မောင်ရင်တွက်ကိန်း မှားလိမ့်မယ်။ ကျုပ်ဟာ တာမှမထူးတဲ့ သူလိုငါလို လူထဲက လူတစ်ယောက်ပါ။ အေးလေ၊ မောင်ရင် ဆန္ဒရှိရင် စကားစမြည်လေး ဘာလေးပြောဖို့ လာခဲ့ပေါ့"

"အဘနေတဲ့နေရာနဲ့ အဘကို အနှောင့်အယှက် မဖြစ်အောင် ဘယ်အချိန်မျိုး လာရမယ်ဆိုတာ အဘကပြောမှ ကျွန်တော်လာလို့ဖြစ်မှာပါ"

"ဒီကနေ လှမ်းမြင်ရတဲ့ တောအုပ်ကလေးက ကျုပ်နေတဲ့ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မောင်ရင်လာချင်သပဆိုရင် နေ့လယ်တစ်နာရီကနေ သုံးနာရီအတွင်း လာပေါ့။ အဲ တစ်ခုတော့ ရှိတယ်။ ကျုပ်ဆီမလာခင် ကျုပ်အကြောင်းကို မောင်ရင်နဲ့ ရင်းနှီးတဲ့ မြို့ခံလူတွေဆီမှာ မေးမြန်းစုံစမ်းကြည့်ဦး။ ပြီးမှ ကျုပ်ဆီလာသင့် မလာသင့် ဆုံးဖြတ်"

"ကျွန်တော် အဘကို လေးစားကြည်ညိုပြီးသားမို့ အဘ အကြောင်းကို သူစိမ်းတစ်ရံဆံတွေဆီမှာ မမေးမြန်းချင်ပါဘူး။ ကျွန်တော် လာဖို့ကိုသာ အဘခွင့်ပြုပါ"

အဘဉာဏ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

နောက်တစ်နေ့နေ့လယ်ဘက် အဘဉာဏ် ညွှန်ပြလိုက်သည့် တောအုပ်ကလေးသို့ ရောက်သွားသည်။ လူတစ်ယောက် ချောင်ချောင်ချိချိ နေသာရုံ ဆောက်ထားသည့်တဲကလေးတစ်တဲကို တွေ့ရသည်။ ပတ်ဝန်း ကျင်မှာ လူနေအိမ်ခြေဟူ၍ မတွေ့ရ။ အဘဉာဏ်နေသည့် တဲကလေးတစ် တဲသာရှိသည်။

ပတ်ဝန်းကျင်အနေအထားမှာ တိတ်ဆိတ်ငြိမ်သက်ပြီး သာသာ ယာယာရှိသည်။ သူရောက်သွားသည့်အချိန်တွင် အဘဉာဏ်ကို တဲ ကလေးရှေ့ ဝါးပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်တွေ့ရသည်။ လက်ထဲတွင် ပုတီးကိုင်လျက် ပုတီးစိပ်နေသည်။

"ကဲ . . . မောင်ရင်ထိုင်"ဟု ပြော၍ တဲကလေးပေါ် လက်ညှိုး ညွှန်ပြသည်။ တဲကလေးပေါ်မှာ ထူးထူးထွေထွေ ဘာပစ္စည်းမှ မရှိ။ ရှင်း လင်းနေသည်။ ထရံကာထားသည့် အတွင်းဘက်မှာ အဘဉာဏ် အိပ်သည့် နေရာဖြစ်လိမ့်မည်။ အရှေ့ဘက်မှာ ဘုရားစင်ရှိသည်။

ဘုရားစင်ရှေ့မှာ သားရေနွယ်တစ်ချပ် ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘညာဏ် ဘုရားဝတ်ပြု ပုတီးစိပ်သည့်နေရာ ဖြစ်လိမ့်မည်။ အဘညာဏ်က ပုတီးပတ်ဆုံးသည်အထိ ပက်လက်ကုလားထိုင်မှာ ထိုင်မြဲထိုင်လျက် ပုတီးစိပ်နေသောကြောင့် သူကလည်း ငြိမ်သက်စွာပင် ထိုင်နေလိုက်ပေသည်။

ပုတီးပတ်ဆုံးတော့မှ ပက်လက်ကုလားထိုင်မှ ထပြီး တဲပေါ် တက်လာပြီး ခေါင်းရင်းဘက်မှာ ဝင်ထိုင်သည်။

"ကဲ မောင်ရင် ကျုပ်နဲ့ တွေ့ပြီး ဘာတွေများ မေးချင်စမ်းချင် ပြောချင်သလဲ။ မေးစရာ ရှိတာမေး။ ပြောစရာ ရှိတာပြော"

အဘညာဏ်က ဤသို့ဖြင့် စကားလမ်းကြောင်း စလိုက်သည်။

"အဘညာဏ်က ဒီမှာ တစ်ယောက်တည်း နေတာပေါ့နော်"

"ဟုတ်ပ"

"အဘရဲ့ စားရေးသောက်ရေးအတွက် အဘကိုယ်တိုင်ပဲ ချက်ပြုတ်စားသောက်ရတာပေါ့နော်"

"ဟုတ်ပ။ အခက်အခဲမရှိပါဘူး။ ဆန်၊ ဆီ၊ ဆား၊ မြေပဲ၊ လက်ဖက်နဲ့ ငှက်ပျောသီးရှိရင် ကိစ္စပြီးတာပဲ။ ကျုပ်က ဥပုသ်ရက်ရှည်ဆိုတော့ တာဝန်အေးတာပေါ့"

"အဘ ကျန်းမာရေး မထိခိုက်ဘူးလား"

"မြင်တဲ့အတိုင်းပဲလေ။ ခုထိတော့ ဒေါင်ဒေါင်မြည်ပဲ။ မြဲတော့ မမြဲဘူးပေါ့လေ။ နိယာမအတိုင်း ဇရာအရွယ်ရောက်နေပြီပဲဟာ။ ဗျာဓိမရဏလမ်းကြောင်းပေါ် ရောက်ဦးမှာပေါ့"

"အဘ တစ်ယောက်တည်းနေတော့ တခြားအနေ့အယှက်တွေ ဘာတွေရော မတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းတာလုပ်နေတာပဲဟာ။ မကောင်းတာနဲ့ ဆုံစည်းဖို့ အကြောင်းမရှိပါဘူး"

"စိတ်တော့ မရှိပါနဲ့အဘရယ်။ ကျွန်တော် သိချင်တာလေးမေးပါရစေ။ အဘမှာ သားထောက်သမီးခံတွေ ဘာတွေ မရှိဘူးလား"

"အဲဒီအကြောင်းကိုပြောရရင် အဘရဲ့ အတိတ်အကြောင်းကို ပြောမှ ပိုပြီးပြည့်စုံမယ်။ ဒါပေမယ့် ဒါတွေကို ပြန်ပြောချင်တဲ့ဆန္ဒတော့ မရှိဘူး"

"အဘ စိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုရင် မပြောပါနဲ့။ ကျွန်တော် အဘကိုများ လာပြီးအနှောင့်အယှက်ပေးမိနေပြီလားလို့ ကျွန်တော် တောင်းပန်ပါတယ် အဘ"

"အေးလေ။ မောင်ရင်က အဘနဲ့ ပဋ္ဌာန်းဆက် ဘယ်လိုရှိခဲ့မှန်းမှ မသိဘဲကိုး။ မောင်ရင့်ကို တွေ့တွေ့ချင်း အဘရင်ထဲမှာ ကိုယ်နဲ့ကွဲကွာနေတဲ့ သားတစ်ယောက်ကို ပြန်တွေ့လိုက်ရသလို ခံစားရတယ်။ အဲဒါကြောင့် ဆိုပါတော့ မောင်ရင့်ကို အဘအကြောင်း ပြောပြမယ်"

အဘဉာဏ်ခေါ် ဦးဉာဏ်ဖေမှာ တစ်ကျွန်းပြန်။ ကျွန်းပြန်ကြီး ဦးဉာဏ်ဖေမှာ ခိုးဆိုးတိုက်ခိုက် လုယက်သည့် ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်ပြီး တစ်ကျွန်းသို့ ရောက်သွားခဲ့သည်တော့မဟုတ်။ လူသတ်မှုဖြင့် တစ်ကျွန်းသို့ ရောက်သွားခဲ့သူဖြစ်၏။

အဘဉာဏ်က သူသည် လူကောင်းတစ်ယောက် မဟုတ်ခဲ့သည်ကိုမူ ဝန်ခံပြောကြားသည်။ လူမှုရေးဖောက်ဖျက်မှုများကို ကမ်းကုန်အောင် လုပ်ခဲ့သည်များကိုလည်း ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။ မိဘတွေက မြေပိုင်ရှင် ချမ်းသာကြွယ်ဝသူများဖြစ်၏။ သူက တစ်ဦးတည်းသောသား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နယ်မြေမှာ လယ်ယာတွေ လက်ညှိုးတိုးမလွဲအောင် ပိုင်ဆိုင်သလို စိန်၊ ရွှေစသည့် ရတနာပစ္စည်းများကိုလည်း တနင့်တပိုး ပိုင်ဆိုင်ကြသည်။ သူ၏မိဘများ ပိုင်ဆိုင်သည့် စိန်ထည် ပစ္စည်းများမှာ နည်းနည်းနောနောမဟုတ်။ သူတို့တစ်သက်စာမက နှစ်သက်သုံးသက်စာ စားနိုင် သုံးနိုင် စွဲနိုင်လောက်အောင် ပိုင်ဆိုင်သည်ဟု ပြောရမည်သို့ တိုင်အောင်များပြားလှသည်။

လယ်ယာမြေ ဝင်ငွေအပြင် စိန်ထည် ရွှေထည်အများအပြား အပေါင်ခံသည့် လုပ်ငန်းကိုလည်း လုပ်သည်။ ဝင်ငွေထွားစရာ မရှိအောင် များလှသည်ဟူသော အပြောစကားတွင်လောက်အောင် ချမ်းသာသည်။ ၇၅-ပေပတ် လည် ဆောက်ထားသည့် သူတို့၏နှစ်ထပ်တိုက်ကြီးမှာ သူတို့မြို့နယ်တွင် အုံ့မခန်းတိုက်ကြီးပါကလားဟု ပြောစမှတ်တွင်အောင် ကြီးမားခံ့ထယ်သည်။

"ကျုပ်အကြောင်းကို ပြန်ပြောဖို့ ဝန်လေးတာမှာ ဒီအကြောင်းဟာ အဓိကအကြောင်းတစ်ကြောင်းပေါ့။ ကျုပ်ရဲ့ လက်ရှိဘဝအခြေအနေနဲ့ အတိတ်ဘဝအခြေအနေက မိုးနဲ့ မြေလောက်ကွာတော့။ အကြောင်းမသိသူ လူတစ်ရာကိုပြော။ တစ်ရာလုံးယုံမှာ မဟုတ်ဘူး။ နားထောင်နေရပေမယ့် ရင်ထဲမှာ ကလိကလိဖြစ်လာတဲ့ ရယ်ချင်စိတ်ကို မနည်းကြီးမျိုသိပ်ပြီး နားထောင်နေရမှာ မဟုတ်လား"

အဘဉာဏ်မှာ လူပျိုပေါက်အရွယ်အထိ လူကောင်းလူတော်လေးတစ်ယောက်အဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ပညာရေးမထွန်းပေါက်ပေမယ့် သူလိုငါလို တစ်နှစ်တစ်တန်း မှန်မှန်အောင်သည့် ကျောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။ ဆယ်တန်းရောက်သည်အထိ သူ၏ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ် ပင်ရှိခဲ့သည်။

သူ ဆယ်တန်းစာမေးပွဲဖြေမည့်ဆဲဆဲ နာမည်ကြီး ဓားပြဗိုလ်ပေသီးတို့အဖွဲ့ သူတို့တိုက်ကို စီးမိသွားသည်။ ဗိုလ်ပေသီးတို့အဖွဲ့က အင်အားနှစ်ဆယ်ကျော်လောက်ရှိသည့် ဓားပြအဖွဲ့ကြီးဖြစ်သည့်အလျောက် အရပ်ကမကူရဲ။ ရဲအဖွဲ့ကပင်လျှင် အတော်ကြီးသတိထားပြီး ချဉ်းကပ်ခဲ့ရသည်။

အဘဉာဏ်၏ မိဘများထံ မီးခံသေတ္တာသော့တောင်းသည်။ သော့ကို အလွယ်တကူ ပေးလိုက်ပေမယ့် မီးခံသေတ္တာကို ဖွင့်ပြီးနောက် မီးခံသေတ္တာထဲမှာ တွေ့ရသည့် ပစ္စည်းများက ဓားပြတွေကို မကျေမနပ်ဖြစ်စေသည်။

သူတို့ရထားသည့် သတင်းနှင့်မကိုက်ဟုပြောပြီး ပစ္စည်းတွေဝှက်ထားသည့် အခြားနေရာကို ပြခိုင်းသည်။

အဘဉာဏ်မိဘတွေက တခြားနေရာမှာ မထားကြောင်းနှင့် မီးခံသေတ္တာထဲရှိသမျှ ပစ္စည်းများမှာ သူတို့ချမ်းသာသမျှ ပစ္စည်းများဖြစ်ကြောင်း ရှိခိုးဦးတင်တောင်းပန်ပြီးပြောသည်။ မရ။ ဗိုလ်ပေသီးက ဘပည့်တွေကို ရိုက်နှက်ခိုင်းပြီး နေရာပြရမည်ဟု အတင်းအကြပ်လုပ်သည်။ အဘဉာဏ်မိဘတွေက မပြ။

ဗိုလ်ပေသီးက သူကိုယ်တိုင် အဘဉာဏ်၏ မိခင်ကြီးကို သေနတ်နှင့် နှစ်ချက်ဆင့်ပစ်လိုက်သည်။ ကိုယ့်ရှေ့မှောက်မှာ ကိုယ့်ဇနီးဖြစ်သူအား ရက်ရက်စက်စက် သေနတ်နှင့်ပစ်သတ်လိုက်သည်ကို မြင်လိုက်ရသည့် အဘဉာဏ်၏ ဖခင်ကြီးမှာ လက်နက်ကြီးငယ် ကိုင်ဆောင်ထားသော ရက်စက်ယုတ်မာသည့် ဓားပြများဆိုသည်ကို အသိမေ့ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဗိုလ်ပေသီးကို ဝင်လုံးလိုက်သည်။

သေနတ်သံ သုံးချက်နှင့်အတူ အဘဉာဏ်၏ ဖခင်ကြီးမှာ ဝမ်းသွားထိုးလဲကျသွားသည်။ ဗိုလ်ပေသီး၏ ညာလက်ရုံးတပည့် ကြီးဒွေး၏ သက်ချက်။ အခြေအနေမဟန်သည်ကို သိသည့်အလျောက် ဗိုလ်ပေသီးက သူ့လူတွေကို ဆုတ်ခိုင်းလိုက်သည်။ ဗိုလ်ပေသီးတို့ ထွက်လမ်းကိုနေရာယူ ပိတ်ဆို့ထားသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ဗိုလ်ပေသီးတို့အဖွဲ့ ထိပ်တိုက်တိုးမိကြသည်။

နှစ်ဘက်ပစ်ခတ်သည့် သေနတ်သံများ ဆူညံသွားသည်။ ဗိုလ်ပေသီးနှင့် တပည့်သုံးယောက်အား အသေဖမ်းမိသည်။ သုံးယောက်အား အရှင်ဖမ်းမိသည်။ ကျန်ဓားပြများ ထွက်ပြေးလွတ်မြောက်သွားသည်။ ဆူညံသွားသည့် သေနတ်သံများကြောင့် ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်ကြည့်နေသူများ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ရုံထဲမှာဝပ်သူကဝပ်၊ အပြင်ဘက်သို့ မဟားဒယားတိုးဝှေ့ထွက်သူကထွက်ဖြင့် ဝရုန်းသုန်းကား ဖြစ်နေသောကြောင့် ရုပ်ရှင်ပြသခြင်းကို ရပ်လိုက်ရသည်။ အဘဉာဏ်တို့ တိုက်ကို ဓားပြများ ဝင်စီးသည့်အချိန်တွင် အဘဉာဏ်မှာ အိမ်မှာမရှိ။ သူငယ်ချင်းများနှင့် ရုပ်ရှင်ရုံထဲရောက်နေသည်။

အကယ်၍ သူသာ ရုပ်ရှင်ရုံထဲရောက်မနေဘဲ အိမ်မှာရှိနေခဲ့ရင် သုံးလောင်းပြိုင်ဖြစ်မှာ သေချာသည်။ သူတို့အိမ်မှာ အတူနေသူ သုံးယောက်ရှိသည်။ နှစ်ယောက်ကအမျိုးသား၊ တစ်ယောက်က အမျိုးသမီး၊ ယောက်ျားရင့်မာကြီးနှစ်ယောက်ရှိပေမယ့် သူတို့လည်း ဘာမှ မတတ်နိုင်၊ သူတို့ သုံးယောက်ကို ပါးစပ်အဝတ်ဆို့ပြီး ခြေရော၊လက်ပါ ကြိုးနှင့် တုပ်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားကြသည်။

သူ အိမ်ပြန်ရောက်သည့်အခါ မရှုမလှ သေဆုံးနေကြသည့် မိဘနှစ်ပါး၏ ရုပ်အလောင်းများကိုသာ တွေ့လိုက်ရသည်။ ဆို့နင့်ကြေကွဲ ဖွယ်ရာမြင်ကွင်း။ ရှိုက်ကြီးတငင် ငိုကြွေးခြင်းဖြင့် ဆုံးစည်းလိုက်ရသည်။ ပူဆွေးသောကကို ပိုက်ထွေးလိုက်ရသည်။ ထိုမှတစ်ပါး မည်သို့မှ မတတ်နိုင်။

ဓားပြများနောက်သို့ သူတို့ပိုင် အဖိုးတန် စိန်တွေပါမသွား။ မီးခံ သေတ္တာထဲတွင် အလွယ်တကူထားသည့် သူတို့ပိုင်ရတနာပစ္စည်း အနည်း အကျဉ်းနှင့် အပေါင်ခံပစ္စည်းများသာ ပါသွားသည်။ သူတို့ပိုင် အဖိုးတန် စိန်ထည်များနှင့် ရွှေထည်ပစ္စည်းများ သီးခြားထားသည့် လျှို့ဝှက်နေရာကို သူသိသည်။ ထိုနေရာမှာ ခြေရာလက်ရာမပျက် ရှိနေသည်။

အသေအရှင်ဖမ်းမိ ဓားပြများထံမှ ပစ္စည်းအတော်များများကို လည်းပြန်ရလိုက်သည်။ ပစ္စည်းတွေ မဆုံးရှုံးသော်လည်း အစားထိုး၍ မရနိုင်သည့် မိဘနှစ်ပါးစလုံးလည်း ဆုံးရှုံးသွားသည်။ ထိုစဉ်က သူ၏ အသက်မှာ ဆယ့်ခုနစ်နှစ်ကျော်ရုံပဲရှိသေးသည်။ အရွယ်နှင့်မလိုက်အောင် ပူဆွေးသောက အရှိန်တက်နေသောကြောင့် ဖြေအုံ့ဆဲဆဲ ဆယ်တန်းစာ မေးပွဲကို မဖြေလိုက်ရ။

မိဘတွေက ချမ်းသာသမျှ ပစ္စည်းအားလုံးကို သူတစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ခွင့်ရလိုက်သည်။

"လူတွေကတော့ ကျုပ်ကို သိပ်ကံကောင်းတယ်လို့ ပြောကြတာ ပေါ့လေ။ ဓားပြတွေလက်ချက်နဲ့ အသက်ပါမသွားတာကို ရည်ရွယ်ပြီးပြော တာတော့ ဟုတ်မယ်မထင်ဘူး။ မိဘအမွေအနှစ်တွေ တစ်ဦးတည်းဆိုက်



www.burmeseclassic.com

www.burmeseclassic.com



အကိုရည်စူးပြီး သိပ်ကံကောင်းတယ်လို့ ပြောကြတာ ဖြစ်မှာပါ။ တကယ်တော့ ကျုပ်ကံဆိုးမိုးမှောင်ကျဖို့ ဖန်တီးလာတဲ့ အခြေအနေဆိုတာကို ကျုပ်သည်းမသိခဲ့ပါဘူး။ ကျုပ်ဟာ လူကောင်းတစ်ယောက်ဘဝကနေ သူများတွေ လက်ညှိုးထိုးခံ လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ရတယ်။ အဓိကအကြောင်းကတော့ ကျုပ်ရဲ့ မိုက်မဲမှုလို့လဲ ဆိုရမှာပေါ့"

အဘညာဏ်မှက ဤသို့ပြောနေစဉ်မှ ပြောလက်စ စကားကို ရပ်ပြီး ရီဝေသောမျက်လုံးများဖြင့် အဝေးဆီသို့ လှမ်းမျှော်ကြည့်နေသည်။ အတိတ်၏ပုံရိပ်များ ပြန်လည်ထင်ဟပ်လာသည့်သဘောဆောင်သည်ဟု ဆိုရမည်ထင်သည်။

သူကလည်း အလိုက်တသိ ငြိမ်သက်စွာပင် ထိုင်နေလိုက်သည်။ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက် ကြာတော့မှ သက်မကို ဖြည်းညင်းစွာချပြီး ပြောလက်စစကားကို ဆက်ပြောခဲ့သည်။

"ကျုပ်ဟာ လူ့ကျင့်ဝတ်နဲ့ လူမှုရေးကို လွန်လွန်ကျူးကျူး ဖောက်ဖျက်ခဲ့တယ်လေ။ ကျုပ်ကျူးလွန်ခဲ့တဲ့ လူ့ကျင့်ဝတ်ဖောက်ပြန်မှုဟာ ကျုပ်ကိုသာမကဘူး။ တစ်သက်တာမက ပစ္စည်းတွေ ထားရစ်ပေးခဲ့ရှာတဲ့ မိဘတွေရဲ့ဂုဏ်သရေကိုပါ ညှိုးနွမ်းစေခဲ့တယ်။ ဒါတွေက မိုးလွန်မှ ထွန်ချဆိုသလို နောက်မှ သိခဲ့တာပါ။ ကျုပ် အပျော်ကျူးနေတုန်းကတော့ ဒါတွေကို ဘယ်သတိရမလဲ။ ငါလိုလူဆိုတဲ့မာနထောင်လွှားမှုနဲ့ မာန်တက်ခဲ့တာပေါ့"

မိဘနှစ်ပါး၏ အသုဘကိစ္စပြီးသည့်နောက် ဖခင်ကြီး၏ ညီအရင်းဖြစ်သူ ဦးလေးက ဆက်လုပ်ရမယ့် မိဘလက်ငုတ် လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး လမ်းညွှန်ဆွေးနွေးပြီး သူ့အကူအညီလိုအပ်ရင် အချိန်မရွေး ပြောဖို့ ပြောဆိုပြီး ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်သူကလည်း သူ့ဖခင်ကြီးလောက် မဟုတ်စေကာမူ သူလည်း လူချမ်းသာစာရင်းဝင်တစ်ယောက်ဖြစ်သည်။ လောလောလတ်လတ် သူ့အတွက် အဖော်ရစေရန်ဆိုပြီး ဦးလေးဖြစ်သူ၏သား သူ့အစ်ကို တစ်ဝမ်းကွဲကိုထားခဲ့သည်။ အစ်ကိုဝမ်းကွဲက သူ့ထက် အသက်ခြောက်နှစ်ကျော်ကြီးသည်။ သူက သောက်သောက်စားစား ပျော်ပျော်ပါးပါး နေတတ်သည့် အစုံသမား။

လောင်းကစားဘက်မှာ အတော်လေး ကျွမ်းသလို မိန်းမကိစ္စဘက်မှာလည်း အတော်ကြီး နှံ့နှံ့စပ်စပ်ရှိသည်။ အကောင်းဘက်မှာ မထွန်းပေါက်သော်လည်း မကောင်းဘက်မှာ အတော်ကြီးထွန်းပေါက်သူဟု ဆိုရမည့်သူမျိုး။ ဒါပေသည့် သူက တေတေပေပေ နေသူတော့မဟုတ်။

သူ့ဖခင်ကြီးခိုင်းသမျှ စီးပွားရေးလုပ်ငန်းတွေကို လုပ်သည်။ ဖခင်ကြီးမျက်ကွယ်မှာ နေချင်သလို နေသည်။ အဘဉာဏ်က မရှုမလှသေဆုံးသွားသည့် မိဘများအတွက် စိတ်ထိခိုက်ပြီး ဘယ်ကိုမှမထွက်ဘဲ အိမ်တွင်းအောင်းပြီး တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည်။ ဦးလေးဖြစ်သူက တူတော်မောင်ကို ထိန်းပေးရန်အတွက် သားဖြစ်သူကို အဖော်အဖြစ် ထားခဲ့ခြင်းဖြစ်၏။

သူ့အစ်ကို တစ်ဝမ်းကွဲဖြစ်သူကို ထိန်ဝင်းက ဖိုးကျိုင်းတုတ်ဖြစ်သွားသည်။ ခွက်ပုန်းဆွဲစရာမလိုတော့။ လွတ်လွတ်လပ်လပ်ကြီး ပလောင်ထင်းဖို့ အခွင့်အရေးရသွားသည်။ တဖြည်းဖြည်း ညီဖြစ်သူအား သူ့ခွင်ထဲပါလာအောင် ဆွဲသွင်းခဲ့သည်။

စိတ်ညစ်နေသူကို စိတ်ရွှင်လာအောင် စိတ်အားငယ်နေသူကို တက်ကြွလန်းဆန်းလာအောင် စိတ်လေးပြီး ရင်မလင်းဖြစ်နေသူကို



www.burmeseclassic.com

www.burmeseclassic.com



နဲ့အားအားပြီး ရင်ရှင်းအောင် အကျိုးဆောင်ပေးနိုင်သည့် သစ္စာရှိသော အောက်မွန်မှာ အရက်မှတစ်ပါး အခြားမရှိဆိုသည့် အရက်၏ အထာသဘောကို နားဝင်ပြီး နားကြောစိမ့်လာအောင် အာဝဇ္ဇန်းပေးခဲ့သည်။

ပေးလ်အေးဘီယာတစ်ခွက်လောက် အမြည်းစမ်းရသောက်ကြည့်ဖို့ တိုက်တွန်းခြင်းဖြင့် စခဲ့သည်။

"ယောက်ျားဆိုတာ အရွယ်ရောက်လာရင် မလုပ်ဖူးတာမရှိအောင် လုပ်စမ်းကြည့်ရတယ်ကွ။ စွဲစွဲမြဲမြဲ မလုပ်ချင်နေ။ အစမ်းအသပ်သဘောလောက်တော့ ကိုယ်တိုင်ခံစားဖူးမှ သူများဆရာလုပ်တာ၊ သူများကြောတာတို့ မခံရတာကွ အထူးသဖြင့် မင်းတို့လို အရွယ်ရောက်လာတဲ့ မန္ဒးမနပ်တွေဟာ မိန်းမတွေရဲ့အထာသဘောကို နောကြေထားမှ ကိုယ်က ခံကြောနဲ့လွတ်မှာ။ အသည်းကွဲတယ်ဆိုတာ သူတို့ရဲ့ အထာသဘောကို နောမကြေလို့ အသည်းကွဲတာ။ သူတို့ကို စစ်တုရင်ခုံပေါ်က အရုပ်ကလေးတွေလို ကိုယ်လိုချင်သလို အရွှေ့အပြောင်းလုပ်နိုင်ရင် မင်းတစ်သက်မှာ ဘယ်တော့မှ အသည်းမကွဲဘူး"

ကိုထိန်ဝင်းလေကြောက ပင့်ကူအိမ်သို့သဖွယ် ရှိခဲ့ရာ ယင်ကောင်အငယ်စားလေး မောင်ဉာဏ်ဖေမှာ ကိုထိန်ဝင်း၏ ပင့်ကူအိမ်ထဲမှ ပြန်လည်၍ ရုန်းမထွက်နိုင်တော့ပေ။ ပင့်ကူအိမ်၏ ရစ်ပတ်နှောင်ဖွဲ့မှုကို ခံလိုက်ရတော့၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ကျုပ်ပဲလေလို့ ဆိုရမလို။ ကိုထိန်ဝင်းက တစ်ထွာလောက် ပြလိုက်ရင် ကျုပ်က တစ်တောင်မက နှစ်တောင်သုံးတောင်လောက်တောင် လုပ်ဖစ်လိုက်တာ ထိန်းကွပ်ကြပ်မတ်မယ့် လူကြီးမိဘတွေလည်းမရှိ၊ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံဆိုတော့ ဘာလုပ်ချင်သလဲအကုန်ဖြစ်နေတယ်လေ။ ဒီတော့လဲ သူ့ထက်ကဲဆိုသလို ဖြစ်ကုန်တော့တာပေါ့"

အရက်ဆို အကောင်းစားမှ သောက်သည်။ လောင်းကစားဆိုကြေးကြီးဝိုင်းမှထိုင်သည်။ မိန်းမနှင့်ပတ်သက်ရာတွင် တွေ့မရှောင်စည်းမစောင့်။ လူ့ကျင့်ဝတ်ကို မထိန်းသိမ်းတော့ဘဲ လူမှုရေးဖောက်ဖျက်မှုမှန်သမျှကို အစွမ်းကုန်လုပ်ခဲ့သည်။

သူဌေးကလေးဆိုသည့် အခေါ်အဝေါ်ကို မိန်းမောပြီး ခြွေရံသင်းပင်း အပေါင်းအသင်းများနှင့် အပျော်အပါး ဟူသမျှ သူပါမှပြီးဆိုသလို သုံးဖြုန်းနေထိုင်ခဲ့သည်။ မိဘဖြစ်သူများ၏ နှစ်ပေါင်း သုံးလေးဆယ်ရှာဖွေစုဆောင်းခဲ့သည့် ငွေကြေးများမှာ သူ့လက်ထက်တွင် ငါးနှစ်တောင်ခံပါ့မလားဟု ပြောရမည့်တိုင်အောင် ကုန်ခန်းလျော့ပါးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆို အတည်မထားတတ်သည့် သူညာဉ်အတိုင်း [illegible]ခမ်းပါးသည့် ငယ်ချောလေးတစ်ယောက်ကို ငွေနှင့်ပေါက်ပြီး အပျော်[illegible]ခဲ့ရာ မိန်းကလေး၏ အစ်ကိုဖြစ်သူ သိသွားရာမှ ပြဿနာပေါ်ခဲ့သည်။

မိန်းကလေး၏ အစ်ကိုဖြစ်သူက မဟုတ်မခံသမျှား။ နှမဖြစ်သူကိစ္စအတွက် ပြဿနာရှင်းကြရင်း လက်ရောက်မှုတွေ ပါကုန်သည်။ ဟိုကတုတ်နှင့် သူကဓားနှင့်။ သူက ခေါင်းကွဲသည်။ မိန်းကလေး၏အစ်ကိုဖြစ်သူမှာ သူ၏ဓားချက်ဖြင့် ဆေးရုံမှာ သုံးရက်ပဲ ခံလိုက်သည်။ လူသတ်မှု။

အသိုင်းအဝိုင်းအားနှင့် လိုက်သည့်တိုင် ထောင်ဒဏ် ဆယ်နှစ်ကျခံလိုက်ရသည်။ စစ်ကြီးမဖြစ်မီကလေး တစ်ကျွန်းသို့ ရောက်သွားသည်။ တစ်ကျွန်းသို့ ရောက်သွားသည်မှာ ချမှတ်ခံရသော ပြစ်ဒဏ်ကြောင့် ရောက်သွားရသည် မဟုတ်ဘဲ သူ၏ဆန္ဒသဘောအလျောက် သက်ဆိုင်ရာသို့ ဝင်လျှောက်ထားပြီး ရောက်သွားရခြင်းဖြစ်၏။

ရေခြားမြေခြား တစ်ကျွန်းခေါ် ပို့ဗလဲယားသို့ သွားလိုသည်မှာ အကြောင်းမဲ့တော့ မဟုတ်။ သူ့မှာ အကြောင်းရှိသည်။ ထောင်ထဲရောက်ပြီးမှ ထောင်သားအချင်းချင်း ပြောကြသည့် တစ်ကျွန်းအကြောင်းကို ကြားသိခဲ့ရသည်။ တစ်ကျွန်းမှာ လွတ်လွတ်လပ်လပ်နေရသည်။ နေ့တစ်ဝက်အစိုးရအတွက် အလုပ်လုပ်ပေးရသည်။ ကျန်နေ့တစ်ဝက် ကိုယ်ပိုင်ဝင်ငွေရသည့် အလုပ်ကိုလုပ်နိုင်သည်။

ကိုယ့်အိမ်က ပိုက်ဆံပို့နိုင်ရင် မာမူနီကြေးခေါ် ထောင်ဝန်ထမ်းနှင့် အလုပ်ကြပ်များကို လာဘ်ထိုး၍ အလုပ်ခွင်သို့ သွားရပေမယ့် အလုပ်မလုပ်ဘဲနေလို့ရသည်။ ကိုယ့်မှာ ပိုက်ဆံရှိလျှင် ထောင်ထမင်းဟင်းကို မစားဘဲအပြင် ထမင်းဟင်း ဝယ်စားလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်ဆိုင် မျိုးစုံရှိသည်။ လူသုံးကုန်ပစ္စည်းမျိုးစုံ ရောင်းသည့် ဈေးကြီးရှိသည်။ ပိုက်ဆံရှိရင် စားချင်တာစား၊ ဝယ်ချင်တာ ဝယ်လို့ရသည်။ အိမ်က ပို့ပေးသည့်ငွေကို လွတ်လွတ်လပ်လပ် ကိုင်တွယ် သုံးစွဲနိုင်သည်။

တစ်ခွက်တစ်ဖလား မော့မလား၊ အရက်ရောင်းသည့် ဆိုင်ရှိ သည်။ ဝယ်လို့ရသည်။ သောက်လို့ရသည်။ ဘီစင်ခေါ် နေထိုင်ရသည့် တန်းလျားတွင် မာမုနီကြေးပေးပြီး ကစားသည့် ဖဲဝိုင်းတွေရှိသည်။ ပိုက်ဆံရှိ ရင် ဖဲရိုက်မလား၊ အရက်သောက်မလား ရသည်။ အိမ်က မိန်းမကို ခေါ်လို့ ရသည်။ ဟိုက မိန်းမကိုလည်း ယူလို့ရသည်။

နောက်ဆုံး နတ်သမီး တစ်ဖက်ငါးရာနှင့် ဇိမ်ရစ်ချင်ရင် ဘိန်းရှူ မလား၊ ဘိန်းမြိုမလားရသည်။ အိမ်ထောင်ရှိသူတွေအတွက် သီးခြားအိမ် ဆောက်ပြီးနေစေသည်။ ဒီလို တစ်ကျွန်းအကြောင်း သိကောင်းစရာတွေ ကြားရတော့ ကိုဉာဏ်ဖေ ဘယ်နေနိုင်တော့မှာလဲ။

သူသုံးဖြုန်းတာနှင့် အမှုအတွက် ကုန်ကျတာတွေကြောင့် အတွင်းပစ္စည်းတွေ ကုန်လုခမန်းရှိသွားသော်လည်း တိုက်ကြီးတစ်လုံးလုံး ကျန်သေးသည်။ ဦးလေးဖြစ်သူကို လွှဲပြောင်းပေးလိုက်လျှင် ငွေဖြစ်လာ မည်။ သူ့မှာ တွယ်တာစရာ သံယောဇဉ်မရှိ။

တိုက်ကို လွှဲပြောင်းပေးရာမှ ရရှိလာမည့် ငွေကြေးဖြင့် သူ၏ ထောင်ဒဏ်ကျခံရမည့်နှစ်ကို တစ်ကျွန်းတွင် ကုန်လွန်စေရန်အတွက် တစ် ကျွန်းသို့သွားရောက်လိုကြောင်း လျှောက်လွှာတင်ခဲ့သည်။ ပေးစရာ ကမ်း စရာရှိသူများကိုလည်း ပေးကမ်းခဲ့သည်။ ဤသို့ဖြင့် တစ်ကျွန်းမြေ ပို့ဗလ ယားရှိ စီလုလာ အကျဉ်းထောင်သို့ ရောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စီလုလာထောင်တွင် တစ်ပတ်နေပြီးနောက် တစ်ကျွန်းရောက် အကျဉ်းသားများအား ထားရှိရာ ဘီစင်ခေါ် လွတ်လပ်စွာ နေထိုင်ခွင့်ရသည့် တန်းလျားသို့ ပြောင်းရွှေ့ခဲ့ရသည်။ ရောက်ခါစလူသစ်ဆိုတော့ အကြံအဖန် လုပ်လို့မရသေး။

သစ်ခုတ်အလုပ်ခွင်သို့ ဝင်ခဲ့ရသည်။ သေချင်စော်နံအောင် ပင်ပန်းသည်ဟု ပြောရမည်သော လုပ်ငန်းခွင် အတွေ့အကြုံကြောင့် တစ်ကျွန်းသို့ ပြောင်းရွှေ့ခဲ့သည်မှာ အမှားကြီး မှားသွားလေပြီလားဟု အထင်ရောက်ခဲ့ရသည်။

မွေးကတည်းက လက်ကြောတင်းအောင် ဘာမှ မလုပ်ခဲ့ဖူးသော သူ့အတွက် သေချင်စော်နံအောင် ပင်ပန်းသည်ဟု ဆိုရစေကာမူ အခြားသော တစ်ကျွန်းရောက် အကျဉ်းသားများမှာ မည်သို့မှ မထူးခြားဘိသို့ သီချင်းတအေးအေး စကားတပြောပြောဖြင့် လုပ်ငန်းခွင်ဝင်သည့် နေ့တစ်ဝက်အချိန်ကို အလွယ်တကူပင် ကုန်လွန်ခဲ့ကြသည်။

တစ်လလောက်နေပြီးနောက် အကြံအဖန်ကိစ္စ အဆင်ပြေသွားသောကြောင့် ကိတ္တိတစ်ယောက်လို မနေရ၊ မလုပ်ရတော့။ ဖရီးတစ်ယောက်လို နေရထိုင်ရသည်။ တစ်ကျွန်းမှာ ထောင်ကျကို ကိတ္တိလို့ခေါ်သည်။ အရပ်သားကို ဖရီးလို့ခေါ်သည်။

"ကျုပ်ရဲ့ တစ်ကျွန်းခံဘဝက အတော့်ကို ပြေလည်ပါတယ်။ စားရေးရော၊ နေရေးရော အကျဉ်းသားတစ်ယောက်လို မနေရ မစားခဲ့ဘူး။ အဲဒီမှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျပြီး ကျွန်းကိုရောက်နေတဲ့ ဆရာစံရဲ့ ဂျင်နရယ်ဗိုလ်ဦးရွှေကျော်နဲ့ ခင်မင်ရင်းနှီးခဲ့ကြတယ်။ ကျုပ်ကလည်း အဘဦးရွှေကျော်ကို အများကြီး အကူအညီပေးခဲ့တယ်။ အဲဒီအတွက်

ရွှေမှုံမွှါး ၁၁၁၉

www.burmeseclassic.com

www.burmeseclassic.com


ဦးရွှေကျော်က သူတတ်ကျွမ်းတဲ့ ဗေဒင်ပညာနဲ့ အင်္ဂဝိဇ္ဇာ အဟောပညာကို သင်ပေးခဲ့တယ်။ မောင်ရင့်ကို ကျုပ်ပြောလိုက်တာဟာ အင်္ဂဝိဇ္ဇာနည်းနဲ့ ကြည့်ပြီးပြောလိုက်တာ။ အကြားအမြင် တို့ ဘာတို့နဲ့ ပြောတာမဟုတ်ဘူး။ အဲဒါတွေကို ယုံလဲမယုံနဲ့။ သားမယားနဲ့ အတူနေတယ်။ သီလလည်း မစင်ကြယ်ဘူး။ လောကီရေးရာကိစ္စတွေနဲ့ ရှုပ်ထွေး ရစ်ပတ်နေတယ်။ အဲဒီလို လူသားတစ်ယောက်က တစ်နေ့တစ်နာရီလောက် ပုတီးစိပ်ရုံနဲ့ အကြားအမြင်ရပြီး ဟောတယ်ဆိုတာကို ဟိုဒင်းစားပြီးပြောတောင် မယုံနဲ့။ ကျုပ်ဟောဒီမှာ သီလဆောက်တည်ပြီး အချိန်နဲ့အမျှ ပုတီးစိပ်တရား ထိုင်ပြီး သမာဓိတည်ဆောက်နေတာ ခြောက်နှစ်ကာလထဲရောက်နေပြီ။ ဘာမှ မဖြစ်သေးဘူး။ ဘာမှ မရသေးဘူး။ လူတိုင်းမှာ အကြားနဲ့အမြင် ရှိတယ်။ အဲဒါမွေးရာပါပဲ။ နားကောင်းရင်ကြားတယ်။ မျက်စိကောင်းရင် မြင်တယ်။ ကျုပ်ဘာယ်သူ့ကိုမှ ပုတ်ခတ်တာမဟုတ်ဘူးနော်။ စဉ်းစားဖို့ တွေးခေါ်ဖို့ ပြောတာ။ ဂန္ဓာရီဝိဇ္ဇာပညာနဲ့ ဟောတာပြောတွာဟာ ဘယ်လိုမှ မဆက်နွယ်ဘူး။ ဘယ်လိုမှလည်း မပတ်သက်ဘူး။ ဂန္ဓာရီဝိဇ္ဇာပညာကျင့်စဉ်က မြင့်မြတ်တယ်။ ကျယ်ပြောတယ်။ နက်နဲတယ်။ ခက်ခဲတယ်။ ခုတော့ ဂန္ဓာရီဝိဇ္ဇာပညာကို အလွယ်ပြောအလွယ်လုပ်ပြီး နဖူးစီးတပ်ရုံမဟုတ်ဘဲ ဘိုးတော်အမည်ခံပြီး သူတို့ ဘော်တိုးရေးအတွက် လိမ်လည်လှည့်ဖြားတဲ့ နည်းလမ်းအသွယ်သွယ်နဲ့ မဟုတ် မဟပ်တွေ လုပ်နေကြတယ်။ မောင်ရင် အဲဒါမျိုးတွေနဲ့ ပေါင်းစပ်ပြီး ပုတီးစိပ် ရင် ကုသိုလ်မဖြစ်ဘူး။ အရှောင်းပဲ အဖတ်တင်လိမ့်မယ်"

အဘဉာဏ်က သူ့အမြင်နှင့်အတွေးအခေါ်ပိုင်းတို့ ဤသို့ ပြောခဲ့သည်။ သူက အဘဉာဏ်ကို စိတ်မဆိုးဖို့ တောင်းပန် ခွင့်ပန်ပြီး


www.burmeseclassic.com

www.burmeseclassic.com


အဘညာဏ်ခါ လက်ရှိကျင့်ကြံအားထုတ်မှုနှင့် ပတ်သက်၍ ဂိုဏ်းဂဏ ဆိုင်ရာနှင့် ဆက်နွယ်မှု ရှိမရှိ မေးမြန်းကြည့်ခဲ့သည်။

အဘညာဏ်က ဂိုဏ်းဂဏလိုင်း လုပ်ငန်းကို သူလုပ်နေခြင်း မဟုတ်ကြောင်း၊ သူ့အပေါ်မှာ တင်ရှိနေသည့် အကုသိုလ် ကြွေးများကို ဘာဝနာသမ္မာသော ကုသိုလ်မှုပြု၍ ပေးဆပ်နေခြင်းဖြစ်ကြောင်း၊ သီလကို လုံခြုံအောင်ထိန်းသိမ်းပြီး ဒါနလည်းမြောက်၊ သီလလည်းဆောက်၊ သမထ လည်းပေါက်ဆိုသည့် လုပ်ငန်းကို ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အတွေးအခေါ် ဖြင့်လုပ်နေခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ကျုပ်သီလ ဆောက်တည်နေတာကို လေးစားကြည်ညိုသူတွေ က ကျုပ်ရဲ့စားသောက်မှုအတွက် လိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား၊ မြေပဲ၊ လက်ဖက်၊ ငှက်ပျောသီး စတာတွေကို ထောက်ပံ့ကြတယ်။ ကျုပ်က သူတို့ ကို ပေဒင်တွက်ပေးတယ်။ မေတ္တာပို့ပေးတယ်။ တခြား ဘာဖြစ်စေ၊ ညာ ဖြစ်စေဆိုတာမျိုး အပြလုပ်ငန်းတွေနဲ့ လှည့်စားတာမျိုး ဘာမှမလုပ်ဘူး။ ကဲ မောင်ရင် ဘာသိချင်သေးသလဲ"

"သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဓာတ်စခန်း ဘာညာဆိုတာတွေအကြောင်း အဘသိရင် ပြောပြပေးပါဦး။ ဗဟုသုတအဖြစ် သိချင်လို့ပါအဘ"

"သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ဆိုပြီး စားပေါက်ထွင်ဖို့အတွက် ကိုယ့်ဟာ ကိုယ် နာမည်တပ်နေကြတာပါ။ သိဒ္ဓိ၊ မဟိဒ္ဓိ ပေါက်မြောက်မှတော့ နောက်တစ်စခန်းတက်ဖို့ပဲ ရှိတာပေါ့။ ဟောတာပြောတာတွေ ဘာလုပ်နေ စရာလိုမလဲ။ ပြီးတော့တစ်မျိုး လာပြန်တာက ဓာတ်စခန်း။ မောင်ရင် အလွယ်နဲ့ သဘောပေါက်အောင် ပြောလိုက်မယ်။ နတ်နန်းဆိုတဲ့ အသုံးအ နှုန်းကနိမ့်တယ်။ လူတွေ အထင်ကြီးပြီး အဆင့်ပိုမြင့်အောင် ထွင်လိုက်


www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ ခေတ်ပေါ်အသုံးအနှုန်းက ခတ်စခန်း၊ ပထဝီ၊ တဇော၊ အာပေါ၊ ဝါယောခတ်ကြီးလေးပါးက အမှန်ရှိတာ။ ဘုရားဟောမှာလည်း ပါတယ်။ အဲဒီခတ်ကြီးလေးပါးအပြင် ဘာခတ်မှမရှိဘူး။ ခတ်မရှိရင် ခတ်စခန်းသည်းဘယ်ရှိမလဲ။ မောင်ရင်ကလည်း အမေးထူး၊ ကျုပ်ကလည်း အပြောဘျူးဆိုသလိုများ ဖြစ်ကုန်ပလား မသိဘူး"

"ဟုတ်ကဲ့ပါအဘ။ ကျွန်တော် ထပ်မမေးတော့ပါဘူး။ အဘအတွက် ဝန်မလေးဘူးဆိုရင် ဗေဒင်နဲ့ အင်္ဂဝိဇ္ဇာအဟောပညာသင်ပေးဖို့ အနူးအညွတ် တောင်းပန်ပါရစေအဘ"

အဘဉာဏ်က သွဲ့သွဲ့အပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။ တစ်ပတ်မှာနှစ်ရက်၊ အဘဉာဏ်ထံမှာ ပညာယူခဲ့သည်။ နှစ်နှစ်နီးပါး ကြာမြင့်အောင် ဗေဒင်နှင့် အင်္ဂဝိဇ္ဇာအဟောပညာကို သင်ယူခဲ့ပြီးနောက် . . . ။

✣ ✣ ✣

ရွှေမှုံပွါး ဓာဓပ

www.burmeseclassic.com

www.burmeseclassic.com



[ ခုနစ် ]

လွင်ဦး ရန်ကုန်သို့ ပြန်လည် ပြောင်းရွှေ့ရန် အမိန့်ထွက်လာသည်။ ထိုသို့ ပြန်လည်ပြောင်းရွှေ့ရန်အတွက် သူက မကြိုးစားခဲ့။ သူက လက်ရှိနေရာတွင် ပျော်မွေ့နေသည်။ ပုတီးစိပ်အားလည်း အတော့်ကို ကောင်းနေပြီ။ အဘညာဏ်က လောကီရေးနှင့် အထိုက်အလျောက် ဆက်နွယ်နေသည့် ပုတီးစိပ်နည်းနှင့် လမ်းမဆုံးစေရန် တရားထိုင်ခိုင်းသည်။

တရားထိုင်သည့်အခါ ဦးစွာပထမပြုရမည့် ကိစ္စမှာ စင်ကြယ်သော သီလ၊ ဆောက်တည်မှုခိုင်မြဲရမည်။ သီလခိုင်မှ သမာဓိပိုင်မည်။ သမာဓိပိုင်မှ ဘာဝနာညာဏ်ကို ခွဲခြမ်းစိတ်ဖြာနိုင်မည်ဆိုသည်ကို လမ်းညွှန်ပြောပြခဲ့သည်။ သူနှင့်အတူတွဲ၍လည်း တရားအားထုတ်စေခဲ့သည်။

ထိုသို့သော အခြေအနေမှ မမျှော်လင့်ဘဲ ပြောင်းရွှေ့မိန့်ရောက်လာသောကြောင့် မပြောင်းလည်းခက်၊ ပြောင်းလည်းခက် ဖြစ်သွားရသည်။ သူကမပြောင်းချင်။ နိုင်ငံ့ဝန်ထမ်းဆိုတာက ကိုယ့်ဆန္ဒဖြင့် လုပ်ပိုင်ခွင့်မရှိသောကြောင့် ဖြစ်သည်။ အဘညာဏ်ကလည်း ပြောင်းမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာမှတစ်ပါး အခြားကိုးကွယ်အားထားစရာ မရှိဆိုတာကို သေတစ်ပန်သက်တစ်ဆုံး နှလုံးပိုက်ပြီး လမ်းကြောင်းမှန်ကို လျှောက်ပေတော့" ဟု ဆုံးမဩဝါဒစကားပြော၍ သူစိပ်နေသည့် ပုတီးကို လက်ဆောင်ပေးလိုက်သည်။

သူကလည်း ယောဂီဝတ်စုံတစ်စုံနှင့် အဘဉာဏ်လိုအပ်သလိုသုံးရန် ဆေးမျိုးစုံ ငါးရာဖိုးခန့် ဝယ်ယူကန်တော့ခဲ့သည်။ ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်း ဦးကြည်မောင်ထံမှ စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းစကားကို ကြားလိုက်ရသည်။ ချယ်ရီတစ်ယောက် နောက်အိမ်ထောင်ပြု၍ မန္တလေးသို့ ပြောင်းရွှေ့သွားပြီဆိုသောသတင်း။

သူ့အတွက် မကောင်းသတင်းဟု ဆိုနိုင်ရာသလို ကောင်းသတင်းဟုလည်း ပြောနိုင်ရာသည်။ ချယ်ရီတို့သားအမိ သူ့အပေါ်ထားသည့် သဘောထား မဖြောင့်မတ်စေကာမူ ချယ်ရီ့အပေါ် ထားခဲ့သည့် သံယောဇဉ်မှာ သူ၏ နှလုံးသားတွင် ခိုင်ကျည်လျက်ပင် ရှိသေးသည်။

သို့တစေ သူတို့နှစ်ယောက် ပြန်လည်ပေါင်းစပ်ရန် အခြေအနေမရှိတော့ပြီကို သိပါလျက် ခုလိုကြားသိလိုက်ရတော့ ရင်ထဲမှာ နာကျင်သလို ခံစားလိုက်ရသည်။ ပြန်လည်ဆုံဆည်းရန် မဖြစ်နိုင်သူနှင့် တွေ့ဆုံရန်အကြောင်း မရှိပြီဆိုသော အသိက သူ၏စိတ်ကို သက်သာမှုရစေပြန်သည်။

ရန်ကုန်မှာရှိနေလျှင် တစ်နေ့မဟုတ်တစ်နေ့ မလွဲမသွေ ဆုံစည်းရမည်။ ခုတော့ ဆုံစည်းစရာ မရှိတော့သလို ခံစားမှု အသစ်တစ်ဖန်ပြန်လည်ဖြစ်စရာလည်း အကြောင်းမရှိတော့။ ချယ်ရီက အလုပ်ထွက်ပြီး ဒုတိယအိမ်ထောင်ဖက်နောက်သို့ အပြီးအပိုင် လိုက်သွားပြီ။ ဟိုမှာ အခြေ


www.burmeseclassic.com

www.burmeseclassic.com



ခုနေသည့်ကြောင်းတို့ပါ ဆိုလိုက်ရသည်။

မည်သူမည်ဝါနှင့် မည်သို့မည်ပုံ ဒုတိယအိမ်ထောင်ဆက်အကြောင်း ဖက်လိုက်ပုံကို အပြည့်အစုံ သိလိုက်သည့်အခါ ဩော် . . . ကြောင့်ကိုးလို့ မှတ်ချက်ပြုလိုက်ရသည်။ ချယ်ရီ၏ နောက်အိမ်ထောင်ဘက်မှာ ပညာအခြေခံနည်းပြီး ရုပ်ရည်မသားနားသော်လည်း ဘဝအခြေအနေသားနားသည်။ သူက အစိမ်းကိုင်သမား။ အစိမ်းခေတ်ကောင်းကို မိလိုက်သလို ကံလည်းလိုက်သည်။

တကယ့်ကျောက်ပဂေးတွေက ဘယ်လိုမှ မပွင့်နိုင်ဟု ခါပစ်လိုက်သည့် ကျောက်မျိုး သူ့လက်ထဲရောက်ရင် ပွင့်ထွက်သွားသည်။ အောက်ဈေးနှစ့်ရသည့် သောင်းကျောက်မှာ သူ့လက်ထဲရောက်သည်နှင့် အနည်းဆုံးသိန်းကြီးကျောက်တန်းဝင်သွားစမြဲရှိသည်။ လူပွဲစားမတစ်ယောက်နှင့် ချိတ်ဆက်မိခဲ့သူ ဒေါ်မေစီ၏ အစီအစဉ်ဖြင့် အလုပ်ဖြစ်သွားသည်။

သူနယ်သို့ရောက်နေစဉ် ချယ်ရီ့အဖေရောဂါသည် ဦးဘအောင် ကွယ်လွန်သွားသည်။ ခု ဒေါ်မေစီပါ မန္တလေးကိုလိုက်သွားပြီး သမက်ဆင်သည့် စိန်နားကပ်ကြီးနှင့် ပါးပြောင်နေပြီ။ ရန်ကင်းတိုက်ခန်းကို ချယ်ရီ့ယောက်ျားနှင့် ရန်ကုန်ဆင်းသည့်အခါ တည်းခိုနေထိုင်သည့် အခန်းအဖြစ်ထားပြီး မန္တလေး ပြန်သည့်အခါ သော့ပိတ်ထားသည်။

ချယ်ရီနှင့် လုပ်ဖော်ကိုင်ဖက် ချယ်ရီတို့အကြောင်း အတွင်းသိအစင်းသိ နုနုရီ၏ ပြန်လည်ပြောကြားချက်အရ သိရခြင်းဖြစ်၏။ ဒေါ်မေစီတို့က သည်လိုအထာ သည်လိုမျိုးအခြေအနေနှင့် အံဝင်မည့်သူတွေ။ ခုတော့ အံဝင်ခွင်ကျ ဖြစ်သွားကြပါပြီ။ မည်သို့ပင်ရှိစေ သူ့အတွက်လည်း တရားဝင် လွတ်လပ်ခွင့် ရသွားပြီဖြစ်၏။

ရွှေမှုမှီး ဘာဓမ

www.burmeseclassic.com

www.burmeseclassic.com



သူက ဦးကြည်မောင်တို့အိမ်မှာပင်နေသည်။ ညပိုင်း ဘုရားတက်ပြီး ပုတီးစိပ်သည်။ မနက်အစောပိုင်း အိမ်မှာစိပ်သည်။ အဘဉာဏ်ထံမှ သင်ယူခဲ့သည့် ဗေဒင်နှင့် အင်္ဂဝိဇ္ဇာအဟောပညာကို လက်တွေ့အသုံးမချဖြစ်သေး ရှိနေသည်။ သူပြောင်းရွှေ့ရမည့်အမိန့်ထွက်လာသည်အထိ သင်ယူနေသည့် အဟောပညာမှာ ဆုံးခန်းမရောက်သေး။

သို့တစေ ဟောပြောနိုင်သည့်အဆင့်သို့မူ ရောက်နေပြီဖြစ်၏။ ဟောနည်းတော့ရပြီ။ လက်တွေ့ပိုင်းဆိုင်ရာ ပြောနည်းကိုတော့ မလေ့ကျင့်ရသေး။ ဗေဒင်လက္ခဏာဟောသည့်အခါတွင် ပညာပိုင်းဆိုင်ရာထက် အပြောအာဝဇ္ဇန်းက ပိုအရေးကြီးသည်။ လမ်းလျှောက်ဗေဒင်ဆရာ ဘုရားပေါ်က ဗေဒင်ဆရာနှင့် မဂ္ဂဇင်းတို့ တီဗွီတို့မှာ ကြော်ငြာအားပေးနိုင်သည့် တိုက်ကြီးပေါ်က ဗေဒင်ဆရာတို့မှာ ပညာအရာတွင် မကွာခြားသော်လည်း ဟိတ်ဟန်ထည်ဝင့်မှုကွာခြားသည်။ ငွေကြေးရရှိမှု ကွာခြားသည်။

အပြောအာဝဇ္ဇန်းကောင်းပြီဆိုရင်တော့ ပစ်တိုင်းထိ၊ လက်ဖျားငွေသီး ဗေဒင်လက္ခဏာဆရာဖြစ်ဖို့ သေချာသည်။ မေးသည့်သူကို မျှော်စရာမလို။ တစ်ယောက်ကို နာရီဝက်ထက်ပိုပြီး အချိန်မပေးနိုင်သည့် ဟိတ်ဟန်ထည်ဝင့်သော ဆရာကြီးအဖြစ် ရပ်တည်နိုင်ပြီ။ ကိုလွင်ဦးက ရန်ကုန်မြို့ရောက်သည်နှင့် နိုင်ငံခြားထုတ် လက္ခဏာစာအုပ်များကို ဝယ်ယူ၍ လေ့လာခဲ့သည်။

နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ခြေဆန့်ခရီးထွက်နိုင်သော တိုက်ခန်းကြီးကြီးနှင့် ဆယ်သိန်းအထက် ကိုယ်ပိုင်ကားကြီးစီးနိုင်သော ဆရာကြီး၏ သင်တန်းကိုလည်း တက်ခဲ့သည်။ ထောင်ကျော်သင်တန်းကြေးကို အရစ်ကျပေးနိုင်အောင် အတော်ကြိုး ကြိုးစားရသည်။ ဗေဒင် လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



ခပါသူက ခပ်ရှားရှား။ လူတစ်ရာမှာ ကိုးဆယ့်ကိုး ဝါသနာပါ ဆိုရမည်သို့ ရှိကြသည်။

မေးခအကုန်ခံပြီး ဗေဒင်မေးဖို့ကို ဝါသနာထုံမွှေကြသည်။ သူက အလကားပဲတင်း ဖရီးဟောသောကြောင့် မေးသူတွေ ဝိုင်းဝိုင်းလည်နေကြသည်။ သူက နည်းသုံးနည်းစလုံးကို အခြေပြုဟောသည့် အပြင် ပုတီးစိပ်သည့် သမာဓိအားလေးလည်း ထောက်ကူသောကြောင့် သူ၏ဟောချက်ကို သဘောမတွေ့သူ မရှိသလောက်ဖြစ်လာသည်။

မေးသူ အင်အားလျော့မသွား။ အလေ့အကျင့်များလေ ရင့်ကျက်လေဆိုသည့်အတိုင်း သူ၏ဟောချက်မှာ ပစ်တိုင်းထိဖြစ်လာသည်။ အမျိုးသမီးပိုင်းကဆို အိမ်ကို ထမင်းစားဖိတ်ပြီး တစ်အိမ်သားလုံးကို ကြည့်ရှုပေးဖို့ တောင်းပန်ဖိတ်ခေါ်သည်အထိ ဖြစ်လာသည်။ စနေ၊ တနင်္ဂနွေအားလပ်ရက်ဟူ၍ လွတ်လွတ်လပ်လပ် အနားမယူနိုင်။ သူကိုယ်တိုင်တလည်း ဟောပြောနေရသည်ကို ကြည်နူးနှစ်သိမ့်နေသည်။

ဆရာလေး အခေါ်အဝေါ်လည်း တွဲစပ်လာသည်။ တချို့က ငွေမယူသောကြောင့် လုံချည်အင်္ကျီစများကန်တော့ကြသည်။ တဖြည်းဖြည်းနှင့် သူ၏ နယ်ပယ်ပို၍ ကျယ်ဝန်းလာသည်။

"သူက ဗေဒင်လက္ခဏာပညာအစက်သက်နဲ့ ဟောတာမဟုတ်ဘူး။ ပုတီးစိပ်လို့ရတဲ့ သမာဓိအာရုံနဲ့ တွဲစပ်ဟောတာ။ ဒါကြောင့် သူ့ဟောချက်တွေ ထိထိမိမိ ရှိတာပေါ့"

ဆိုသည့် သူတို့ဟာ သူတို့ထင်မြင်ချက်ပေးသည့် အတွဲအစပ်စကားများ ရိုက်ခတ်လာသည်။ တစ်နှစ်တာကာလအတွင်း ငွေကြေးမယူတဲ့ စေတနာအဟောကြောင့် မေးသူကြည့်သူတွေ များသည်အလျောက်



www.burmeseclassic.com

www.burmeseclassic.com


အတွေ့အကြုံ ပြည့်ဝလာသည်။ ဆရာလေးဆိုသည့် အခေါ်အဝေါ်နှင့် ဘလေးတစား ဆက်ဆံလာသည့်အပေါ် သာယာမိန်းမောလာသည်။

ဤသို့ အပျော်တမ်း အဟောအပြောလုပ်နေရာမှ တစ်နှစ်ကျော်ကြာပြီးနောက် သူ့အောက်မှ လုပ်ဖော်ကိုင်ဖက် စာရေးကြီး ကိုမင်းသူက နည်းပေးလမ်းပြ အကြံပြုစကားပြောလာသည်။

ခုလို စေတနာအလျှောက် ဟောပြောနေတာကောင်းတော့ ကောင်းပါတယ်။ ဒါပေမယ့် ပညာတန်ဖိုး ယုတ်လျော့သည်။ အလကား ဟောသည့်အတွက် အလေးအနက်မထားကြ။ တလေးတစား သဘော မထားကြ။ ပေါ့ပေါ့တန်တန် သဘောထားပြီး ပေါ့ပေါ့ပြော ပေါ့ပေါ့မေး မေးနေကြသည်။

ဒီအတိုင်း ဆက်ဟောနေရင် ပေါ့ပျက်ပျက်ကနေ ပေါတော တောဖြစ်သွားလိမ့်မည်။ ထိုက်သင့်သောနှုန်းထားဖြင့် ဟောသင့်ကြောင်း ပြောသည်။

သူက ဒီပညာကို အဘဉာဏ်နှင့်တွေ့ပြီး အကြောင်းသင့်၍ သင်ပေးလိုက်တာဖြစ်ကြောင်း အခကြေးငွေယူပြီး ကြေးစားသဘော စီးပွားရေးသဘောမျိုးလုပ်ရန် မရည်ရွယ်ကြောင်း ခုလိုပဲ ဟောနေတာက ကောင်းလိမ့်မည် ထင်ကြောင်း ကိုမင်းသူကို ရှင်းပြရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဦးကြည်မောင်ကလည်း ပြောသည်။ ခုလို ဟိုလိုက်ဟော၊ ဒီလိုက်ဟော လုပ်နေသည်မှာ အမိပ္ပာယ်ကင်းမဲ့သလို ဖြစ်နေကြောင်း၊ ပညာကို တန်ဖိုးမထားရာလည်း ရောက်ကြောင်း၊ ငွေကြေး မယူသည့်တိုင် မေးသူက ကိုယ့်ဆီမလာဘဲ ကိုယ်က မေးသူနောက် လိုက်ဟောနေသည်မှာ အပေါစားဆန်ကြောင်းမလုပ်ရင်အရှင်း၊ လုပ်ရင်အပြေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] မလုပ်သင့်ကြောင်းနှင့် ဟောပြောခယူသင့်ကြောင်း ထိုငွေကို [illegible]သုံးလိုလျှင် သမ္မာအာဇီဝရသော ငွေဖြစ်သောကြောင့် အလှူဒါနပြု [illegible] ဒါမှမဟုတ် မိဘဆွေမျိုးညာတကာများကို ကန်တော့လျှင် အကျိုးရှိကြောင်း ပြောသည်။

ကိုမင်းသူနှင့် ပြန်ဆွေးနွေးရသည်။ ပထမကိစ္စကနေရာကိစ္စ။ ဒုတိယကိစ္စက မေးမည့်သူများ ဘယ်နေရာတွင် ဟောပြောနေသည်ကို အသိပေးဖို့ ကိစ္စ။ တတိယကိစ္စက နှုန်းထားဘယ်၍ဘယ်မျှ ယူရမည့်ကိစ္စ။

"ဒီမှာ ကိုမင်းသူ။ ကျွန်တော်တို့က ထိုင်နေအကောင်းသား။ ထသွားမှ ကျိုးမှန်းသိဆိုသလို မေးသူမလာဘဲ ငုတ်တုတ်ထိုင်ရတဲ့အဖြစ်ရောက်ရင် ပိုပြီးအရှက်ကွဲမယ်။ အဲဒီတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒီအတွက်တော့ ဘာမှမပူနဲ့။ ကိုလွင်ဦးက သဘောတူတယ်လို့ သာခေါင်းညိတ်။ ကျန်တဲ့ကိစ္စတွေကို ကျွန်တော် အကုန်လုံးလုပ်သွားမယ်"

"ရုံးကတစ်ဖက်နဲ့ဆိုတော့ အချိန်ဘယ်လိုလုပ်မလဲ"

"လောလောဆယ်တော့ စနေ၊ တနင်္ဂနွေနှစ်ရက်သာပေါ့။ နောက်ပိုင်း အခြေအနေကောင်းလာတော့လည်း အခြေအနေပေါ်ကြည့်ပြီး တစ်မျိုးစဉ်းစားရမှာပေါ့"

"ဖြစ်ပါ့မလားကိုမင်းသူရာ"

"ဖြစ်တာမှ ဟိုဘက်ကမ်းတောင် လွန်သွားမယ်"

ထိုသို့မှ လုပ်ငန်း စတင်ခဲ့သည်။

ဟောခနှုန်းမသတ်မှတ်။

ကျေနပ်မှု ရှိရင်ရှိသလို ပြင်ဆင်ထားသည့် ပွဲထဲသို့ထည့်သွားရ



www.burmeseclassic.com

www.burmeseclassic.com


မည်။ တစ်ဦးလျှင်နာရီဝက်၊ မိနစ်နှစ်ဆယ်ဟောမည်။ ဆယ်မိနစ်စိတ်ကြိုက်မေးနိုင်သည်။ အိမ်ထောင်ရေးကိစ္စ လုံးဝမဟော။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကို အဓိက ဦးတည်ချက်ထား၍ ဟောမည်။ ယတြာအတွက် အကျိုးဆောင်ခ၊ သီးသန့်ဉာဏ်ပူဇော်ခပေးရမည်။

စနေ၊ တနင်္ဂနွေနှစ်ရက်အနက် တစ်ရက်ရက် ဥပုသ်နေ့နှင့် တိုက်ဆိုင် လျှင် ထိုနေ့တွင်မဟော။ ဒါကကို မင်းသူ အကြမ်းဖျင်းတင်ပြသည့် အချက်အလက်များဖြစ်၏။ သူက ဘာမှမပြော သင့်သလိုကြည့်လုပ်ဖို့သာ ပြောလိုက်ရသည်။

စမ်းသပ်ကာလကို ခြောက်လ သတ်မှတ်သည်။ အလုပ်မဖြစ်လျှင်၊ မအောင်မြင်လျှင် သူတို့လုပ်ငန်းကို ရပ်မည်။ စေတနာရှင် ဆရာလေး၏ အလုပ်စခန်း။

"သင့်အခက်အခဲကို မနော စွမ်းအားနှင့် စေတနာရှင်ဆရာလေးက ဖြေရှင်းပေးမည်"

"ငွေကြေးအဓိကမဟုတ်၊ စေတနာသာအဓိက"

"တွေ့ဆုံပြီး ကျေနပ်မှု ဆန္ဒရှိမှ ကိုယ့်ဟာကိုယ် ဆုံးဖြတ်သည့် ဉာဏ်ပူဇော်ခပေးပါ"

စေတနာရှင်ဆရာလေး၏ စခန်းကြော်ငြာတွင် အထက်ပါစာကြောင်း သုံးကြောင်းသာ ဖော်ပြထားသည်။

စက္ကူအကောင်းစားနှင့် ရိုက်နှိပ်ထားသည့် ကြော်ငြာစာရွက်များကို ကိုလွင်ဦးထံ မေးဖူးသည့် ရုံးကအပေါင်းအသင်းများမှတစ်ဆင့် လက်ဆင့်ကမ်းလိုက်သည်။ အစီအစဉ်အားလုံးကို ကိုမင်းသူက ဦးဆောင်လှုပ်ရှားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဟောပြောမည့်နေရာတွင် ပြင်ဆင်ထားသည့် အုန်းပွဲမှာ မြိုင်ဆိုင်သည်။ ရန့်သင်းပျံ့သော စံပယ်ပန်းများထည့်ထားသည့် ပန်းကန်ပြားကြီးတစ်ချပ်ကို အုန်းပွဲတင်ထားသည့် ရှေ့၌ချပေးထားသည်။ ဉာဏ်ပူဇော်ခငွေများကို စံပယ်ပန်းကန်ပြားကြီးပေါ်သို့ ထည့်ပေးရသည်။

ကိုလွင်ဦးက ယောဂီဝတ်စုံနှင့်

ခေါင်းပေါင်းမှာ ရှမ်းခေါင်းပေါင်းပုံစံ။ သူ၏ ညာဘက်လက်လက်ကောက်ဝတ်တွင် မဟူရာအသွေးလက်နေသည့် ပုတီးတစ်ကုံး ပတ်ထားသည်။ ယောဂီဝတ်စုံမှာ သူနှင့် လိုက်ဖက်သည်။ သူ၏ ဖြူသော အသားအရည်ကို ပို၍ဝင်းပစေသည်။ သူ၏ ချောယဉ်သော ရုပ်ရည်ကို ပို၍သန့်စင် ကြည်လင်သွားစေသည်။

အကျိုးပေးတော့ အရာထင်သည်ဟု ဆိုရမည်သို့ တာထွက်ကောင်းခဲ့သည်။ တစ်ပတ်ထက်တစ်ပတ် မေးသူဦးရေ တိုးလာသည်။ စေတနာအလျှောက်ပေးထားသည့် ဉာဏ်ပူဇော်ခငွေမှာ ခေတ်ပြိုင်နာမည်ကြီးဗေဒင်၊ လက္ခဏာပညာရှင်များ သတ်မှတ်ယူနေသည့် နှုန်းထားထက် မလျော့သည့်အပြင် ထို့ထက်ပင် အပိုဆောင်းသည်။

သူ့ထံတစ်ကြိမ်ရောက်ဖူးသူများမှာ သူတို့ အိမ်သူသက်ထား သားသမီးများ၊ မိတ်ဆွေများနှင့် နောက်ထပ် တစ်ကြိမ် ရောက်စမြဲရှိကြသည်။ တစ်ပတ်ထက်တစ်ပတ် ပို၍ပို၍ လူများလာသည်။ သူပေးနိုင်သည့် ဟောပြောရက် နှစ်ရက်နှင့် မလုံမလောက် ဖြစ်လာသည်။

တစ်ပတ်ကို စာရင်းပေးပြီး စောင့်ရသည်အထိ စောင့်ရသည့် အခြေအနေသို့ ရောက်လာသည်။ တစ်ပတ်လျှင် နှစ်ရက်သာမျှသည်ကို မေးသူတွေက အားမလို အားမရ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ကူကူ မဟုတ်ဆိုသည်မျိုးကို အထင်ကြီးသည့် မြန်မာလူမျိုးတို့ စရိုက်အတိုင်း ခက်ပါသည်ဟုဆိုလေ ပို၍ တွေ့ချင်လေ ဖြစ်လာကြသည်။

အမေးအမြန်း ရောက်လာသူများကို ဧည့်ထောက်ခံရသည့် ကိုမင်းသူက အညွှန်းကောင်းသလို သူ၏ ပစ်ချက်ကလည်း သုံးချက်ပစ် နှစ်ချက်ထိဆိုသလို မေးမြန်းသူ၏ ဆန္ဒကို အပြည့်အ၀ မဟုတ်သည့်တိုင် ကျေနပ်မှုရှိအောင် ဖြည့်စွမ်းပေးနိုင်သည်။

ကိုမင်းသူက အပင့်အပို့ အတွန်းအတင် အချွန်အချွီးကောင်း သည်။ လွင်ဦးကို စောင့်ရှောက်နေသည့် ပုဂ္ဂိုလ်များ၏ ဘုရားထီးတော်တင် ပြီးရင် အဟောအပြော ရပ်မလိုလို ဆိုင်ရာ ပုဂ္ဂိုလ်များ လမ်းညွှန်မှု ဘယ်လို ပေးလာမည်ကို မသိသေး။

ဒါကြောင့် ခုထက်ထိ အလုပ်က မထွက်နိုင်ဘဲ လုပ်နေရ ကြောင်း၊ ညပိုင်းဘုရားတက်ပြီး ပုတီးဝတ်မပျက် လုပ်ရသည့် လုပ်ငန်း လည်းရှိနေကြောင်းကို စကားစပ်သလို ပြောသည့်ပုံစံဖြင့် ရှိုးပေးသည်က တစ်မျိုးဖြင့် ကိုယ့်လူကို ပို့ပေးသည်။

လွင်ဦးက ဗေဒင်ကို လိုမှတွက်သည်။ သူအားပြုတာက အင်္ဂလိပ်စာနှင့် လက္ခဏာအဟော။ ထိုင်ထိုင်ချင်း၊ အင်္ဂလိပ်စာနည်းဖြင့် နှစ် ချက်သုံးချက် ပစ်ထည့်လိုက်သည်။ မမြင်နိုင်သော နေရာမှာရှိသည့် မှဲ့ ဘယ်လိုပုံစံမျိုးတည် ရှိနေသည်ကို ဒက်ခနဲပြောလိုက်ရာ အမေးအမြန်း ရောက်လာသူမှာ မျက်လုံးပြူး၊ မျက်ဆံပြူး ပါးစပ်အဟောင်းသား ဖြစ်သွား ရသည်။

ခင်ပွန်းသည် ဒါမှမဟုတ် ဇနီးသည်နှင့် ဘယ်သို့ညာဇို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပြီဆိုရင် ဒက်ထိမဟုတ်သည့်တိုင် ဒက်ထိနည်းပါး မှန်ပါသည်ဟု ဝန်ခံရသည်မျိုး ရှိသွားသည်။ ပြီးတော့မှ လက်အနေအထား။

ဂြိုဟ်ခုံ၏ အနေအထား၊ ရေစာအနေအထား၊ အိမ်ထောင်ရေး လမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်း စသည့်လက်ဝါးပြင်ပေါ်က လမ်းကြောင်းအနေအထားများ၊ လက်မ၏အနေအထား၊ လေးထောင့် လက်၊ ဗျက်ကျယ်လက်၊ အတွေးအခေါ်လက်စသည့် လက်ဝါးပုံစံကို အကြမ်းဖျင်းကြည့် လိုက်ရုံနှင့် အတွေ့အကြုံ ရင့်ကျက်နေသူများမှာ ဒိုးခနဲ ဒေါက်ခနဲ ဟောလို့ရသည်။

ဗေဒင်တို့၊ လက္ခဏာတို့သဘောက ရှေ့ဖြစ်သာမမှန်ရှိမည်။ နောက်ဖြစ်နှင့် လက်ရှိကိုတော့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းလောက်မှန် အောင် အဟောထုတ်နိုင်သည့် သဘောရှိသည်။ ဟောသည့်ပညာရှင် တော်စွမ်းရင် တော်စွမ်းသလောက် အမှန်ဘက်ကို အလေးသာသည်။

တစ်ပတ်နှစ်ရက်၊ တစ်လ ရှစ်ရက် ဟောသည့်ဝင်ငွေကို တွက် ကြည့်လျှင် သူလက်ရှိရရှိနေသည့် လစာထက်၊ ခြောက်ဆလောက်ပိုသည်။ ဒါတောင် ပုံသေနှုန်းထား သတ်မှတ်ချက်မပေးဘဲ မေးမြန်းသူဆန္ဒ အလျောက် ပေးသွားသည့် ငွေကြေးနှင့် တွက်ချက်ခြင်းဖြစ်၏။

သည်လုပ်ငန်းနှင့် ကံလိုက်သည်၊ အပ်စပ်သည်ဟု ဆိုရမလား မသိ။ သူ၏အနေအထားမှာ အောင်မြင်မှုဘက်သို့ ဦးတည်နေသည်။ ကျော်သတင်း နာမည်လည်း ထွက်လာသည်။ ကိုမင်းသူက သူ့အတွက် ဝင်ငွေပေါ်မှ နှစ်ဆယ်ရာခိုင်နှုန်းသာ ယူသည်။

ဦးကြည်မောင်ကရော၊ ကိုမင်းသူကပါ အဟောအပြော လုပ်ငန်း ကို ဖောက်ချလုပ်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းလာသည်။ နေ့ပေးပင်စင်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆေးပင်စင်ယူ။ ဒါမှ အလုပ်ကထွက်၊ ဇောက်ချလုပ်ဖို့ အချိန်သင့် အခါသင့် ရှိနေပြီဖြစ်ကြောင်း ပြောဆိုလာသည်။ သူက မင့်မ်ရဲ ဖြစ်နေသည်။

ဘုရားပေါ် ပုတီးစိပ်ရင်း ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် သိကျွမ်းခင်မင်ခဲ့သည်။ ဂိုဏ်းဂဏအမည်ခံပြီး ပြချက်နှင့် ရိုက်စားလုပ်နေသူများအကြောင်းကိုလည်း အနည်းငယ်လေး သိလိုက်ရသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



[ ရှစ် ]

နေ့စဉ်နေ့တိုင်း ဘုရားပေါ် သို့တက်၍ ပုတီးစိပ်ခဲ့ရာမှ သူ့လိုပင် နေ့တိုင်းနေ့တိုင်း ဘုရားပေါ် ပုတီးတက်စိပ်သည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် နှင့် မျက်မှန်းတန်းမိခဲ့သည်။ ထိုမှ ပုတီးစိပ်ပြီး အိမ်မပြန်ခင် ခေတ္တနားနေ ချိန် စကားစမြည် ပြောဖြစ်ကြသည်။

အသက်ခုနစ်ဆယ့်ခြောက်နှစ်ဟု ဆိုသော်လည်း အရွယ်တင် သည်။ အသက်ခြောက်ဆယ်လောက်ပဲ ရှိလိမ့်မည်ဟု ခန့်မှန်းရအောင် ကျန်းမာရေးပြည့်စုံ၍ တောင့်တောင့်တင်းတင်းရှိသည်။ ဆံပင်ဖြူ ရောစွက် စေကာမူ အသားအရည်စိုပြည်သည်။ ကိုယ်လုံးကိုယ်ထည် တောင့်ဖြောင့် သည်။

ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ သန့်ပြန့်၍ အကောင်းစား အဝတ်အထည်များကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား သည်။ စကားပြော သိမ်မွေ့ညင်သာသည်။ အသားမည်းပြီး လေးထောင့် မျက်နှာနှင့် ဥပမိရုပ်မှာ သန့်ပြန့်သည်ဟု မဆိုသာသော်လည်း ကြည်လင် သည်။

www.burmeseclassic.com



ခင်မင်နှစ်လိုဖွယ်အသွင်အပြင် ပေါ်လွင်သည်။ စာရင်းစစ် အရာရှိကြီးတစ်ယောက်ဖြစ်၍ အငြိမ်းစား ယူပြီးကတည်းက ပြည်ပစာရင်း အင်းလုပ်ငန်းများ လုပ်နိုင်သည့် အခွင့်အလမ်းနှင့် လမ်းကြောင်းရှိပေမယ့် မလုပ်တော့ဘဲ ပုတီးစိပ်တရားထိုင်ခြင်းဖြင့် ဘဝခရီးလမ်းကြောင်းကို အေး အေးချမ်းချမ်း လျှောက်လှမ်းနေသော ပုဂ္ဂိုလ်ကြီးဖြစ်၏။

အခါအခွင့် သင့်သလို စကားပြောကြရင်းမှ တစ်ယောက် အကြောင်းတစ်ယောက် အကြမ်းဖျင်းသိရှိလာသည်။ ထိုပုဂ္ဂိုလ်ကြီး၏ အမည်မှာ ဦးသိန်းအေး။ အသက်လေးဆယ် အရွယ်လောက်ကတည်းက ဂိုဏ်းဂဏလုပ်ငန်းများကို လေ့လာလိုက်စားခဲ့သည်။

မဟာဒိဗ္ဗိဂိုဏ်းလုပ်ငန်းများနှင့် ဆက်နွယ်မှုရှိသလို ဂမ္ဘီရကျင့်ကြံ အားထုတ်မှုအပိုင်းနှင့်လည်း အတော်လေး ပွန်းတီးခဲ့ဟန်ရှိသည်။ ခေတ် ပေါ်ဂိုဏ်းတွေအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ပြောနိုင်သည်။ ဂန္ဓာရီဝိဇ္ဇာ ပညာလမ်းစဉ်မှာ ကျင့်စဉ်။ အဟောအပြော ဓာတ်ဆင်ဓာတ်ရိုက် ဆေးကု သမှု ဓာတ်စခန်းဖွင့် စသည့်များသည် ဂန္ဓာရီဝိဇ္ဇာပညာနှင့် မည်သို့မှ မသက်ဆိုင်။

ဂန္ဓာရီဝိဇ္ဇာပညာ ကျင့်စဉ်မှာ လောကီရေးနှင့် လုံးဝမနွယ်။ ကျင့် စဉ်အဆင့်မြင့်လာလေ လောကီရေးရာ ကိစ္စရပ်အထွေထွေနှင့်မစပ်ယှက်။ မပတ်သက်တော့ဘဲ အနေအထိုင် အပြောအဆို အပြုအမူ အကျင့်အကြံ အားလုံး ပြောင်းလဲသွားသည်။

အိမ်ထောင်သားမွေး အပျော်အပါး အထွေထွေနှင့် ကင်းဝေး အောင်နေသည်။ တပည့်မွေးဂိုဏ်းဖွဲ့ပြီး လူထုရှေ့ပ်ရာနေရာတွင် ဟန်ရေး ပြသည့်အလုပ်မျိုးကို လုံးဝမလုပ်။ မိမိ ဘယ်လောက်အထိ ပေါက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဆိုသည်ကို တစ်စုံတစ်ယောက်သောသူအား ပြောလေ့မရှိ။

လုံးဝလည်းမပြော။ မြို့ရိပ်ကိုမခို တောရိပ်ကိုခိုသည်။ အထက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ညွှန်ကြားရာသို့ သွားလာ လှည့်လည်၍ နေထိုင်ကျင့်ကြံအားထုတ်သည်။ ထိုသို့ ပေါက်ရောက်ရန်မှာလည်း အလွန်ခဲယဉ်းသည်။ တစ်သိန်းမှာတစ်ယောက် ထွန်းပေါက်ဖို့လည်း မလွယ်ကူ။

လမိုင်းကပ်သည်ကို အဟုတ်မှတ်ပြီး ဂိုဏ်းဆရာကြီးလုပ်၍ တပည့်တပန်းများ တရုန်းရုန်းနှင့် ပွဲထိုး၊ ဆေးထိုး၊ လက်ဝါးရိုက်ပြီး ဘယ်အဆင့် ဘယ်အဆင့်ဆိုသည်ကို ရော့ အင့် လုပ်ပြီး ပေးနေကြသည်။ စိတ်ကူးပေါက်သလို စီစဉ်ထားသည့် ဆေးပေါင်းအမျိုးမျိုးပေးပြီး ပယောဂဝေဒနာရှင်တွေကို ကုသခိုင်းနေကြသည်။

လူကျင့်ဝတ် ဖောက်ဖျက်ဖောက်ပြန်သည့် မယားငယ် လင်ငယ်ကိစ္စတွေနှင့် ရောထွေးယှက်တင်လုပ်နေကြသည်။ ဘယ်ပုဂ္ဂိုလ်နှင့် ဘဝဆက်ဘယ်လို ပတ်သက်နေသည် စသည်စသည်အမည်တွေ ဖော်ကျူးတပ်ဆင်ပေးနေသည်။ မိမိနှင့် ဘယ်လိုမှ မနှိုင်းယှဉ်သာအောင် မြင့်မြတ်သည့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများကို လာစေသွားစေ အမိန့်ပေးစေခိုင်းနေကြသည်။

"အဲတာပဲကြည့်တော့ မောင်လွင်ဦး။ သူတို့နဲ့ နတ်ကတော်နဲ့ ဘာကွာလို့လဲ။ နတ်ကတော်က မင်းကြီး၊ မင်းကလေးတို့ကို လာခဲ့စမ်းပြန်တော့လို့ အမိန့်ပေးစေခိုင်းနေသလို ဂိုဏ်းဆရာတွေကလည်း အထက်ပုဂ္ဂိုလ်ကျော်ကြီးတွေကို ခေါ်ပြီး ဘာပြောစမ်း၊ ညာပြောစမ်း ဆိုတာမျိုးကိုလည်း အားရဲလျှာရဲ ပြောနေကြတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချင်း ပြိုင်ကြသည်။ ဂိုဏ်းဆရာချင်း ပြိုင်ကြသည်။ ဂိုဏ်းတွေမှိုလိုပေါက်ဆိုသလို ပေါ်လာပြီး သူတို့ဂိုဏ်းကမှအမှန်။ ကျန်သည့်ဂိုဏ်းတွေက အကြံအဖန်ဆိုသည့် မပြောသင့်မပြောအပ်ရာများကို ပြောနေကြသလို ကိုယ့်ဂိုဏ်းဆရာကသာ အစွမ်းထက်သည်။ ကျန်သည့်ဂိုဏ်းဆရာတွေမှာ အပ်ချလောင်းတွေ ဆိုတာမျိုးပြောပြီး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အပုပ်ချသည်။ ဂန္ဓာရီပညာနှင့် မသက်ဆိုင်သော ရှုးကြောင်မူးကြောင်တွေ လုပ်ကြသည်။

လူအများစုက လောဘသမားတွေ စီးပွားရေးနှင့်ပတ်သက်လာရင် ဘနဖူးသိုက်တူးမည့်လူတွေ။ ဂိုဏ်းဆရာတွေထံ သူတို့ချဉ်းကပ်ကြသည်မှာ ကျင့်စဉ်၊ ကျင့်လမ်းတို့ကိုလိုချင်၍မဟုတ်။ သူတို့စီးပွားရေး လုပ်ငန်းတွေ အဆင်ပြေဖို့အတွက် ဘာလုပ်ပေးဖို့၊ ညာလုပ်ပေးဖို့ဆိုတာကို အဓိကထား ချဉ်းကပ်ကြသည်။

ဒါမျိုးတွေကို အဓိကထားပြီး လုပ်ပေးသူ ဂိုဏ်းဆရာတွေနာမည်ကြီးသည်။ တကယ်တော့ သူတို့လုပ်ပေး၍ ဖြစ်သည် မဟုတ်။ သူ့အကြောင်းနှင့်သူ လုပ်သည့်လုပ်ငန်း အပေါက်လမ်းတည့်ပြီး အောင်မြင်သွားခြင်းဖြစ်၏။ သူတို့ လုပ်ပေးတိုင်းသာ ဖြစ်မည်ဆိုလျှင် အားလုံးထားစရာမရှိအောင် ချမ်းသာကုန်ပြီပေါ့။

သူတို့မှာသာ လုပ်ပေးနိုင်သည့် အစွမ်းအစရှိလျှင် သူများအတွက် ဦးစားပေးပြီးလုပ်ပေးပါ့မလဲ။ ကိုယ့်အတွက် ဦးစားပေး လုပ်ကြမည်သာဖြစ်၏။ နဖူးစည်းအမျိုးမျိုးတပ်ပြီး ဘိုးတော်အမည်ခံ၍ ကိုယ့်အတွက် ဘော်တိုးဖို့ကိုသာ ပစ်မှတ်ထားပြီး လုပ်နေကြသည်။

"မောင်လွင်ဦး ဒါတွေကို လေ့လည်း မလေ့လာနဲ့။ ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မယုံနဲ့။ တို့မြန်မာလူမျိုးတွေမှာ အတုမရှိ ကိုးကွယ်ရာ ဗုဒ္ဓရှင်တော်မြတ်ကြီး ရှိပြီးသား။ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ပွားများရမည့် တရားဓမ္မရှိပြီးသား။ ဘယ်လိုပွားများအားထုတ်ရမည်ဆိုတာကို လမ်းညွှန်နည်းပေးပြသမယ့် ဆရာစစ်၊ သံဃာတော်အရှင်သူမြတ်တွေ ရှိပြီးသား။ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်တွေ ရှိပါလျက် သီလလေးတောင်မှပြည့်စုံမှုမရှိတဲ့ ဂိုဏ်းဆရာတွေ၊ ဘိုးတော်တွေ၊ ဟိုဒင်းဒီဒင်းတွေနောက် လိုက်နေရင် ဘာကံအကျိုးပေးမလဲ။ အဲဒါ ကိုယ့်ဟာ ကိုယ်တွက်။ အကုသိုလ်ကံပဲ အကျိုးပေးမှာပေါ့"

ကောင်းသော အလုပ်ဟူသမျှသည် ကုသိုလ်ကံ။ မကောင်းသော အလုပ်ဟူသမျှသည် အကုသိုလ်ကံ။ ကိုးကွယ်ရာသည် ဘုရား။ နာယူအားထုတ်ပွားများရာသည် တရား။ ဟောပြောပြသ ညွှန်ကြားဆရာသည် သံဃာ။

"ကျုပ်တို့မှာ ကိုးကွယ်ရာအစစ်၊ အားထားရာအစစ် ရတနာသုံးဖြာပြည့်စုံပြီး ရှိနေပါလျက်က ရေရေရာရာ မရှိတဲ့ ဂိုဏ်းတွေ နောက်ကို မလိုက်မိဖို့ အရေးကြီးသလို၊ ကုသိုလ်လောက်သာဖြစ်စေနိုင်တဲ့ ပုတီးလမ်းမဆုံးပဲ။ ဝိပဿနာ ဘာဝနာလမ်းကို တွဲစပ်လျှောက်လှမ်းဖို့လည်း အရေးကြီးတယ်။ မောင်လွင်ဦး ကျုပ်က ဆရာလုပ်တာတော့မဟုတ်ဘူးနော်။ ဓမ္မမိတ်ဆွေချင်း သတိပေးတဲ့ အနေနဲ့ ပြောရတာ။ မောင်လွင်ဦး ပုတီးစိပ်တာကို ကျုပ်သတိပြုမိတယ်။ အချိန် မှန်တယ်။ နေ့စဉ်ဝတ်မပျက်ဘူး။ ထိုင်ချိန်တစ်နာရီခွဲလောက်ရှိတယ်။ ပုတီးစိပ်ချိန်နဲ့ တရားထိုင်တဲ့အချိန်ကို တစ်ဝက်စီခွဲလိုက်။ မောင်လွင်ဦးအတွက် ပိုပြီး ထူးမြတ်တဲ့ အကျိုးသက်ရောက်မှု ရှိလာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းအေးက ပုတီးနှင့် လမ်းမဆုံးစေရန် စေတနာနှင့် သတိပေးစကားပြောခဲ့သည်။ ဘုရားပေါ်မှာ သူတို့နှစ်ယောက်အတွဲ မိသွားကြသည်။ နှစ်ဦးစလုံးဘုရားပေါ်ကို အချိန်ကိုက်ရောက်ကြသည်။ တစ်ဦးမရောက်၍ တစ်ဦးစောင့်ရသည့် အချိန်အတိုင်းအတာ အမြင့်ဆုံးမှာ ဆယ်မိနစ်ထက်မပို။

နေ့စဉ် စောင့်ရသည်မျိုးမရှိ။ နှစ်ယောက်အတူ ပုတီးစိပ်သည်။ နှစ်ယောက်အတူတရားထိုင်သည်။ ဦးသိန်းအေးနှင့် တွေ့ဆုံပြီးနောက် သူ၏ အခြေအနေမှာ ပို၍ တည်ငြိမ်ထိရောက်ထက်မြက်လာသည်။ သုံးလေးလအတွင်း သူ၏ နာမည်မှာပို၍ ဟိန်းထွက်လာသည်။

ဇိမ်ခံကား အမျိုးမျိုးနှင့်လာသူတွေ ပိုများလာသည်။ အကောင်းနှင့်အဆိုးမှာ ဒွန်တွဲစမြဲရှိသည်ဆိုသည့်အတိုင်း အကောင်းထင်လာချိန်တွင် အဖျက်ဝင်လာသည်။ အဖျက်ဝင်လာသည့်တိုင် ကိုယ်ကသာအဖျက်ကို ပျက်အောင်ဖျက်နိုင်လျှင် အဖျက်ဆိုသည်မှာ ကိုယ်နှင့်ဆက်၍ တွဲစပ်စရာအကြောင်း မရှိ။

လူတင်ပါလို့ နွားကျားကိုက်ဆိုသလို ကိုယ်ကပါသွားသောကြောင့် အဖျက်က ကိုယ့်အပေါ် လွှမ်းထင်သွားသည်ပါ။ ဒေါ်ခင်မေနု (ဝါ) မမနုနှင့် ဆုံတွေ့ပြီးသည့်နောက်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



[ ကိုး ]

ဒေါ်ခင်မေနု (ဝါ) မမနုမှာ သူ့ဆီသို့ လာနေကျ စိန်ပွဲစား ဒေါ်ခင်မမနှင့် ဆက်နွယ်ပတ်သက်ပြီး ရောက်လာသူဖြစ်၏။ ဒေါ်ခင်မမ က သူ့ကို အလွန်အမင်းယုံသည်။ သိန်းကြီးအရောင်းအဝယ်ရှိပြီဆိုလျှင် သူ့ဆီရောက်လာစမြဲ။ အရောင်းအဝယ်ကိစ္စအတွက် စကားသွားပြော သည့်အခါ ဝတ်ဆင်သွားရမည့် အဝတ်အစားအရောင်၊ ပန်သွားရမည့် ပန်း၊ သွားရမည့်အချိန်ကအစ သူညွှန် ကြားချက်အတိုင်း တစ်သဝေ မတိမ်း လုပ်သူဖြစ်၏။

ဒေါ်ခင်မမက သာမန်စိန်ပွဲစားမဟုတ်။ အထည်ကြီးတွေကိုင် သူ။ ခုနစ်သိန်းကျော်တန် ကိုယ်ပိုင်ကားနှင့် သွားလာလှုပ်ရှားနေသူ။ အထက်တန်းလွှာလောကနှင့် ဝင်ဆန့်ပြီး ဝယ်သူ အဆက်အသွယ်ကောင်း များကို လက်ကိုင်ထားနိုင်သူ။ စိန်ပွဲစားသက်လည်း ရင့်သည်။ လုပ်ငန်း ဆိုင်ရာ အပြောအဆို အထာလည်း ကျွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝယ်သူအကြိုက်တွေ့မည့် ပစ္စည်းမျိုးကိုလည်း ရှာဖွေပေးနိုင်သည်။ စိန်ပွဲစားလောကမှာ စိတ်ချယုံကြည်ရသူအဖြစ် အသိအမှတ်ပြုခံရသူလည်းဖြစ်သည်။ တကယ်တော့ သူနှင့်တွေ့မှ အလုပ်ဖြစ်လာသူမဟုတ်။

သို့တစေ သူနှင့်တွေ့ပြီးနောက် အလုပ်ပိုဖြစ်သည်ဟု ဒေါ်ခင်မမ ကိုယ်တိုင်က အလွန်အမင်း ယုံကြည်နေသည်။ ဒေါ်ခင်မမမှ တစ်ဆင့် သူထံခေါ်လာသူ ခြောက်ဦးရှိသည့်အနက် ဒေါ်ခင်မေနုမှာ နောက်ဆုံးခေါ်လာသူ ဖြစ်၏။ ဒေါ်ခင်မမ ခေါ်လာသူများမှာ အားလုံး ဂရိတ်စာရင်းဝင်တွေ။ နောက်ဆုံးပေါ် ကိုယ်ပိုင်ကားများကို ထည်လဲစီးနိုင်သူတွေ။

ကတော်ကြီးကြီးနှစ်ယောက်မှလွဲ၍ ကျန်လေးယောက်မှာ စီးပွားရေးနယ်ပယ်တွင် သိန်းကြီးဂဏန်းမြှုပ်နှံပြီး လုပ်ငန်းကြီးများ လုပ်ကိုင်နေသူများ ဖြစ်သည်။ သူတို့၏ စီးပွားရေးလုပ်ငန်းကိစ္စအတွက် အမေးအမြန်း ရောက်လာသည့်အခါ အပြန်တွင် ဖလားထဲသို့ သီးသန့်စာအိတ်ဖြင့် ထည့်ခဲ့သည့် ငွေကြေးပမာဏမှာ အနည်းဆုံး ရာတန်အသစ်သုံးရွက်အထက်မှာရှိသည်။

လုပ်ငန်းအောင်မြင်သည့်အခါ ကန်တော့ကြေးမှာ ထောင်ဂဏန်းစာရင်းပေါက်သည်။ ဒေါ်ခင်မမနှင့်တကွသော သူတို့အဖွဲ့ကိစ္စတွင် စနေ၊ တနင်္ဂနွေသာမဟုတ် ကားနှင့်အခေါ် လွှတ်သည့် ကြားနေ့များတွင်ပါ သူတို့နေထိုင်ရာ တိုက်ကြီးများပေါ် သို့အထိ သွားရောက်ဆောင်ရွက်ပေးရသည်။

ခု ဒေါ်ခင်မမက ဒေါ်ခင်မေနုနှင့် မိတ်ဆက်ပေးသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဣန္ဒြေဆောင်ထားသော ဝေ့ကာသီကာ အပြုံးဖြင့် ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်သည်။ ဒေါ်ခင်မေနု၏ခင်ပွန်း ဦးခင်ဖေကျော်မှာ စီးပွားရေး လုပ်ငန်းရှင်ကြီးများ အသိုင်းအဝိုင်းတွင် မသိသူမရှိသလောက်ဟု ဆိုရမည်အောင် ထင်ပေါ်ကျော်ဇောသူဖြစ်၏။

သွင်းကုန်ထုတ်ကုန်လိုင်စင်ခေတ် ကောင်းစားစဉ်ကတည်းက အလုပ်ဖြစ်အောင်မြင်ခဲ့သူဖြစ်သည်။ ထိုစဉ်အချိန်က နိုင်ငံခြားတိုင်းပြည်များသို့ထိအောင် ကူးကလန်ခတ်၍ စီးပွားရေးလုပ်ငန်းခွင် ချဲ့ထွင်ခဲ့သူလည်းဖြစ်သည်။ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်း ဦးခင်ဖေကျော်၏ စီးပွားရေးလုပ်ငန်းများ အပြောင်းအလဲဖြစ်ခဲ့သည်။ ဆူလွှယ်နပ်လွှယ် စီးပွားရေးခေတ်မဟုတ်တော့သည့်အတိုင်း ရင်းနှီးမြှုပ်နှံငွေများသော လုပ်ငန်းများဖြင့် စီးပွားရေးနယ်ပယ်တွင် ဆက်လက်ကျင်လည်ခဲ့ရသည်။

အရင်းအနှီးများသလောက် အကျိုးအမြတ်ကို ယခင်ကလို ပုံသေတွက်၍မရသလို အရှုံးစာရင်းပြသည့် အခါမျိုးလည်း ကြုံလာရသည်။ ဦးခင်ဖေကျော်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းနယ်ပယ်မှာ ခွင်အသစ်များ တီထွင်၍ လုပ်ကိုင်မြဲလုပ်ငန်းများကို တိုးချဲ့ခဲ့သည်။

ယခင်ကလို ရန်ကုန်နယ်ပယ်အတွင်းပိုင်းမှသာ ငြိမ်ငြိမ်သက်သက် လှုပ်ရှား၍မရတော့။ နယ်စပ်ဒေသများသို့အထိ ခရီးဆန့်ရသည်များရှိလာသည်။ ရန်ကုန်တွင်ရှိသည့်အခါတွင်လည်း လူနားပေမယ့် စိတ်မနားရ။ ဦးနှောက်ကို အမြဲတမ်းအလုပ်ပေးနေရသည်။

စီးကရက်ကို အလွန်အကျွံသောက်၍ အရက်သောက်မှု စံနှုန်းမှာလည်း မြင့်တက်လာသည်။ ကိုယ်ကာယပင်ပန်းမှုဒဏ်နှင့် ဉာဏ်ကစား



www.burmeseclassic.com

www.burmeseclassic.com



ရသည့် ဦးနှောက်အလုပ်ဒဏ် ပိုပိုးလာသည့်အလျောက် ပြင်းထန်သော နှလုံးရောဂါဝေဒနာကို ခံစားလာရသည်။

မလှုပ်မရှားဘဲ ငြိမ်သက်နေသည်မှာ နှစ်လကျော်ပြီ။ အရက်နှင့်စီးကရက်ကို လုံးဝဖြတ်ရမည်ဟု ပါရဂူဆရာဝန်ကြီးက ညွှန်ကြားသော်လည်း သူက စီးကရက်နှင့်အရက်ကို လျှော့ရုံသာလျှော့နိုင်ခဲ့သည်။

တချို့သော လုပ်ငန်းများကို သူ၏ ကိုယ်စား ဒေါ်ခင်မေနုက ဝင်ရောက်လှုပ်ရှားလုပ်ကိုင်ပေးရသည်။ ဒေါ်ခင်မေနုမှာ အပြင်ထွက်လှုပ်ရှားနေရသောကြောင့် အိမ်မှာ အချိန်ပြည့် မနေနိုင်သည့်အလျောက် ဦးခင်ဖေကျော်ကို အချိန်ပြည့် အနီးကပ်မကြည့်ရှုနိုင်။

ဦးခင်ဖေကျော်က အရက်၊ စီးကရက်ကို ပါးစပ်လျှော့ပဲ လျှော့ပြီး လက်တွေ့တွင် ဟုတ္တိပတ္တိမလျှော့။ စိတ်အလိုကို လိုက်ခဲ့သည်။ တစ်နေ့တွင် အိမ်သာခန်းမှအထွက် ခြေပစ်လက်ပစ် လဲကျသွားခဲ့ရာမှ မိသားစုဆရာဝန်ရောက်မလာမီ အသက်ပျောက်သွားသည်။

သူတို့မှာ သားသမီးမထွန်းကား။ ဒေါ်ခင်မေနုဘက်မှ တူမလေး တစ်ယောက်ကို အမွေစားအမွေခံအဖြစ် မွေးစားထားသည်။ ဦးခင်ဖေကျော် ကွယ်လွန်သွားချိန်တွင် တူမသမီးလေး မေသက်ကျော်မှာ တက္ကသိုလ်ဒုတိယနှစ် ကျောင်းသူလေး ဖြစ်နေပြီ။

ဒေါ်ခင်မမှုတစ်ဆင့် ဒေါ်ခင်မေနု ဆရာလေး ကိုလွင်ဦးထံသို့ ရောက်လာသည်မှာ လုပ်လက်စ စီးပွားရေးလုပ်ငန်းအကြောင်း မေးမြန်းရန်အတွက် ရောက်ရှိလာခြင်းဖြစ်၏။ ကိုလွင်ဦးက ဖြတ်ရမည့်လုပ်ငန်း၊ ဆက်လုပ်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ လုပ်ရမည့် ငွေရေးကြေးရေးကိစ္စများနှင့် ပတ်သက်ပြီး ဘာတွေ ဘယ်လို လုပ်ရမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဟောချက်ထုတ်ပေးခဲ့သည်။

ဒေါ်ခင်မေနုက ဒေါ်ခင်မမကို ဆရာလေးဟောချက် သိပ်မှန်သည့်အကြောင်းနှင့် သူတွေ့ဆုံ ဆက်ဆံနေရသူတွေထဲမှ သတိထားရမည့်သူတွေ အကြောင်းဟောပြောချက်မှာ တစ်ထပ်တည်း ကိုက်ညီကြောင်း ပြောပြဝန်ခံခဲ့သည်။ ဒေါ်ခင်မမကလည်း သူအားကိုးသမှု ပြုနေရသည့် ကိုလွင်ဦး သိက္ခာသမာဓိတည်ကြည်ပုံ၊ သမာဓိအာရုံ ထက်မြက်ပုံ ဘာဘာညာညာတွေပြော၍ ဆရာလေးအကြောင်းကို အမွှန်းတင်ပေးခဲ့သည်။

ထိုမှနောက် ဒေါ်ခင်မေနုမှာ ကိုလွင်ဦးထံသို့ မကြာခဏ ရောက်လာပြီး တရင်းတနှီး ဆက်ဆံမှုရှိလာသည်။ အိမ်ကို ပင့်ဖိတ်သည့်အဆင့်မှ စားသောက်ဆိုင်ကြီးများတွင် အတူတွဲထိုင် အတူတွဲစားဖြစ်လာကြသည်။ ဟိုဟို ဒီဒီ တွဲသွားတွဲလာ အခြေအနေသို့ ရောက်လာသည်။

ဒေါ်ခင်မေနုမှာ သားသမီးမမွေးဖွားရသည့်အလျောက် ပို၍ အရွယ်တင်သောကြောင့်တစ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံနေသည်ကတစ်ကြောင်း၊ ဝတ်စားဆင်ယင်မှုအပြင်အဆင် အခြယ်အသ အထုံအမွှမ်း ခေတ်မီသည်ကတစ်ကြောင်းတို့ကြောင့် အမြင်အသွင်မှာ ကြီးသည်ဟု မဆိုသာ။

အရပ်အမောင်း မြင့်ထည်သည်။ အရပ်အမောင်းနှင့် လိုက်ဖက်သည့် မပိန်မဝသော အလောတော်ကိုယ်လုံးကိုယ်ပေါက်မှာ ကြည့်ကောင်းသည်။ အသားဖြူဖြူ ရုပ်ရည်ကလှယဉ်ချော။ ယောကျ်ားသားတို့ မျက်ရည် တွဂ် စွဲထင်စေမည့် လှုပ်ရှားမှု ဟန်ပန်အပြည့်ထင်သည်။

ဦးခင်ဖေကျော်နှင့်တုန်းကတော့ သူတို့ ဇနီးမောင်နှံတွဲသွားလျှင် မလိုက်ဖက်သောအမြင် မကြည်လင်စရာ အသွင်ထင်သည်။ ဦးခင်ဖေ



www.burmeseclassic.com

www.burmeseclassic.com


ကျော်က ပုပုအိုင့်အိုင့်အမည်းဘက်သို့ အလေးသာသည်ဟု ဆိုရမည် အောင်ညှိရင့်သည်။ နဂိုနေ မျက်နှာပေါက်မဆိုးသော်လည်း အရက်ခိုးပြန် နေစမြဲ ရှိသောကြောင့် ကြည့်မကောင်း။

အများအမြင် မလိုက်ဖက်သောအတွဲ။ ရှေ့သွားနောက်လိုက် မညီသောအတွဲ။ ကိုလွင်ဦးနှင့်ကျတော့ ရှေ့သွားနောက်လိုက် ညီရုံသာ မဟုတ်။ သမင်လည်ပြန်ကြည့်ရသည့်အတွဲ ဖြစ်လာသည်။ သို့တစေ သူတို့ နှစ်ယောက်မှာ ဟိုနှယ်သည်နှယ် ပြောစရာမဖြစ်အောင် ယောက်ယက် ခတ်သွားလာခြင်း မျိုးမရှိ။ ထိန်းထိန်းသိမ်းသိမ်း သွားလာနေထိုင်ကြ သည်။

ဦးခင်ဖေကျော် ကွယ်လွန်ပြီး တစ်နှစ်ကျော် ကာလအထိ သူတို့ နှစ်ယောက်စလုံးက ရင်တွင်းဖြစ်ဝေဒနာကို မဖွင့်အံကြသေး။ နားလည်မှု ကို အဆင့်မကျော်အောင် ထိန်းသိမ်းနေကြဆဲ။ သူတို့နှစ်ယောက်ကြားမှာ အခြားပြဿနာ မရှိသော်လည်း ပြောစရာရှိနေသည်မှာ အချိန်ကာလ။

ဒါကလည်း သူ့ဘက်ကမဟုတ်။ ဒေါ်ခင်မေနုဘက်က။ တစ်ပင် လဲ၍ တစ်ပင်ထူသည်မှာ အပြစ်တင်စရာ အပြစ်မြင်စရာ မဟုတ်စေကာမူ အချိန်ကာလ စောလွန်းနေသောကြောင့် ဒေါ်ခင်မေနု၏ အသိုင်းအဝိုင်း ဘက်ကရော ဦးခင်ဖေကျော်၏ အသိုင်းအဝိုင်းဘက်ကပါ ဝေဖန်ပြစ်တင် စကားဆိုလာမည်ကို ရွံ့နေသည်။

နောက်တစ်ကြောင်းက ကိုလွင်ဦးမှာ သူ့ထက်အသက်အရွယ် ငယ်နေသည့်အပြင် သူတို့လို အထက်တန်းလွှာ အသိုင်းအဝိုင်းက မဟုတ် သည်ကိုလည်း ထည့်သွင်းစဉ်းစားနေရသည်။ ဘွဲ့ရပြီးသား အလုပ်အကိုင် အတည်တကျရှိသူတစ်ယောက် ဖြစ်သော်လည်း သူတို့ အသိုင်းအဝိုင်းနှင့် တန်းတူရည်တူ အဆင့်အနေမျိုး မရှိသည်ကလည်း သူတို့နှစ်ယောက်ကြား


www.burmeseclassic.com

www.burmeseclassic.com


တွင် အတားအဆီးသဖွယ် ဖြစ်နေသည်။

တကယ်တမ်းဆိုရပါမူ ကိုလွင်ဦးက ဒေါ်ခင်မေနုအပေါ် စိတ်ဝင်စားသည်ထက် ဒေါ်ခင်မေနုက ကိုလွင်ဦးအပေါ် စိတ်ဝင်စားမှုက သာလွန်သည်ဟု ဆိုရမည်ပါ။ ယင်းကိစ္စနှင့် ပတ်သက်၍ ကိုလွင်ဦးနှင့် အနီးကပ်ဆုံးနေထိုင်ဆက်နွယ်မှုမရှိကြသည့် ကိုမင်းသူနှင့် ဦးကြည်မောင်တို့နှစ်ယောက်၏ သဘောထားမှာမူ အရှေ့နှင့် အနောက်သို့နှယ် ကွဲပြားခြားနားမှု ရှိနေသည်။

ကိုမင်းသူက ဒေါ်ခင်မေနုနှင့် လက်တွဲဖို့ကိစ္စကို တွန်းအားပေးနေသည်။ မုဆိုးမနှင့် တစ်ခုလပ် ကြားခံပြဿနာအကြောင်း ပေါ်စရာမရှိ။ တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးဆိုသည့် ဆုံးဖြတ်ချက်ရှိထားရင်တော့ ထိုကိစ္စကို ဆက်ရန်ရှိသေးသည် လုပ်စရာမလို။

အိမ်ထောင်ရေးကိစ္စကို ရာသက်ပန်အဆုံးအဖြတ်မျိုး ရှိမထားရင်တော့ ဒေါ်ခင်မေနုမှတစ်ပါး အခြားသောသူများကို ရည်မှန်းချက်ထဲ ထည့်သွင်းစဉ်းစားရန်မလို။ အမြန်ဆုံး ထိုကိစ္စဖြစ်မြောက်ရေးကို ဦးတည်ချက်ထားရမည်ဟု တွန်းအားပေးခဲ့သည်။

ဦးကြည်မောင်၏ သဘောထားမှာမူ ကိုမင်းသူ၏ သဘောထားနှင့် ဖီလာဆန့်ကျင်သည်။ ဒေါ်ခင်မေနုနှင့် အိမ်ထောင်ပြုသည်ဆိုလျှင် ကိုယ်က မသာ၊ ကိုယ်ကသာ နာမည်။

ပထမဆုံး ပတ်ဝန်းကျင်မှ သိုက်တူးသမား အမည်တပ်၍ အမနာပ အပြောအဆို ရှိလာသည်များကို ခါးစီးခံရမည်။ ဒီတစ်ချက်တည်းနှင့် ကိုယ့်ရဲ့သိက္ခာ အဖတ်ဆည်မရအောင် ကျဆင်းသွားမည်။

ဒုတိယ ဒေါ်ခင်မေနု၏ ထားရာနေ စေရာသွား အရှုံးသမားဖြစ်


www.burmeseclassic.com

www.burmeseclassic.com


မည်။ ကိုယ်က လွှမ်းမိုးသည်ထက် သူ၏ လွှမ်းမိုးမှုကို ကိုယ်ကခံရမည်။ တတိယ သူတို့အသိုင်းအဝိုင်းကြားမှာ ကိုယ်က ခေါင်းမော့ လက်မထောင်နိုင်သူမဖြစ်နိုင်။ စတုတ္ထ ကြာရှည်လက်တွဲရမည့် အိမ်ထောင်ဖက် မဖြစ်ဖို့ဘက်က အလေးသာသည်။

ပထမအိမ်ထောင်နှင့် ပြဿနာပေါ်သလို ဒုတိယအိမ်ထောင်ဖက်နှင့်လည်း ပြဿနာပေါ်စရာ လမ်းကြောင်းတွေ အများကြီး ရှိလာနိုင်သည်။ စသည် စသည် အခြေခံအကြောင်းများကို ပြောပြတားမြစ်သည်။ သူကခဲမှန်ဖူးသည့် စာသူငယ်။ သည်တစ်ခါ မှန်မည့်ခဲမှာ သေးသေးကွေးကွေးခဲမဟုတ်။ ဒါကိုတော့ သတိပြုမိသည်။

သို့တစေ ထိုပြဿနာထဲသို့ ကြားဝင်လာသူ ပွဲစားရှိလာသည်။ စိန်ပွဲစားဒေါ်ခင်မမက သည်တစ်ခါတော့ လူပွဲစားအသွင်ပြောင်းသွားသည်။ ပွဲစားတို့၏ အထာအတိုင်း အလျှော်၊ အပင့်၊ အတွန်း၊ အပို့များဖြင့် သူတို့နှစ်ယောက်၏ နီးစပ်မှုကို ဖန်တီးပေးသည်။

သူ့သဘောနှင့်သူတော့ ဟုတ်ဟန်မတူ။ ဒေါ်ခင်မမနှင့် ကိုမင်းသူတို့နှစ်ယောက် ရှေ့နောက်ညှပ်၍ လျှော်ခတ်ပေးခဲ့ရာ ထိပ်လျှော်နှင့်ပဲကိုင်တို့၏ အလျှော်အထိန်း ကျွမ်းသည့်နောက်သို့ ကိုလွင်ဦးမှာ မြောပါခဲ့ရသည်။

ဒေါ်ခင်မေနု (ဝါ) နုနုကြီး၏ ဒုတိယခင်ပွန်းသည်အဖြစ် ကျယ်ဝန်းသောခြံကြီးထဲမှ ခံ့ထည်ခမ်းနားသောတိုက်ကြီးပေါ်သို့ ရောက်ခဲ့ရသူ ကိုလွင်ဦးမှာ ပထမဆုံး နုနုကြီး၏ အမိန့်အတိုင်း လမ်းကြောင်းသစ် ဖွင့်လိုက်ရသည်။ အလုပ်မှ နှုတ်ထွက်လိုက်ရခြင်း။

ဒုတိယဖွင့်လိုက်ရသည့် လမ်းကြောင်းသစ်မှာ နာမည်အသစ်


www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ကကြိုးကလက် ပြောင်းလိုက်ရခြင်း။ သိဒ္ဓိရှင် မင်းဇော်ထက်။ ဂမ္ဘီရ ဝေဒပညာရှင်။ တတိယပြောင်းလိုက်ရသည့် လမ်းကြောင်းမှာ ရိုးရိုးဝေဒ ပညာရှင်အဖြစ်မှ ဂိုဏ်းဆရာအသွင်ကို ပြောင်းလိုက်ရခြင်း။ သူ၏ ဟောခန်းပုံစံကို ယနေ့ခေတ်စားနေသည့် ဓာတ်စခန်းအသွင်သို့။

ဟိတ်ဟန်ထည်ဝင့်သည့် ပြရုပ်ကြီးတွေရှေ့တွင် ထိုင်မိသူမှာ ရင်မခုန် ရင်မတုန်သည့်တိုင် ကြက်သီးမွေးညင်းတော့ ထကောင်းထသွားရ သည်။ အများအားဖြင့် သူ့ရှေ့မှောက် ရောက်လာသူများမှာ အမျိုးသား ထက် အမျိုးသမီးဦးရေ များပြားသည့်အလျောက် ဟိတ်ဟန်အရှိန်အဝါ ကြောင့် သူ၏ စူးစူးစိုက်စိုက် အကြည့်ကို ခံနိုင်ရည် မရှိကြ။

လက်ညှိုးငေါက်ငေါက်ထိုးပြီး ဟုတ်တယ် မဟုတ်လား မေးလိုက် လျှင် မဟုတ်သည်ကိုပင် ဟုတ် ဟုတ် ဟုတ်ပါသည်ဟု ဝန်ခံ ခေါင်းညိတ် လိုက်ရသည်။

အဟောအပြောကလည်း အသင့်အတင့်၊ နေရာအနေအထားက ထည်ထည်ဝင့်ဝင့်။ ပြရုပ်အပြင်အဆင်က ခမ်းခမ်းနားနား။ လူပုံဟန်က ခန့်ခန့်ချောချောရှိဘိသော သိဒ္ဓိရှင် (ဝါ) အလုံးစုံပြီးမြောက်နေသူ ဆရာ မင်းဇော်ထက်မှာ ရိုက်ချင်သလိုရိုက်၊ စားချင်သလိုစား ဖြစ်နေသည်။ အောင်မြင်နေသည်။

သူ့ကို ဂမ္ဘီရဗေဒပညာရှင် သိဒ္ဓိရှင် မင်းဇော်ထက်ဖြစ်လာအောင် လမ်းကြောင်းတည်ထွင်ပေးသူမှာ ကိုမင်းသူ။ ပံ့ပိုးပေးသူမှာ ဒေါ်ခင်မေနု။ ကိုလွင်ဦးနှင့် ဒေါ်ခင်မေနုတို့မှာ အကြင်လင်မယား အရာရောက်နေပြီဖြစ် သော်လည်း အပြင်လောကတွင် ကြေညာမောင်းမခတ် အများအမြင် လင် မယားအသွင် မနေကြ။ တိတ်တခိုး နားလည်မှု လင်မယားအသွင်ဖြင့်သာ


www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ကြသည်။

ဤသို့ နားလည်မှုနှင့် နေထိုင်စခန်းသွားခဲ့သောကြောင့် ဒေါ်ခင်မေနုအတွက် သူတို့အသိုင်းအဝိုင်း ကြားထဲမှာ မျက်နှာအထားရမခက်သလို အိမ်ထောင်သားမွေးမပြုဘဲ ကျင့်စဉ်စခန်းဝင်နေသည့် သိဒ္ဓိရှင်ဆရာလေးလည်း ဂုဏ်သိက္ခာပို၍မြင့်တက်သွားသည်။

မည်သို့ပင်ရှိစေ။ သိဒ္ဓိရှင် ဆရာလေး၏ ဝင်ငွေမှာ အတက်ဘက်ကို ပြနေသလို ဘဝပြည့်စုံမှုမှာ အထွတ်အထိပ်သို့ ရောက်နေပြီ။ သူ၏ဘဝမှာ လိုအပ်တာ မရှိသလောက်ဟု ဆိုရမည်သို့တိုင်အောင် ပြည့်စုံနေသည်။ ဒါပေသည့်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



[ တစ်ဆယ် ]

ဒုတိယကမ္ဘာစစ်မဖြစ်မီက ဂန္ဓာရီဝိဇ္ဇာပညာနှင့် ဆက်နွယ်သော ဂိုဏ်း ကြီးတစ်ဂိုဏ်း ရှိခဲ့သည်။ ဝင်းဂိုဏ်း။ ပွဲထိုးလက်ဝါးရိုက်ဆေးထိုးပေးပြီး ဖြစ်စေသတည်းမျိုးဖြင့် ဂိုဏ်းဝင်ဂိုဏ်းတက်၍မရ။ ဂိုဏ်းစည်းကမ်းကြီး သည်။ ဂိုဏ်းဝင်ရာတွင် လိုက်နာပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းခက်ခဲ သည်။

ဂိုဏ်းဝင်မည့် ပုဂ္ဂိုလ်များကို အန္တိမဆရာများက ကံငါးပါးလုံခြုံ အောင် ထိန်းသိမ်းနိုင်မှု၊ သီလဆောက်တည်မှု ကျင့်ကြံအားထုတ်မှု၊ ဂိုဏ်း စည်းကမ်းလိုက်နာနိုင်မှု စသည်များကို အထပ်ထပ်အခါခါ စစ်ကြော သည်။ ဂိုဏ်းဝင်ရန် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှသာ ဂိုဏ်းဝင် ဂိုဏ်းတက်စခန်း ဝင်ခွင့်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသူကင်းဝေးသည့် မြေပြန့်နေရာတွင် ရာဇမတ်ဝင်းကာပြီး ထောင့်လေးထောင့်၌ ငှက်ပျောလေးပင် စိုက်ရသည်။ ရာဇမတ်အကာအရံကို စည်းချမန္တန်ဖြင့် စည်းချရသည်။ ပြီးတော့မှ ဝါးစင်ဖြင့် ပွဲထိုးရသည်။ ထိုပွဲရှေ့တွင် ပွဲတက်ဂိုဏ်းသား အကျင့်စခန်းဝင်မည့်နေရာကို စည်းဝိုင်းချရသည်။

ပွဲတက်ဂိုဏ်းသားက ပိတ်ဖြူစင်ကြယ်ဝတ်၍ ထိုစည်းဝိုင်းအတွင်း၌ထိုင်ပြီး ကိုးရက်အဓိဋ္ဌာန် ပုတီးစိပ်ရသည်။ အန္တိမဆရာက လိုအပ်သည်များကို ညွှန်ကြားပြသ၍ ကြီးကြပ်ပေးရသည်။ အသေးစိတ်လုပ်ဆောင်ချက်များကိုမူ ဖော်မပြတော့ပါ။

ဂိုဏ်းဝင်ခြင်း အစသည်ပင် မလွယ်ကူပါ။ အန္တိမဆရာအဆင့်အတွက် ကျင့်စဉ်စခန်းဝင်ရသည့် လုပ်ဆောင်ချက်များမှာ ထိုထက်ပင်ပို၍ ခက်ခဲနက်နဲပါသည်။ ဝင်းဂိုဏ်းကို မြန်မာဆေးဆရာများ အများဆုံးဝင်ကြသည်။ သာမန် ပုဂ္ဂိုလ်လူများ အဝင်နည်းကြသည်။

မြန်မာဆေးဆရာများမှာ ဝင်းဂိုဏ်းဝင်၍ ဂိုဏ်းတက်ကြသည့်အတွက် ဆေးဝါးကုသရာတွင် ပို၍ထိရောက်မှုရှိသည်ဟု ယုံကြည်ကြသည်။ သီလ၊ သမာဓိထက်မြက်မှုကြောင့် ဆေးစွမ်းလည်း ထက်သည်။

ဝင်းဂိုဏ်းဝင် ပုဂ္ဂိုလ်များက အပေါအပြောမလုပ်။ စီးပွားရေးလုပ်ငန်းများနှင့်မရောထွေး။ မယှက်နွယ်။ အိမ်ထောင်ရေးပြဿနာ အထွေထွေကိစ္စများတွင် လုံးဝမပါ။ ထိုသို့သော အရှုပ်အထွေးကိစ္စများနှင့် ကင်းအောင်နေသည်။

သူတစ်ပါးအကျိုးပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေမည့်လုပ်ဆောင်ချက်များကို လုံးဝမလုပ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပေါ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းများနှင့် လားလားမှမတူ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပေါ်လာသော ဂိုဏ်းများမှာ ကနဦးအစတွင် သန့်စင်သည်။ သန့်ရှင်းသည်။ ကျင့်စဉ်ကို သာ အလေးထားသည်။

လုပ်ငန်းပိုင်းဆိုင်ရာတွင် အကြံအဖန်မပါ။ အမှန်အကန်ကိုသာ လုပ်သည်။ နောက်ပိုင်းမှာတော့ ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလို မဟုတ်မဟတ် လုပ်ဇာတ်တီထွင်သူများ၏ ကွန်ချက် ဖြန့်ရာ ဖြစ်လာ သည်။

အမှန်အကန်ထက် အကြံအဖန်တွေများလာသည်။ ပြကွက်တွေ လုပ်ကွက်တွေ တီထွင်ဖန်တီးလာကြသည်။ အကြားအမြင်အဟော။ ဓာတ်စီးအပြော။ ဆေးဝါးစီရင်ချင်ခြင်း အထာသဘော။ စသည်များကို ဂိုဏ်း၏ အဓိကလုပ်ငန်းအသွင်ဆောင်၍ သူ့ထက်ငါဦး တပည့်တပန်းတွေ စုဆောင်းပြီး အုပ်စုဖွဲ့ကြသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေသော အကြံအဖန် လုပ်ငန်းများထဲသို့ ရောထွေး ယှက်တင် ပါလာသည်အထိ စည်းဘောင်တွေ ကျော်လွန်လာကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက လျစ်လျူရှုထား ၍မရတော့သော အခြေအနေသို့တိုင် ရောက်ရှိလာကြသည်။

ထို့ကြောင့် ဘိုးတော်အမည်ခံ၍ ဘော်တိုးရေးကို အဓိကထားပြီး အရှုပ်အထွေး ဇာတ်အိမ်ဖွဲ့လာကြသူများကို အုတ်ရိုးအတွင်းဘက်သို့ ပို့ ဆောင်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

သူများတွေကို ဘာဘာညာညာ အကြားအမြင် အဟောအပြော လုပ်နေကြသည့် ဘိုးတော်များမှာ ကိုယ့်အကြောင်းကျတော့ အကြား အမြင် မရဘူးထင်ပါ။ ရှောင်တိမ်းချိန်လေးသော်မှ မရဘဲ ပင့်ဖိတ်သူများ



www.burmeseclassic.com

www.burmeseclassic.com


နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြရသည်။

ဘိုးတော်လောကမှာ နောက်ဆုံးပေါ်လာပြီး လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သည့် ဘိုးတော်တစ်ဦးပင်လျှင် အုတ်ရိုးအတွင်းလူအဖြစ်သို့ ရောက်သွားခဲ့သည်။ မေးချင်သည့်မေးခွန်းကိုရေးပြီး စာအိတ်နှင့်ထည့်၍ သူ့လက်ထဲပေးလိုက်။ သူက စာအိတ်ကိုမဖွင့်ဘဲ လက်ဝါးရိုက်ပြီး ပြန်ပေး လိုက်မည်။

စာအိတ်ကိုဖွင့်ပြီး စာရွက်ကိုပြန်ကြည့်။ မေးခွန်းအောက်မှာ အဖြေရေးပြီးသား ပါလာမည်။ သူ၏ သမထအစွမ်းကို အဲဒီလောက်အထိ အမွှမ်းတင် ပြောဆိုကြသည်။ သူကလည်း ခေသူမဟုတ်။ ဘိုးတော်ခေတ် တစ်ခေတ်ကို ဆန်းသစ်ခဲ့သူ။ ဘိုးတော်တင်ဦးဟူသော နာမည်တစ်လုံး ဟိန်းထွက်ကျော်စောလာစဉ် အချိန်က သူ့ထက်အရင်ပေါ် သမ္မာရင့်ဘိုး တော်တွေအားလုံး နောက်ကောကျ ကုန်ကြသည်။ သူမှသူဟူ၍ ဖြစ်လာ သည်။

စာရွက်ထဲ မေးခွန်းကို ဖွင့်မကြည့်ဘဲ ချက်ချင်းအဖြေထုတ်ပေး နိုင်ပါသည်ဆိုသော ဘိုးတော်ကြီးမှာ ကိုယ့်ရှေ့ဖြစ်အကြောင်းကို အဖြေ ထုတ်မကြည့်မိလို့လား ဒါမှမဟုတ် သူများအကြောင်းကိုသာ ပြောနိုင်ပြီး ကိုယ့်ရှေ့ဖြစ်အကြောင်းကို ကိုယ့်ဟာကိုယ် မပြောနိုင်လို့လား။ မသိလို့ လား။ ကိုယ့်အား ဖမ်းဆီးတော့မည်ကိုပင်မသိဘဲ တခြားဘိုးတော်တွေ ပါကုန်ပြီဆိုသည့်သတင်း ထွက်လာတော့မှ အပြေးအလွှား အရှောင် အတိမ်းလုပ်ရသည်။

သို့တစေ နောက်ဆုံးတွင် နေရာမှန်ကိုသာ ရောက်သွားခဲ့သည်။ ထိုအချိန်ကစ၍ ဘိုးတော်ခေတ် ငုတ်လျှိုးသွားသည်။ ယနေ့ ပြန်လည်


www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လာသည်။ ဒါပေသည့် ယခင်ကလို ဘိုးတော်အမည်ခံအစား သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဆရာလေး ဆရာကြီး အမည်သစ်များဖြင့် အသွင်တစ်မျိုးပြောင်းလဲခဲ့သော်လည်း ရိုက်စားလုပ်နည်းလုပ်ဟန်နှင့် အလှည့်အပတ်ဖန်တီးချက်များ မှာမူ ယခင်အတိုင်းသာပင်။

တကယ်တော့ အလှည့်အပတ် အသွင်အမျိုးမျိုးဖြင့် ခေတ်သစ်နေအေးတွေ ပေါ်ပေါက်နေသည်မှာ အလိမ်ခံမည့်သူတွေ တန်းစီ၍ အဆင်သင့် စောင့်နေကြသောကြောင့် ဖြစ်၏။ ရှင်တော်ဗုဒ္ဓ၏ အကြောင်းအကျိုးတရား ဖြစ်မှုပျက်မှုတရား လမ်းကြောင်းမှန်ကြီးရှိပါလျက် ဖန်တီးရှင်တန်ခိုးရှင်ဖြစ်စေသတည်း။

ဆရာ အတုအယောင်သမားများနောက်သို့ တမ်းတမ်းစွဲ လိုက်နေလို့ကတော့ အချိန်ကုန်လူပန်းပြီး ပိုးသာကုန်မောင်ပုံစောင်းမတတ် အဖြစ်မျိုးနှင့် ဒက်ထိတိုးလိမ့်မည်မှတစ်ပါး အခြားမရှိပါ။ သူတို့ကတော့ သူတို့တီထွင်ဖန်တီးထားသည့်လမ်းကြောင်းအတိုင်း ဆည်ဝကစောင့်သည့် ဗျိုင်းများသို့နှယ် ရှိနေပါလိမ့်မည်။ သူတို့၏ အစာမဖြစ်အောင် ရှောင်ရမည်မှာ ကိုယ့်တာဝန်။

အကြံအဖန်နှင့် အမှန်အကန်ဆိုသည်မှာ နေရာတိုင်းတွင် ရှိစမြဲ။ အရွေးတတ်လျှင် ကိုယ့်ဆီကမပါ။ အရွေးမတတ်လျှင် ကိုယ့်ဆီကပါလိမ့်မည်။ အမှန်အကန်သမား တကယ်ကျင့်ကြံအားထုတ်နေသည့် ပုဂ္ဂိုလ်မှာ လူသိမခံ။ အကြံအဖန်သမားများကမူ လူသိများအောင် ထင်ပေါ်ကျော်ကြားအောင် အုပ်စုဖွဲ့၍ တပည့်တပန်းများနှင့် အထာဖွင့်ကြသည်။

သီလစောင့်တည်မှု၊ သမာဓိထူထောင်မှု၊ ကိုယ့်ကျင့်ကြံမှာ ထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းမှုကို ဆန်းစစ်ကြည့်ရုံနှင့် သိနိုင်ရာ၏။ နာရီတွေကများ၊ အချိန်မှန်နိုင်ပါ့မလား ဆိုရိုးစကားနှင့်အညီ ဘိုးတော်တွေ၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တွေကများ အမှန်အကန် ဖြစ်နိုင်ပါ့မလား။

ခေတ်ပေါ် ဆိုရိုးစကားနှင့်အညီ ရွေးနိုင်လွန်းပါမှ အလိမ်ခံရသူအဖြစ်မှ လွတ်ကင်းပါလိမ့်မည်တည်း။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးမှာ စန်းပွင့်ခဲ့သည်။ စန်းကလေးမဟုတ်။ စန်းကြီးပွင့်ခဲ့သည်။ ထိုစန်းကို ရာဟုသံဒေါင်စီးလာအောင် လုပ်ခဲ့သူမှာလည်း လွင်ဦးပင်ဖြစ်၏။ သိဒ္ဓိရှင်ဆရာလေးအမည်ခံ၍ ပြကွက်ကြွယ်ကြွယ် ဟိတ်ဟန်ထည်ထည်ဖြင့် ဓာတ်စခန်းဖွင့်၍ အကြံအဖန် လုပ်ကွက်များနှင့် ငြိမ့်ညောနေပြီ။

သူနှင့် ဒေါ်ခင်မေနုတို့မှာ အများအမြင်တွင် သူစိမ်းပြင်ပြင်အသွင်ဆောင်ယူထားသော်လည်း အများမမြင်သာသည့် ညချမ်းအချိန်များတွင်မူ မမနှင့် မောင်လေးတို့၏ ဇာတ်ဝင်ခန်းမှာ ဘယ်လိုရှိလိမ့်မည်ကို စာဖတ်သူများ သရီးဒိုင်မေးရှင်းမျက်မှန်တပ်၍ ကြည့်လိုက်ကြပါကုန်။

သူတို့နှစ်ယောက်စလုံးက နူးပြီးနပ်ပြီးသားတွေ။ အထာသဘောရင့်ပြီးသားတွေ။ ဝါယာရှော့ဖြစ်ရင် မီးတောက်တတ်သလို သူတို့နှစ်ယောက်လည်း ဝါယာရှော့ဖြစ်ကြသည်။ နှစ်နှစ်နီးပါးကာလသို့ တိုင်ခဲ့ပြီ။ မောင်လေးက မမနုကို မှီသည်။ မမနုက မောင်လေးကို ချီသည်။ မောင်လေးက မှီရသည်ကို ငြီးငွေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှီရဖန်များတော့ ချီသူဖြစ်ချင်လာသည်။ မေသက်ကျော်၊ တစ်အိမ်တည်းအတူနေကြသမို့ နီးစပ်မှုကလည်း ရှိနေသည်။ မေသက်ကျော်က အစိမ်း။ လွင်ဦးက အကျက်။

သူက ကွန်ပစ်ကျွမ်းသူ။ ငါးပွက်ရာကို ငါးစာ ဘယ်လိုချရမည်ကို နှောကျေသူ။ ဒီတော့လည်း ဘာခက်တာမှတ်လို့ဟု ဆိုရမည်သို့အောင် သူ့အတွက်တော့ လွယ်လွယ်ကူကူပင်။ သူတို့နှစ်ယောက် ဟန်းနီးမွန်းခရီး သစ်ထွက်ခဲ့ကြသည်။ ယမ်းပုံမီးကျ ဒေါ်သူပုန်ထ၍ တက်တစ်ခေါက် ခေါက်ဖြစ်၍ ကျွန်ရစ်ခဲ့ရသူမှာ မမနု။

ဒီလောက်တောင် အလိုလိုက် အကြိုက်အမျိုးမျိုးပေးပြီး အခဲ့စား နေနိုင်သွားနိုင်အောင် ဖန်တီးပေးထားပါလျက် ဒီလိုမျိုးထိအောင် သစ္စာမဲ့ရ ပါ့မလားဟု ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။ သူစိမ်းတစ်ရံဆံနှင့်ဆို သည်းခံ ခွင့်လွှတ်နိုင်ဖွယ်ရာ ရှိသော်လည်း ခုဟာက တစ်အိမ်တည်းအတူနေသည့် တူမမွေးစားသမီးကိုမှ ချိုင်ရက်လေခြင်းဟု ယူကြုံးမရ ဖြစ်နေရသည်။

ဒီလောက်တောင်မှပဲ ဟိုဒင်းသရမ်းရလေသလားဟု ဒေါ်မာန်ရှ ပြီး တွေ့ကြသေးတာပေါ့ လွင်ဦးရယ်ဟု ကြုံးဝါးလိုက်သည်။ အချစ်ကြီး တော့ အမျက်ကြီးသည် ဆိုရိုးစကားအတိုင်း စိတ်လိုက်မာန်ပါ လုပ်လိုက် သည်။

ဒေါ်ခင်မမက စိတ်လိုက်မာန်ပါလုပ်ရင် ကျော်မကောင်းကြားမ ကောင်း ဟိုးလေးတကျော်ဖြစ်ကုန်ရင် ကိုယ့်ဘက်ကသာ သိက္ခာကျမည် အထိ နာမည်ဖြစ်ကြောင်း တိုးတိုးတိတ်တိတ်နည်းလမ်းကို အသုံးပြုပြီး မေသက်ကျော်ကို ကိုယ့်လက်ထဲ ပြန်ရောက်ရေးအတွက် အမိကထားပြီး လုပ်ရမည်ဖြစ်ကြောင်း၊ ပြီးတော့မှ လွင်ဦးကို အပြီးအပိုင် ပေါ်ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လမ်းဘေးကိုပို့ထိုက်ရင် ကိုစွအားလုံးပြီးမြတ်သွားမှာဖြစ်ကြောင်း၊ နောက်ပိုင်းသူ့ကို ဘယ်လိုနည်းနှင့် သိက္ခာချမလည်း နည်းလမ်းတွေ အများကြီးရှိသည့်အကြောင်း ပြော၍ စိတ်လိုက်မာန်ပါ မလုပ်မိအောင် ထိန်းသိမ်းဖို့ တားမြစ်ခဲ့သည်။

ဒေါ်ခင်မေနုက ဘယ်လိုမှ လက်မခံ။ လမ်းဘေးနှင့်ရောက်သွားရုံဖြင့် မကျေနပ်နိုင်။ လွင်ဦးရောက်ရမည့်နေရာမှာ ထောင်မှတစ်ပါး အခြားမရှိဟု ဆုံးဖြတ်လိုက်သည်။

ဒ်င်းအရှက်တစ်ကွဲ အကျိုးနည်းဖြစ်ပြီး ထောင်ထဲရောက်စေရမည်။ ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်သည်။

တူမ သမီးကို ဖြားယောင်းသွေးဆောင်ပြီး မီးခံသေတ္တာသော့ကို ရအောင်ယူ၍ စိန်ရွှေရတနာတချို့နှင့် ငွေရှစ်သောင်းကျော်ကို ယူသွားရုံမက တူမသမီးကိုပါ သူနှင့်အတူ အပါခေါ် ဆောင်သွားကြောင်း ယူသွားသည့်ပစ္စည်းစာရင်းကို ဖော်ပြ၍ တိုင်ချက်ဖွင့်လိုက်သည်။

ရဲစခန်းက ပထမသတင်းပေး တိုင်ချက်မှတ်တမ်း ယူထားလိုက်သည်။ ရဲစခန်းတွင် တိုင်ချက်ဖွင့်ပြီးသည်နှင့် ဆိုင်ရာပိုင်ရာ နိုင်ရာပုဂ္ဂိုလ်နှင့် ကိုမင်းသူကို ကိုင်လိုက်သည်။ ဘလိုင်းတော့မကိုင်။ သည်းခြေကြိုက်မက်လုံးပြပြီး ကိုင်လိုက်သည်။ လွင်ဦးကိစ္စဟူသမျှတွင် အညာနေရာမှပါရသူ မင်းသူ။ ခုကိစ္စမှာလည်း မင်းသူ ပါသည်ကို သေချာပေါက်တွက်လို့ရသည့်အတိုင်း အပိုင်ကိုင်လိုက်ခြင်း ဖြစ်၏။

မင်းသူကို သည်ကိစ္စထဲမှာ ရောထွေးမပါချင်ရင်ဆိုသော ခြောက်လုံးနှင့် တစ်ဖက်က မက်မက်မင်ရှိစရာ မက်လုံးကိုပါ ပြလိုက်သော ကြောင့် သူတို့နှစ်ယောက်ရှိမည်ဆိုသော နေရာကို ဒက်ခနဲသိ လိုက်သည်။


www.burmeseclassic.com

လိုက်ရမည့်နေရာမှာ သုံးနေရာတည်းသာ။

ဒေါ်ခင်မေနုက မူလတိုင်ချက်ဖွင့်ထားသည့် ရဲစခန်းကို အကြောင်းကြားပြီး ရဲစခန်းမှ လိုက်ပါမည့် ရဲများကို သူမကားနှင့် ခေါ်ပြီး လိုက်ကြသည်။ ကိုမင်းသူပြောလိုက်သည့် ပထမနေရာ တောင်ငူက မြို့နယ်လေးမှာ မတွေ့ရ။ နယ်မြေခံ ရဲအကူအညီဖြင့် သူတို့ တည်းခိုသွားသည့်အိမ်ကို စစ်ဆေးလိုက်သည့်အခါ မနေ့က နေ့လယ်ဘက်တွင် ထွက်သွားကြကြောင်း ထွက်ဆိုသည်။

ဒုတိယနေရာသို့ လိုက်ကြသည်။ ကျောက်ဆည်က ကိုမင်းသူ၏ ဦးလေးအိမ်မှာ ပက်ပင်းသွားတိုးသည်။ သိဒ္ဓိရှင်ဆရာ မင်းဇော်ထက်အဖြစ် မဟူရာအသွေးထင်သည့် စိပ်ပုတီး အမြဲပတ်ထားလေ့ရှိသည့် လွင်ဦး၏ လက်ကောက်ဝတ်မှာ ဘော်ငွေရောင် လက်ထိတ်ကွင်းနှင့် မိတ်ဆက်ပြီး သားဖြစ်သွားသည်။

ဒေါ်ခင်မေနုနှင့်အတူ ပြန်လည်လိုက်ပါသွားရသည့် မေသက်ကျော်၏ထွက်ချက်ကို ဒေါ်ခင်မေနုက သူမလိုချင်သည့်လမ်းကြောင်းအတိုင်း ပုံဖော်ပေးခဲ့သည်။ လွင်ဦးဘက်က ရပ်တည်ပေးမည့်သူ၊ အမှုကိစ္စတွင် ပါဝင်ဆောင်ရွက်ပေးမည့်သူ တစ်ယောက်မှမရှိ။

ဒေါ်ခင်မေနုက ငွေလမ်းခင်းပြီး လိုက်ခဲ့သည်။ အမိက သက်သေနှစ်ဦးဖြစ်သည့် မေသက်ကျော်နှင့် ကိုမင်းသူတို့၏ ထွက်ချက်မှာ တိကျသည်။ ခိုင်လုံသည်။ ပြည့်စုံသည်။

အမိက သက်သေနှစ်ဦး၏ ထွက်ချက်ကို ထောက်ခံထွက်ဆိုသည့် လိုပြသက်သေများ၏ ထွက်ဆိုချက်မှာ ကလိမ်ကကျစ် လုပ်ဇာတ်အမျိုးမျိုးထွင်ပြီး လိမ်လည်ခဲ့သူ၊ ရှုရှိဖိုးတွမ်တီးခေါ် မဟာလူလိမ်ကြီး တစ်

www.burmeseclassic.com

ယောက်ဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ပေါ်လွင်ထင်ရှားစေခဲ့သည်။

အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့စဉ်ကာလက မမှန်မကန်လုပ်ခဲ့မှုကြောင့် ဌာနဆိုင်ရာ၏ အရေးယူမှုခံခဲ့ရပုံကိုပါ ထွက်ဆိုခဲ့သည်။ တရားဥပဒေသည် မမှန်မကန်လုပ်သည့် အကြံအဖန်သမားတို့အပေါ် သက်ညှာ၍မရ။ ပြစ်မှုထင်ရှားလျှင် အပြစ်ပေးခံရမည်သာ ဖြစ်သည့်အတိုင်း ဥပဒေ၏ အဆုံးအမကို ခံယူလိုက်ရသည်။

အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်။

✣ ✣ ✣

BURMESE CLASSIC



www.burmeseclassic.com